ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်၊ တနင်္လာနေ့။ Monday, 16 September 2019 ၉၇၇၄

**ကုသိုလ်ကောင်းမှုလျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှန့်နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင်ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

# ၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့အခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား






နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ အထိမ်းအမှတ်အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြစဉ်။

နေပြည်တော် စက်တင်ဘာ ၁၅

**၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့(International Day of Democracy 2019) အထိမ်းအမှတ်အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ သဘင်ဆောင်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ တက်ရောက်၍ မိန့်ခွန်းပြောကြားကြသည်။**

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ဧည့်သည်တော်များသည် သဘင်ဆောင်အတွင်း၌ ခင်းကျင်းပြသထားသည့် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ အထိမ်းအမှတ်အခမ်းအနားများ၊ မြန်မာလွှတ်တော်နှစ်ပတ်လည်နေ့ အခမ်းအနားများ၊ လွှတ်တော်တွင် ကတိသစ္စာပြုမှုများ၊ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ၏ ဧည့်သည်လက်ခံတွေ့ဆုံမှု၊ လွှတ်တော်ပူးပေါင်းကော်မတီ အစည်းအဝေးများ၊ လွှတ်တော်ရေးရာကော်မတီအစည်းအဝေးများ၊ ATPA အစည်းအဝေးတက်ရောက်မှုများ၊ IPU အစည်းအဝေး တက်ရောက်မှုများ၊ မြန်မာလွှတ်တော်အဆောက်အဦများ၊ မြန်မာလွှတ်တော်နာယက၊ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ၏ မှတ်တမ်းဓာတ်ပုံများ၊ လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့၏ ပြည်ပခရီးစဉ်များ၊ ဧည့်သည်တော်မှတ်တမ်းလက်မှတ်ရေးထိုးမှုများ၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**

**ကြေးမုံ ယနေ့ ဖတ်စရာ**

## မြန်မာနိုင်ငံတွင် ပုဂ္ဂလိကသူနာပြု သင်တန်းကျောင်းလေးခု ဖွင့်လှစ်ရန်စီစဉ်

စာမျက်နှာ ၂

## ကမ္ဘာ့ရော်ဘာတင်ပို့မှုအများဆုံးနိုင်ငံ ထိုင်းနိုင်ငံဖြစ်လာဟုဆို

စာမျက်နှာ ၁၃

## ရန်ကုန်မြို့ အမှိုက်စွန့်ပစ်မှုပြဿနာနှင့် ပတ်သက်၍ စကားဝိုင်းဆွေးနွေး

စာမျက်နှာ ၁၈

C B BANK
Best Corporate & Investment Bank
2019 (Asia Money)
Contact Center : 01-231 777 0

ကြေးမုံ

# မွန်မြတ်သည့်ဒီမိုကရေစီစံနှုန်းများမြှင့်တင်

၂၀၀၇ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပသော (၆၂)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၌ ကုလသမဂ္ဂအဖွဲ့ကြီးက ဒီမိုကရေစီကြေညာစာတမ်းထုတ်ပြန်ခဲ့သည့် ၁၉၉၇ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့ကို ဂုဏ်ပြုသည့်အနေဖြင့် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အဖြစ် နှစ်စဉ်ကျင်းပနေခြင်းဖြစ်သည်။

ဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးလျက်ရှိသည့် အချုပ်အခြာအာဏာပိုင်နိုင်ငံများအား ဂုဏ်ပြုရန်၊ အုပ်ချုပ်ရေး အစိုးရအဖွဲ့များအနေဖြင့် ဒီမိုကရေစီကျင့်စဉ်များကို အားပေးမြှင့်တင်နိုင်ရန်၊ ပြည်သူများအကြား ဒီမိုကရေစီစိတ်ဓာတ် အစဉ်ရှင်သန်နိုးကြားကြစေရန်၊ ဒီမိုကရေစီကျင့်စဉ်ပြုပြင်ပြောင်းလဲမှုများ နောင်အနာဂတ်ကာလတွင်ပါ အစဉ်အမြဲ လုပ်ဆောင်နိုင်ကြစေရန်၊ ဒီမိုကရေစီလူ့ဘောင်အဖွဲ့အစည်းကို မြှင့်တင်ရန်၊ နိုင်ငံရေးနယ်ပယ်မှ လူငယ်များပူးပေါင်းဆောင်ရွက်မှုဖြင့် မြှင့်တင်နိုင်ရန်၊ ဒီမိုကရေစီစနစ်တွင် ပြည်သူလူထုက ပူးပေါင်းပါဝင်လာရန်နှင့် နိုင်ငံတကာတွင် ဒီမိုကရေစီစနစ်ကို ပိုမိုကျင့်သုံးလာစေရန် ရည်ရွယ်၍ နိုင်ငံတကာပါလီမန်များအဖွဲ့က ကျင်းပခဲ့ခြင်းဖြစ်သည်။

နိုင်ငံတကာပါလီမန်များအဖွဲ့သည် ဒီမိုကရေစီစနစ်ကို ကျင့်သုံးသောနိုင်ငံများတွင် ပိုမိုခိုင်မာလာအောင် အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံသည် ပါလီမန်ဒီမိုကရေစီစနစ်ကို လွတ်လပ်ရေးရပြီးသည်နှင့် စတင်အကောင်အထည်ဖော်ခဲ့ပြီး ၁၉၅၇ ခုနှစ်မှ ၁၉၆၃ ခုနှစ်အထိ နိုင်ငံတကာပါလီမန်များအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့သည်။ ပူပူနွေးနွေးမြန်မာ့ဒီမိုကရေစီသည် ၁၉၆၂ ခုနှစ်မှစ၍ အုပ်ချုပ်ရေးစနစ် ပြောင်းလဲမှုကြောင့် စလယ်ဝင်ဖင်မည်းခင်က ကွဲချက်နှင့်ကြုံခဲ့ရသည်။ မြန်မာနိုင်ငံတွင် ရာစုနှစ်တစ်ဝက်နီးပါး ဒီမိုကရေစီဆိတ်သုဉ်းခဲ့ပြီး အာဏာရှင်စနစ်အမြစ်တွယ်ခဲ့သည်။

၂၀၁၀ ပြည့်နှစ်တွင် ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်း ပြန်လည်၍ ရောက်ရှိပြီးနောက် ပြည်ထောင်စုလွှတ်တော်သည် ၂၀၁၂ ခုနှစ် ဧပြီလ ၅ ရက်နေ့တွင် နိုင်ငံတကာပါလီမန်များအဖွဲ့တွင် အဖွဲ့ဝင်နိုင်ငံ ပြန်လည်ဖြစ်လာခဲ့သည်။ ကမ္ဘာပေါ်ရှိ နိုင်ငံများအားလုံးနီးပါးသည် ဒီမိုကရေစီစနစ်ကို လက်ခံယုံကြည်ကြသလို ကျင့်သုံးလျက်ရှိကြသည်။ နိုင်ငံတကာပါလီမန်များအဖွဲ့ဝင် နိုင်ငံပေါင်း ၁၇၉ နိုင်ငံရှိပြီး မိတ်ဖက်အဖွဲ့ဝင် ၁၂ နိုင်ငံ ရှိသဖြင့် ဒီမိုကရေစီစနစ်ကို နိုင်ငံတိုင်း၊ နိုင်ငံတိုင်းက ယုံကြည်လက်ခံသည်ကို တွေ့ရသည်။

တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းဟူသော လောကပါလတရားများသည် ဒီမိုကရေစီစနစ်တွင် ပါဝင်သဖြင့် ကမ္ဘာ့နိုင်ငံများက လက်ခံခြင်းဖြစ်သည်။ ဒီမိုကရေစီစနစ်တွင် အရေးကြီးဆုံးအချက်မှာ အချုပ်အခြာအာဏာ၏ မူလပိုင်ရှင်သည် ပြည်သူလူထုဖြစ်သည်ကို အသိအမှတ်ပြုထားပြီး အစိုးရက ပြည်သူ့ဆန္ဒကို အကောင်အထည်ဖော်နေခြင်းဖြစ်သည်ဟု အလေးအနက်ခံယူထားသည်။ ဒီမိုကရေစီစနစ်သည် မိမိတို့ကိုယ်တိုင် လိုက်နာကျင့်သုံးရမည့်စနစ်ဖြစ်ပြီး လူ့အခွင့်အရေးကို လေးစားခြင်း၊ တရားဥပဒေစိုးမိုးခြင်း၊ ကျားမတန်းတူညီမျှခြင်း စသည့် အခြေခံမူများကို လေးစားလိုက်နာ၍ ကျင့်ကြံနေထိုင်မှသာ အနာဂတ်ဒီမိုကရေစီစနစ်ကို ပိုမိုရှင်သန်ဖွံ့ဖြိုးစေနိုင်ပြီး ပူးပေါင်းကာကွယ်စောင့်ရှောက်ရာလည်း ရောက်မည်ဖြစ်သည်။

သို့ဖြစ်ရာ လောကပါလတရားနှင့်အညီ လိုက်နာကျင့်သုံးရမည်ဖြစ်သော ဒီမိုကရေစီစနစ်ကို နိုင်ငံအများတွင် ကျင့်သုံးနေပြီဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းဖြတ်သန်းမှုကာလတိုတောင်းသေးသည်မှန်သော်လည်း ဒီမိုကရေစီစံနှုန်းများ၊ ဒီမိုကရေစီကျင့်စဉ်များ၊ အလေ့အထများ ပိုမိုရှင်သန်ထွန်းကားစေရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# မြန်မာနိုင်ငံတွင် ပုဂ္ဂလိကသူနာပြုသင်တန်းကျောင်းလေးခု ဖွင့်လှစ်ရန်စီစဉ်

**ရန်ကုန် စက်တင်ဘာ ၁၅**

မြန်မာနိုင်ငံတွင် သူနာပြုနှင့် သားဖွား လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ပုဂ္ဂလိကသူနာပြုသင်တန်းကျောင်း လေးကျောင်း ဖွင့်လှစ်သွားရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်း မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီဥက္ကဋ္ဌ ဒေါ်နွဲ့နွဲ့ခင်က ပြောသည်။



သူနာပြုတက္ကသိုလ် (ရန်ကုန် )ကိုတွေ့ရစဉ်

### စီစဉ်ဆောင်ရွက်နေ

"ကျွန်မတို့နိုင်ငံမှာ လက်ရှိတာဝန်ထမ်းဆောင်နေတဲ့ သူနာပြုက ၁၀၀၀၀ ကျော်ရှိတယ်။ သားဖွားကတော့ ၁၅၀၀၀ လောက်ရှိပါတယ်။ နိုင်ငံရဲ့သူနာပြု၊ သားဖွားလိုအပ်ချက်က ၆၀၀၀၀ လောက်ရှိပါတယ်။ ဒါကြောင့်မို့ ဝန်ကြီးဌာနက နှစ်စဉ်သူနာပြု၊ သားဖွားခေါ်ယူမှုကို ၂၀၁၇ ခုနှစ်က သူနာပြု၊ သားဖွားခေါ်ယူမှု ၁၈၀၀ ရှိရာမှ ၂၀၁၈ ခုနှစ်မှာ ၃၆၀၀ ခေါ်ယူခဲ့ပါတယ်။ ၂၀၁၉ ခုနှစ်မှာလည်း အယောက် ၃၆၀၀ ခေါ်ယူသွားဖို့ စီစဉ်နေပါတယ်။ ဒီလိုတစ်နှစ်တစ်နှစ် တိုးမြှင့်ခေါ်ယူသွားမှာဖြစ်လို့ သုံးနှစ်လေးနှစ်အတွင်းမှာ လိုအပ်ချက် ပြည့်မီသွားမှာ ဖြစ်ပါတယ်။ ဒီလိုအပ်ချက်ကိုပြည့်မီနိုင်ဖို့ ပုဂ္ဂလိက သင်တန်းကျောင်း လေးခုကိုလည်း ဖွင့်လှစ်သွားဖို့ စီစဉ်ဆောင်ရွက်နေပြီ ဖြစ်ပါတယ်"ဟု ဒေါ်နွဲ့နွဲ့ခင်က ပြောသည်။

မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီ ပထမအကြိမ် နှစ်ပတ်လည်အစည်းအဝေးကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ဗိုလ်ချုပ်လမ်းရှိ သူနာပြုတက္ကသိုလ်၌ ကျင်းပစဉ် သူနာပြုနှင့် သားဖွားကောင်စီဥက္ကဋ္ဌ ဒေါ်နွဲ့နွဲ့ခင်က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

### ဖွင့်လှစ်မည်

မြန်မာနိုင်ငံတွင် ပုဂ္ဂလိကသူနာပြု၊ သားဖွား သင်တန်းကျောင်းအဖြစ် ဖွင့်လှစ်သွားရန် စီစဉ်ဆောင်ရွက်နေသော ကျောင်းများမှာ ပင်လုံဆေးရုံအုပ်စု၊ ရှင်ဆန္ဒာဓိက ရွှေပါရမီသင်တန်းကျောင်း၊ ဝိတိုရိယသင်တန်းကျောင်းနှင့် မန္တလေးမြို့ရှိ ပုဂ္ဂလိကဆေးရုံအဖွဲ့က ဖွင့်လှစ်မည့် သင်တန်းကျောင်းတို့ဖြစ်သည်။

### သင်ကြားရေးပုံစံတင်ပြထား

ယခုအခါ အဆိုပါ ပုဂ္ဂလိကသူနာပြု၊ သားဖွားသင်တန်းကျောင်း လေးခုကို မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီကလိုအပ်သော ဆရာအရည်အချင်း၊ သင်ရိုးညွှန်းတမ်း၊ သင်ကြားရေးပုံစံများကို စစ်ဆေးပြီးဖြစ်ကြောင်း၊ ဝန်ကြီးဌာနသို့ တင်ပြထားပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် အစိုးရ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း ၅၀ ရှိပြီး သူနာပြုတက္ကသိုလ်နှစ်ခုရှိကြောင်း၊ သို့သော်လည်း နှစ်စဉ် မွေးထုတ်ပေးနိုင်မှုမှာ နည်းပါးနေခြင်းကြောင့် ပုဂ္ဂလိကကျောင်းများ ဖွင့်လှစ်သွားရန် စီစဉ်ခြင်းဖြစ်ကြောင်း သိရသည်။ **မြင့်မောင်စိုး**

# မြောင်းမြ၌ ကင်ဆာရောဂါများ အခမဲ့စစ်ဆေးကုသပေး

**မြောင်းမြ စက်တင်ဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ မိုးကုတ်ဓမ္မရိပ်သာ ရွှေသာလျောင်းဘုရားကြီးဝင်းအတွင်း၌ ရွှေရောင်နှင်းဆီကင်ဆာဖောင်ဒေးရှင်း၊ မြောင်းမြခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာသန်းမင်းထွဋ်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ ကရုဏာရှင်လူငယ်များ ပရဟိတအဖွဲ့နှင့် ရွှေဥဒေါင်းရွှေဆိုင်တို့ပူးပေါင်း၍ ကင်ဆာလူနာများ၊ ကင်ဆာသံသယလူနာများ၊ ရင်သားအကျိတ်၊ သားအိမ်ရောဂါ၊ အကြောအဆစ်ရောဂါများ အခမဲ့စစ်ဆေးပေးခြင်းနှင့် ကုသပေးခြင်းတို့ကို စက်တင်ဘာ ၁၄ ရက် နံနက် ၇ နာရီမှစတင်၍ လက်ခံကုသပေးလျက်ရှိရာ စက်တင်ဘာ ၁၅ ရက်အထိ လူနာ ၇၀၀ ကျော် ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။



စစ်ဆေးကုသပေးမည့်ရောဂါများမှာ ရင်သားစမ်းသပ်နည်း သင်ပေးခြင်း၊ စမ်းသပ်စစ်ဆေးပေးခြင်း၊ သားအိမ်ခေါင်းစမ်းသပ်စစ်ဆေးခြင်းနှင့် လိုအပ်သူများကို (Cryotheraphy) ဖြင့် ကုသပေးခြင်း၊ ခံတွင်းစမ်းသပ်စစ်ဆေးပေးခြင်း၊ ကင်ဆာရောဂါအထူးကုဆရာဝန်ကြီးများ၊ အထွေထွေရောဂါ အထူးကုဆရာဝန်ကြီးများနှင့်တွေ့ဆုံစေပြီး ဓာတ်မှန်ဆရာဝန်ကြီးနှင့် Ultrasound ရိုက်ခြင်း၊ လိုအပ်သူများကို ECG ရိုက်ခြင်း၊ အသည်းရောင်ဘီပိုးနှင့် သွေးချိုစစ်ပေးခြင်း၊ အကြောအဆစ်ကုသပေးခြင်းတို့ကို အခမဲ့စစ်ဆေးကုသပေးခဲ့ကြောင်း သိရသည်။

"ကျွန်မတို့က ရွှေရောင်နှင်းဆီကင်ဆာဖောင်ဒေးရှင်းက ကင်ဆာနဲ့ပတ်သက်တဲ့ရောဂါတွေကို အခမဲ့စစ်ဆေးကုသပေးတယ်ဆိုလို့ လာရောက်စစ်ဆေးကုသတာဖြစ်ပါတယ်။ အခုလို မိုးတွင်းရာသီ အခက်အခဲဖြစ်တဲ့အချိန်မှာ ရောဂါဝေဒနာတွေကို လာရောက်စစ်ဆေးကုသပေးတဲ့အတွက် ကျွန်မတို့လို မရှိတဲ့ တောသူတောင်သားတွေအဖို့ အထူးပဲဝမ်းသာပါတယ်" ဟု စစ်ဆေးမှုခံယူသူတစ်ဦးက ပြောသည်။ **စန္ဒာမိုး (ပြန်/ဆက်)**

## စစ်တောင်းမြစ်ရေ အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၁၅**

ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်ထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း တစ်ပေခွဲခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**မိုး/ဇလ**

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror
၁၉၅၇ ဧပြီ ၁၈ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

✻ ရှေ့ဖုံးမှ

၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ အထိမ်းအမှတ်ပြိုင်ပွဲဆုရ ကဗျာ၊ စာစီစာကုံးနှင့် ပန်းချီများ၊ လွှတ်တော်ရေးရာကော်မတီများအလိုက် ကွင်းဆင်းစိစစ်ဆောင်ရွက်မှုများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများအတွက် စွမ်းရည်မြှင့်တင်ရေးဆိုင်ရာ ဆောင်ရွက်မှုများ၊ မြန်မာလွှတ်တော်သို့ လာရောက်လေ့လာမှုများ၊ ၂၀၁၇-၂၀၁၈ ခုနှစ်အတွင်း ပြုလုပ်ကျင်းပခဲ့သော လွှတ်တော်အထောက်အကူပြုဟောပြောပွဲများ၊ ဖက်ဒရယ်နိုင်ငံများဖိုရမ်က စီစဉ်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ခရီးစဉ်များ၊ ဖက်ဒရယ်နိုင်ငံများဖိုရမ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များ ပူးပေါင်းကျင်းပခဲ့သည့် ဖက်ဒရယ်စနစ်ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲများ၊ ဖက်ဒရယ်နိုင်ငံများဖိုရမ်နှင့် ပြည်ထောင်စုလွှတ်တော်တို့အကြား ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က ဒီမိုကရေစီနေ့အထိမ်းအမှတ် မိန့်ခွန်းပြောကြားသည်။ **(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ဒီမိုကရေစီနေ့ အထိမ်းအမှတ်မိန့်ခွန်းအား စာမျက်နှာ(၅)တွင် ဖော်ပြထားပါသည်။)**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဒီမိုကရေစီနေ့ အထိမ်းအမှတ် မိန့်ခွန်းပြောကြားသည်။ **(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ဒီမိုကရေစီနေ့ အထိမ်းအမှတ်မိန့်ခွန်းအား စာမျက်နှာ (၆)တွင် ဖော်ပြထားပါသည်။)**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ဧည့်သည်တော်များ သဘင်ဆောင်အတွင်း၌ ခင်းကျင်းပြသထားသည့် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့အထိမ်းအမှတ် မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြစဉ်။



ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ အထိမ်းအမှတ် တက္ကသိုလ်အဆင့်စာစီစာကုံးပြိုင်ပွဲတွင် ဒုတိယဆုရရှိသူအား ဆုပေးအပ်ချီးမြှင့်စဉ်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ အထိမ်းအမှတ် တက္ကသိုလ်အဆင့် ကဗျာပြိုင်ပွဲတွင် ပထမဆုရရှိသူအား ဆုပေးအပ်ချီးမြှင့်စဉ်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဒီမိုကရေစီနေ့ အထိမ်းအမှတ်အမှာစကားပြောကြားသည်။ **(ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၏ ဒီမိုကရေစီနေ့အထိမ်းအမှတ် အမှာစကားအား စာမျက်နှာ (၇)တွင် ဖော်ပြထားပါသည်။)**

ထို့နောက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံမှပေးပို့သည့် သဝဏ်လွှာကို ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့(UNICEF)မှ ဌာနေကိုယ်စားလှယ် Ms. June Kunugi က ဖတ်ကြားပြီး IPU နှစ် (၁၃၀)ပြည့် အထိမ်းအမှတ်ဗီဒီယိုနှင့် မြန်မာ့လွှတ်တော်-IPU ၏ ပတ်သက်ဆက်နွှယ်မှုဆိုင်ရာ ဗီဒီယိုတို့ကိုပြသသည်။

ယင်းနောက် စာတမ်းများဖတ်ကြားခြင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ ကျောင်းသားလူငယ်များ၏ စာတမ်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများကိုယ်စားပြု စာတမ်း၊ "ဝ" ဒီမိုကရက်တစ်ပါတီ၏စာတမ်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၏စာတမ်း၊ ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ၏စာတမ်း၊ ကချင်ပြည်နယ်ပြည်သူ့ပါတီ၏ စာတမ်း၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့၏ စာတမ်း၊ လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ)၏ စာတမ်း၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ၏ စာတမ်း၊ ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏စာတမ်း၊ တအာင်း(ပလောင်)အမျိုးသားပါတီ၏ စာတမ်း၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏စာတမ်း၊ ရခိုင်အမျိုးသားပါတီ၏ စာတမ်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ စာတမ်းနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏စာတမ်းတို့ကို သက်ဆိုင်ရာကိုယ်စားလှယ်များက ဖတ်ကြားကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် လွှတ်တော်ကိုယ်စားလှယ်များက အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့အထိမ်းအမှတ် တက္ကသိုလ်အဆင့်၊ အခြေခံပညာ အထက်တန်းအဆင့်နှင့် အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲတို့တွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆုရရှိကြသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြပြီး ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ရွှေသံလွင်ကုမ္ပဏီနှင့် Three Swallows Construction ကုမ္ပဏီလီမိတက်တို့မှ တာဝန်ရှိသူထံ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

## မွန်မြတ်သောစနစ်

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ဒီမိုကရေစီစနစ်ဆိုသည်မှာ အများဆန္ဒကို အနည်းစုကလိုက်နာ၊ အနည်းစု၏ ဆန္ဒကိုလည်း အများစုက လေးလေးစားစား စဉ်းစားပေးရမည်ဖြစ်သကဲ့သို့ အများဆန္ဒကို အခြေခံကာ အများအကျိုးနှင့်ယှဉ်ပါက မိမိအကျိုးစီးပွားကို အထိပါးခံနိုင်သည့် မွန်မြတ်သောစနစ်သာဖြစ်ပါကြောင်း၊ ဒီမိုကရေစီစနစ်သည် လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးပါကြောင်း၊ လူ့အခွင့်အရေးကို အပြန်အလှန် တန်ဖိုးထားကာ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းဆိုသည့် ဒီမိုကရေစီ၏ ကောင်းမွန်သော စရိုက်လက္ခဏာများကို နေရာတိုင်းတွင် ကျင့်သုံးဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

## ရင်ဆိုင်ကျော်လွှား

ဒီမိုကရေစီစနစ်သည် ပြည်သူလူထုကိုဗဟိုပြုကာ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ပြည်သူလူထုက စုပေါင်းပိုင်ဆိုင်ခြင်း၊ အစိုးရကို တင်မြှောက်ထားသည့် ပြည်သူများကသာ အဓိကဖြစ်၍ ပြည်သူ့ဆန္ဒဖြင့် အုပ်ချုပ်သည့်စနစ်ပင်ဖြစ်ပါကြောင်း၊ ဥပဒေပြုလွှတ်တော်များ အားကောင်းမှသာ ဒီမိုကရေစီစနစ် အားကောင်းမည်ဖြစ်ပြီး လွှတ်တော်များ စွမ်းဆောင်ရည်မြင့်မား အားကောင်းသည်နှင့်အမျှ ဒီမိုကရေစီစနစ်သည်လည်း ရှင်သန်ခိုင်မြဲနေမည်ပင်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ ရင်ဆိုင်နေရသည့် စိန်ခေါ်မှုအမျိုးမျိုးကို ပြောင်းလဲချိန်တန်ပြီမှ အစပြုပြီး ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်စဉ်များနှင့်အတူ မတူကွဲပြားမှုများကို စည်းလုံးညီညွတ်သောအား၊ တူညီသောစိတ်ဓာတ်များဖြင့် ရင်ဆိုင်ကျော်လွှားကာ ဒီမိုကရေစီပန်းတိုင်သို့ အရောက်လှမ်းကြရမည်ဖြစ်ပါကြောင်း။

## နှစ်(၁၃၀)ပြည့်နှင့် တိုက်ဆိုင်

အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အခမ်းအနားကို ၂၀၁၁ ခုနှစ်မှစတင်၍ ကျင်းပလာခဲ့ရာ ယခုနှစ်တွင် (၉)ကြိမ်မြောက်သို့ ရောက်ခဲ့ပြီး ယခုနှစ်သည် Inter Parliamentary Union(IPU) ၏ နှစ် (၁၃၀)ပြည့်နှင့် တိုက်ဆိုင်နေသည့်အတွက် လွန်စွာထူးခြားသည့် နှစ်တစ်နှစ်ပင်ဖြစ်ပါကြောင်း၊ ယခုနှစ်အတွက် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ဆောင်ပုဒ်သည် Participation "ဒီမိုကရေစီရှင်သန်ဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့" ဖြစ်ပါကြောင်း၊ ဒီမိုကရေစီပန်းတိုင်သို့ အရောက်လှမ်းကြရာတွင် တစ်ဦးကိုတစ်ဦး ယုံကြည်ချစ်ခင်စွာဖြင့် အတူတူပါဝင်နိုင်သည့် အခွင့်အရေးရရှိမှု၊ တန်းတူညီမျှအခွင့်အရေးရရှိမှုတို့ဖြင့် ဒီမိုကရေစီကျင့်စဉ်ကောင်းများ ရှင်သန်ခိုင်မာစေရေးအတွက် နေရာတိုင်း၊ ကဏ္ဍတိုင်းတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီဖော်ဆောင်ရေးအတွက် ဒီမိုကရေစီ Institution များ ထွန်းကားခိုင်မာစေရေးအတွက် **စာမျက်နှာ ၄ သို့** ✻



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တက်ရောက်လာကြသူများက အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြစဉ်။




✻ စာမျက်နှာ ၃ မှ

ပညာပေးလုပ်ငန်းများ နိုင်ငံနှင့်အဝန်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန် လိုအပ်သကဲ့သို့ လူတိုင်းစိတ်အားထက်သန်စွာ ပါဝင်ဆောင်ရွက်ကြရန်ကိုလည်း ဆန္ဒပြုပြောကြားလိုပါကြောင်း။

မိမိတို့ ကိုယ်စားလှယ်များသည် လွှတ်တော်၏ ဆောင်ပုဒ်နှင့်အညီ "ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်" ဆိုသကဲ့သို့ ပြည်သူများ၏ ဆန္ဒများ၊ ယုံကြည်မျှော်လင့်ချက်များ ဖြည့်ဆည်းပေးနိုင်ရန် ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ အစွမ်းကုန် ကြိုးစားဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် မကြာခဏ ပြောကြားလေ့ရှိသည့် "ကိုယ်ဘာရနိုင်မလဲဆိုတာထက်၊ ကိုယ်ဘာပေးနိုင်မလဲဆိုတာကို စဉ်းစားလုပ်ဆောင်ရန်" ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိအတွက် ကိုယ့်အတွက် ဆုပ်ကိုင်ထားသည့် အတ္တမာနများကို စွန့်ပါ၊ သူတစ်ပါးအတွက် အများအတွက် အရာရာကို မျှဝေခြင်းများဖြင့် မေတ္တာထား ဆောင်ရွက်နိုင်သူများဖြစ်အောင် ကြိုးစားဆောင်ရွက်ပြီး ဒီမိုကရေစီအလေ့အကျင့်ကောင်းများကို မြတ်နိုးစွာ ကျင့်သုံးနိုင်ကြစေကြောင်း ပြောကြားသည်။

ယင်းနောက် ၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်လာသူများအား "မြို့မ" အပျော်တမ်းတူရိယာအသင်းနှင့်တွဲဖက်၍ တေးသံရှင်များက မြူမှောင်ဝေကင်း၊ ငြိမ်းချမ်းရေး၊ လက်ရေတပြင်တည်း၊ လူချွန်လူကောင်း၊ စစ်ကိုင်းတောင်၊ ပြည်တော်ဝင် စသည့်တေးသီချင်းများဖြင့် လည်းကောင်း၊ မင်းသမီး ပန်တျာဌေးဌေးမြင့်နှင့် ဝင်းသပြေထွန်း၊ လူရွှင်တော် ပေါ်စိန်၊ ထင်ပေါ်၊ ချစ်စရာနှင့် မုံရွာတက်တိုးတို့ပါဝင်သည့် မန္တလေးအငြိမ့်အဖွဲ့က အငြိမ့်အကများဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌတို့က ဖျော်ဖြေရေးအစီအစဉ်တွင် ပါဝင်ခဲ့ကြသူများအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုငွေ ချီးမြှင့်ပေးအပ်ကြသည်။

ယခုနှစ် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ ဆောင်ပုဒ်သည် "**ဒီမိုကရေစီရှင်သန်ဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့ (Participation)**" ဆိုသည့် ဆောင်ပုဒ်ဖြစ်သည်။

**စာမျက်နှာ ၈ သို့** ❍



**ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံမှပေးပို့သည့် သဝဏ်လွှာကို** Ms. June Kunugi **ဖတ်ကြားစဉ်။**



**ကျောင်းသား လူငယ်များ၏ စာတမ်းကို မခင်ဘုန်းသာ ဖတ်ကြားစဉ်။**



**အရပ်ဘက်လူမှုအဖွဲ့အစည်းများ ကိုယ်စားပြုစာတမ်းကို မရွှေရည်ဝင်း ဖတ်ကြားစဉ်။**



**"ဝ" ဒီမိုကရက်တစ်ပါတီ၏ စာတမ်းကို ဦးကျင်ဝမ်း ဖတ်ကြားစဉ်။**



**တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၏ စာတမ်းကို ဦးဂျေယောဝူ ဖတ်ကြားစဉ်။**



**ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၏စာတမ်းကို ဦးယန်ကျင်းကန် ဖတ်ကြားစဉ်။**

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားတွင်ပြောကြားသည့်မိန့်ခွန်း

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်)

အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားကို ကြွရောက်လာကြတဲ့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ဒုတိယသမ္မတ၊ လွှတ်တော်ဥက္ကဋ္ဌများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ သံအမတ်ကြီးများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းဝင်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ဆရာ/ဆရာမများနှင့် ကျောင်းသား/ကျောင်းသူများ၊ ပြည်တွင်းအသင်းအဖွဲ့များ၊ အရပ်ဘက်အဖွဲ့အစည်းများ စသည့် ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။

**ဒီမိုကရေစီရှင်သန်အမြစ်တွယ်ဖို့**

အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ကျင်းပရခြင်းရဲ့ ရည်ရွယ်ချက်များကတော့ ဒီမိုကရေစီစနစ်ကို ကျင့်သုံးလျက်ရှိတဲ့ အချုပ်အခြာအာဏာပိုင် နိုင်ငံများကို ဂုဏ်ပြုဖို့၊ ဒီမိုကရေစီကျင့်စဉ်များကို အားပေးမြှင့်တင်ဖို့၊ ပြည်သူများအကြား ဒီမိုကရေစီစိတ်ဓာတ် ခိုင်မာလာစေဖို့၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်နေကြဖို့နဲ့ ဒီမိုကရေစီ ရှင်သန်အမြစ်တွယ်ဖို့တို့အတွက် ဖြစ်ပါတယ်။

ဒီနေ့ကျရောက်တဲ့ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့မှာ ပြည်ထောင်စုလွှတ်တော်ကြီးက "ဒီမိုကရေစီရှင်သန်ဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့"လို့ သတ်မှတ်ထားပါတယ်၊ "ဒီမိုကရေစီဆိုတာ ပြည်သူလူထုအတွက် (for the People)၊ ပြည်သူလူထုက တင်မြှောက်တဲ့ (by the People)၊ ပြည်သူလူထုရဲ့အစိုးရ (Government of the People)ဖြစ်ပါတယ်"။ ဒါ့ကြောင့် ဒီမိုကရေစီစနစ်တွင် ပြည်သူလူထုကို ဗဟိုပြုမှု၊ ပြည်သူလူထု ပူးပေါင်းပါဝင်မှုကို ပေါ်လွင်စေပါတယ်။ ထို့အတူ "နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံး၌ တည်သည်"ဟူသည့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ နိုင်ငံတော်အခြေခံမူအရ ဒီမိုကရေစီစနစ်တွင် ပြည်သူလူထု ပူးပေါင်းပါဝင်မှု အရေးပါပုံကို ထင်ရှားစေပါတယ်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် မိန့်ခွန်းပြောကြားစဉ်။

**ဒီမိုကရေစီမှာ မဲဆန္ဒရှင်ပြည်သူလူထု၏ ဆန္ဒသည်သာ နိုင်ငံရေးအချုပ်အခြာအာဏာပိုင်တဲ့အတွက် ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှုဟာ ဒီမိုကရေစီရဲ့အသက်သွေးကြောဖြစ်**

**လောကပါလတရားများထွန်းကား**

ဒီမိုကရေစီနိုင်ငံမှာ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းဆိုတဲ့ အဖိုးအနဂ္ဃထိုက်တန်တဲ့ လောကပါလတရားများ ထွန်းကားပါတယ်။ ဒီမိုကရေစီက ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့အခွင့်အရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို အခြေခံတဲ့စနစ် ဖြစ်ပါတယ်။ ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးနှင့်တရားဥပဒေစိုးမိုးရေးတို့မှာ ချိတ်ဆက်လျက်ရှိနေတာကြောင့် တစ်ခုချိုးဖောက်ခံရလျှင် ကျန်တဲ့အခွင့်အရေးများလည်း ဆုံးရှုံးရပါတယ်။ ဒီမိုကရေစီက နိုင်ငံသူ နိုင်ငံသားများအားလုံးကို လူမျိုး၊ ဘာသာ၊ ကျား/မ မခွဲခြားဘဲ ကာယ၊ ဉာဏ၊ ဝီရိယ စွမ်းအားအလိုက် အခြေအနေများ သာတူညီမျှဖြစ်ရေးကို ဦးတည်ပါတယ်။ ဆင်းရဲချမ်းသာ မျက်နှာကြီးငယ်မရွေးဘဲ အခွင့်အလမ်းများတန်းတူရည်တူဖြစ်ရေးကို အာမခံပါတယ်။ ဒါ့အပြင် ဥပဒေဘောင်အတွင်း အသက်ရှင်သန်ခွင့်၊ လွတ်လပ်ခွင့်နှင့် လုံခြုံခွင့်တို့ကို ဖြစ်စေပါတယ်။ နိုင်ငံတစ်နိုင်ငံမှာ ဒီမိုကရက်တစ် နိုင်ငံရေးစနစ်မရှိရင် ကောင်းမွန်တဲ့ အုပ်ချုပ်ရေးစနစ် မပေါ်ပေါက်နိုင်သလို သန့်ရှင်းတဲ့အစိုးရဆိုတာလည်း မဖြစ်နိုင်ပါ။ ဒါတွေကို ပြည်သူလူထုကြီးက ကောင်းစွာနားလည်သဘောပေါက်ထားတာကြောင့် ဒီမိုကရေစီကို စဉ်ဆက်မပြတ် လိုလားတောင့်တနေကြတာဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလဖြစ်ပါတယ်။ ဒီမိုကရေစီအသွင်ကူးပြောင်းရေး (Democratization) ဆောင်ရွက်ရာတွင် အခြေခံလုပ်ငန်းစဉ် (၃)ရပ်ရှိကြောင်း ဖတ်ရှုလေ့လာဖူးပါတယ်။ ဒါတွေကတော့-

(၁) ထိန်းချုပ်မှုများ ဖြေလျှော့သည့်အဆင့်
- Liberalization

(၂) ကူးပြောင်းရေးအဆင့်
- Transition

(၃) ခိုင်မာရေးအဆင့်
- Consolidation

တို့ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့ ဘယ်အဆင့်လောက်မှာပဲ ရှိသေးတယ်ဆိုတာကို မိဘပြည်သူများကိုယ်တိုင် ချင့်ချိန်သုံးသပ်ကြစေလိုပါတယ်။ ဒီမိုကရေစီခိုင်မာရေးအဆင့်ရောက်ရန် မိဘပြည်သူများအားလုံး ဆက်လက်ပူးပေါင်းပါဝင်ပြီး တက်ညီလက်ညီ ချီတက်ကြဖို့လည်းလိုအပ်ပါတယ်။ ဒီမိုကရေစီလမ်းစပေါ် ခြေချခါစပဲ ရှိသေးပြီး ဒီမိုကရေစီပန်းတိုင်ကို မရောက်သေးဘူးဆိုတာ ပြည်သူလူထုကြီးတစ်ရပ်လုံး သတိချပ်စေလိုပါတယ်။

ယခုလို ဒီမိုကရေစီရှင်သန်ရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရာတွင် လူပုဂ္ဂိုလ်အသီးသီး၊ အဖွဲ့အစည်းအသီးသီးက တည်ဆဲဥပဒေများကို လေးစားကြရမှာဖြစ်သလို စည်းမျဉ်း၊ စည်းကမ်းများကိုလည်း လိုက်နာကြရမှာဖြစ်ပါတယ်။ ဒီမိုကရေစီကျင့်စဉ်အရ အများစုရဲ့ဆန္ဒကို လက်ခံလိုက်နာရသလို အနည်းစုရဲ့ သဘောထားကို လေးစားရမှာဖြစ်ပါတယ်။ ဒီမိုကရေစီရဲ့သဘောသဘာဝအရ အမြင်မတူ အယူအဆကွဲပြားမှုများရှိကြသော်လည်း ယင်းမတူကွဲပြားမှုများကို နိုင်ငံတော်ရဲ့ ရေရှည်အကျိုးစီးပွားကို ဦးထိပ်ထားပြီး စေ့စပ်ညှိနှိုင်းခြင်းဖြင့် ငြိမ်းချမ်းစွာ အဖြေရှာကြမှသာလျှင် ဒီမိုကရေစီကျင့်စဉ် ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ ဒီမိုကရေစီရဲ့မဏ္ဍိုင်ကြီးများဖြစ်ကြတဲ့ သဘောထားကြီးခြင်း၊ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်းတို့ကို အခြေခံလျက် ဆွေးနွေးညှိနှိုင်းကြရတာ ဖြစ်ပါတယ်။ တစ်ဦးနဲ့တစ်ဦး တစ်ဖွဲ့နဲ့တစ်ဖွဲ့ဖြူစင်တဲ့စိတ်ထား၊ မျှတတဲ့သဘောထားရှိလျှင် မှန်ကန်တဲ့အဖြေကို ရရှိမှာဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံး ဒီမိုကရေစီကို အမှန်တကယ်သက်ဝင်ယုံကြည်ကြပါက အမုန်းစကားများကိုရှောင်ရှား၊ အမုန်းတရားများကို ကျော်လွှားပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးကို ရှေးရှုကြရန်လိုအပ်ပါတယ်။

**အညွန့်ချိုးမခံရအောင်**

ပြည်သူလူထုရဲ့ အသက်၊ သွေးချွေးနဲ့ဘဝတွေပေးဆပ်ပြီးမှ ခက်ခက်ခဲခဲရရှိလာတဲ့ ဒီမိုကရေစီ အပင်ပေါက်လေးကို အညွန့်ချိုးမခံရအောင် အားလုံးက ဝိုင်းဝန်းပြုစုပျိုးထောင်စောင့်ရှောက်ကြစေလိုပါတယ်။ ဒီမိုကရေစီရှင်သန်ရေးအတွက် နိုင်ငံသားအားလုံး ငေးငိုင်မနေကြရန် အလစ်အငိုက်မမိကြရန် အရေးကြီးလှပါတယ်။

ကျွန်တော်တို့အစိုးရအနေနဲ့ ဆိတ်သုဉ်းခဲ့တဲ့ ဒီမိုကရေစီနဲ့ ဆုံးရှုံးခဲ့တဲ့ ဖက်ဒရယ်အခွင့်အရေး ပြန်လည်ရရှိရန် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော် ပေါ်ပေါက်ရေးကို ဦးတည်ကြိုးပမ်းလျက်ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ဒီမိုကရေစီစနစ်ကျင့်သုံးခြင်းဟာ ဖက်ဒရယ်ခိုင်မာရေးကို အားပေးပါတယ်။ ထို့နည်းတူ ဖက်ဒရယ်စနစ် ကျင့်သုံးခြင်းကလည်း ဒီမိုကရေစီစနစ်တည်တံ့ရေးကို အထောက်အကူပြုပါတယ်။ ဒါ့ကြောင့် ရှိသင့်ရှိထိုက်တဲ့ ဒီမိုကရေစီအင်္ဂါရပ်များနဲ့ ပါသင့်ပါထိုက်တဲ့ ဖက်ဒရယ်ရဲ့မူများကို ဥပေက္ခာပြု၍ မရနိုင်ကြောင်း ဂရုပြုကြစေလိုပါတယ်။ ဖက်ဒရယ်ရဲ့ အခြေခံဟာ တိုင်းရင်းသားများအကြား တန်းတူညီတူအခွင့်အရေးရရှိစေခြင်း၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိစေခြင်းတို့ကို ဖြစ်ပေါ်စေပါတယ်။ တိုင်းရင်းသားများအားလုံး ဥမကွဲသိုက်မပျက် စည်းလုံးညီညွတ်စွာ အတူတကွ မခွဲစတမ်းနေထိုင်ခြင်းကို ရရှိစေပါတယ်။

**အတားအဆီးဖြစ်စေ**

ဒီမိုကရေစီ မရှိသေးတဲ့ ဒါမှမဟုတ် အပြည့်အဝမရသေးတဲ့ နိုင်ငံတွေမှာ လူမျိုးရေးပြဿနာများနဲ့ စိတ်ဝမ်းကွဲပြားမှုများဟာ ဒီမိုကရေစီရှင်သန်ရေးကို အတားအဆီးဖြစ်စေကြောင်း သတိပြုကြစေလိုပါတယ်။ ဒီမိုကရေစီအသွင်ကူးပြောင်းရေး ပိုမိုလျင်မြန်စေရန် တိုင်းရင်းသားများအားလုံး ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် မရှိမဖြစ်လိုအပ်တဲ့ ပြည်တွင်းငြိမ်းချမ်းရေး အမြန်ရရှိရေးမှာလည်း လိုလိုလားလား ပူးပေါင်းဆောင်ရွက်ကြရန် အထူးလိုအပ်ပါတယ်။ ထို့အတူ ဒီမိုကရေစီပြည်ထောင်စုနိုင်ငံတော်တည်ဆောက်ရန်၊ ငြိမ်းချမ်းသာယာဝပြောရန်နှင့် ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် ဥပဒေများကို ရေးဆွဲပြဋ္ဌာန်းခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းတို့ ပြုလုပ်ရာတွင် ဒီမိုကရေစီရဲ့ အခြေခံစံချိန်စံညွှန်းများ၊ လူ့အခွင့်အရေးရဲ့ အခြေခံစံနှုန်းစံထားများကို ဖြည့်ဆည်းပေးရန် လိုအပ်ပါတယ်။ ဒီလိုဥပဒေတွေပြဋ္ဌာန်းရာမှာ ဒီမိုကရေစီမျိုးစေ့ကို ပြန်လည်ဖျက်ဆီးမယ့် မျိုးဥမပါရှိစေရန် အထူးလိုအပ်ပါတယ်။ ဒါ့အပြင် ဒီမိုကရေစီကို တန်ဖိုးထားပြီး လူ့အခွင့်အရေးကို မြတ်နိုးတဲ့ ကျင့်စဉ်များကိုလည်း ဖြည့်စွက်ပံ့ပိုးပေးရပါလိမ့်မယ်။

ဒီမိုကရေစီကို အမှန်တကယ် ယုံကြည်လက်ခံတယ်ဆိုရင် ဒီမိုကရေစီကျင့်စဉ်ဆိုတာ နောင်မှ ကျင့်သုံးမယ်ဆိုတာထက် ယနေ့ကပင် စတင်ကျင့်သုံးရတာမျိုးဖြစ်တယ်ဆိုတာကို အားလုံးက လက်ခံဖို့ လိုအပ်ပါတယ်။ ဒီမိုကရေစီမှာ မဲဆန္ဒရှင် ပြည်သူလူထု၏ ဆန္ဒသည်သာ နိုင်ငံရေးအချုပ်အခြာအာဏာပိုင်တဲ့အတွက် ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှုဟာ ဒီမိုကရေစီရဲ့အသက်သွေးကြောဖြစ်ပါတယ်။ ဒါ့ကြောင့် ပြည်သူလူထုတစ်ရပ်လုံး စည်းလုံးညီညွတ်စွာ ပူးပေါင်းပါဝင်ခြင်းဟာ ဒီမိုကရေစီရှင်သန်ရေးကို ပိုမိုအားကောင်းစေပါတယ်။

**ကြုံတောင့်ကြုံခဲအခွင့်အလမ်း**

ဒီမိုကရေစီရေးဆိုတာ ပြည်သူလူထုရဲ့အရေးကိစ္စဖြစ်တဲ့အတွက် ပြည်သူပြည်သားအားလုံးရဲ့ ပူးပေါင်းပါဝင်မှုနဲ့ အကောင်အထည်ဖော်ရတဲ့ကိစ္စဖြစ်ပါတယ်။ ယခုလို ဒီမိုကရေစီရေးလုပ်ငန်းစဉ်များတွင် ပြည်သူလူထု တက်ညီလက်ညီ ပူးပေါင်းပါဝင်ခွင့် ရရှိခြင်းဟာ မြန်မာ့နိုင်ငံရေးသမိုင်းမှာ ကြုံတောင့်ကြုံခဲ အခွင့်အလမ်းကောင်းတစ်ရပ်ဖြစ်ပါတယ်။ ဒီမိုကရေစီရရှိရေးအတွက် ခေတ်အဆက်ဆက် ဘဝတွေပေးသွားတဲ့ ပုဂ္ဂိုလ်များရဲ့ ဆက်လက်မလျှောက်လှမ်းနိုင်တော့တဲ့ ဒီမိုကရေစီခရီးကြမ်းကို သမိုင်းပေးတာဝန်အရ ကျွန်တော်တို့အနေနဲ့ ဆက်လက်ကြိုးပမ်းနေကြခြင်းဖြစ်ပါတယ်။ ဒီမိုကရေစီရှင်သန်ရေးဆိုတာ ရပ်တန့်မနေတဲ့ လုပ်ငန်းစဉ်ကြီးတစ်ရပ်ဖြစ်တဲ့အတွက် ပြည်သူလူထုအားလုံးကလည်း စဉ်ဆက်မပြတ် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် အထူးလိုအပ်လှပါတယ်။

ဒီမိုကရေစီပန်းတိုင်ရောက်ရှိရေး၊ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်ရေး၊ အာဏာရှင်ဆန်ပြီး ပြည်သူလူထုကို ဖိစီးနှိပ်စက်မယ့် နိုင်ငံရေးစနစ်မျိုး ပြန်လည်ထွန်းကားခြင်းမရှိစေရေး၊ အခြေခံလူ့အခွင့်အရေးများကို အာမခံမယ့် စစ်မှန်တဲ့ ဒီမိုကရေစီစနစ်ဖြစ်ပေါ်ရေး၊ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာဟာ ပြည်သူလူထုထံမှ ဆင်းသက်တယ်ဆိုတဲ့ ဒီမိုကရေစီအခြေခံမူခိုင်မြဲရေးတို့အတွက် ဒီမိုကရေစီရဲ့ မောင်းနှင်အားဖြစ်တဲ့ ပြည်သူလူထုအားလုံး လက်တွဲမဖြုတ်စတမ်း သွေးစည်းညီညွတ်မှု စုပေါင်းအင်အားဖြင့် ရှေ့ခရီးဆက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်ရင်း နိဂုံးချုပ်အပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားတွင် ပြောကြားသည့် မိန့်ခွန်း

(၂၀၁၉ ခုနှစ် စက်တင်ဘာလ ၁၅ ရက်)



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ အထိမ်းအမှတ်အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

ဒီနေ့ဟာ အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ ဖြစ်ပါတယ်။ ဒီလိုအခမ်းအနားတွေ ကျင်းပတဲ့အခါ ကျွန်မတို့အနေနဲ့ အခမ်းအနားကျင်းပခြင်းရဲ့ အကြောင်းတွေကိုလည်း လေ့လာဖို့လိုပါတယ်။ ရည်ရွယ်ချက်တွေကိုလည်း စဉ်းစားဖို့လိုပါတယ်။ အခုကျွန်မတို့ ဒီနေ့မှာ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အနေနဲ့ ကျင်းပရတာဟာ ကမ္ဘာတစ်ဝန်းမှာဆိုရင် ဒီမိုကရေစီကို အလေးထားလာတဲ့ နိုင်ငံတွေ အင်မတန်များလာလို့ဖြစ်ပါတယ်။ ဒါပေမယ့် အလေးထားတာနဲ့ တန်ဖိုးထားတာဟာ မတူဘူးဆိုတာ ကျွန်မတို့ ဂရုစိုက်ဖို့လိုပါတယ်။ သတိချပ်ဖို့လိုပါတယ်။ ကျွန်မတို့ စဉ်းစားရမှာက ဒီမိုကရေစီဆိုတာ မြေထဲပင်လယ်က မြို့လေးတစ်မြို့မှာ နှစ် ၂၅၀၀ ကျော်လောက်က ပေါက်ဖွားလာတဲ့ စနစ်တစ်ခုဟာ ဘာကြောင့် တစ်ကမ္ဘာလုံးကို ပြန့်သွားတာလဲ။ ဘာကြောင့် ဒီခေတ်ကမ္ဘာမှာဆိုရင် ဒီစနစ်ကို ဘယ်လောက်တောင်မှ အလေးထားကြတာလဲဆိုတာ ကျွန်မတို့ လေးလေးနက်နက်စဉ်းစားဖို့ လိုပါတယ်။

### ပြည်သူတွေရဲ့အင်အား

ဒီမိုကရေစီဆိုတော့လည်း တိုက်ရိုက်ဘာသာပြန်လိုက်မယ်ဆိုရင် ပြည်သူ့အင်အားပေါ့။ ပြည်သူတွေရဲ့ အင်အားဆိုတော့ အင်အားဆိုတာ အကောင်းအတွက်လည်း သုံးလို့ရသလို အဆိုးအတွက်လည်း သုံးလို့ရပါတယ်။ အကောင်းအတွက်ဆိုရင် ကိုယ်သုံးသလို ကောင်းအောင် လုပ်လို့ရပါတယ်။ ကျွန်မတို့ ဒီနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အတွက် သတ်မှတ်ထားတဲ့ဆောင်ပုဒ် အားလုံးပူးပေါင်းဆောင်ရွက်ကြစို့ဆိုတော့ ဒီမိုကရေစီရှင်သန်ရေးအတွက် ဘယ်လိုကျွန်မတို့ ပူးပေါင်းဆောင်ရွက်မလဲ။ ပြည်သူ့အင်အားကို မှန်မှန်ကန်ကန် ထိထိရောက်ရောက် အသုံးချရေးအတွက် ဘယ်လိုဆောင်ရွက်ကြမလဲဆိုတာကို ကျွန်မတို့စဉ်းစားရမှာ ဖြစ်ပါတယ်။ အခြေခံအားဖြင့် ကြည့်လိုက်ရင် အင်အားဆိုတာ မှန်မှန်ကန်ကန်သုံးစွဲဖို့ဆိုရင် ချိန်ခွင်လျှာညီမျှမှုဟာ အင်မတန်မှ အရေးကြီးပါတယ်။ ပြည်သူ့အင်အားဆိုတာ ဘယ်သူ့အတွက်လဲ၊ ပြည်သူတွေအတွက်။ ပြည်သူတွေဆိုတာ ဘယ်သူတွေလဲဆိုတော့ တစ်ဦးချင်းတစ်ဦးချင်းပဲ။ ကျွန်မတို့ ပြည်သူတွေအားလုံးဟာ တစ်ဦးချင်း တစ်ဦးချင်းက စတာပဲ။

### ဒီမိုကရေစီကို တန်ဖိုးထား

ကျွန်မတို့တကယ်ပဲ ဒီမိုကရေစီကို တန်ဖိုးထားပြီး ရှင်သန်စေချင်တယ်ဆိုရင် ပရဟိတ၊ အတ္တဟိတ ဒီနှစ်ခုကို ချိန်ခွင်လျှာညီမျှအောင် လုပ်ရမှာဖြစ်ပါတယ်။ နိုင်ငံအများအပြား၊ အဖွဲ့အစည်းအများအပြားဟာ ဒီမိုကရေစီကို လက်ခံတာဟာ အများက လုပ်ဆောင်ခြင်းအားဖြင့် အများအကျိုးကိုပိုပြီး ထိထိရောက်ရောက်ထမ်းဆောင်နိုင်မယ်ဆိုတာကို ယုံကြည်လို့ ဖြစ်ပါတယ်။ ဒီလို အများအကျိုးအတွက် လုပ်ဖို့ဆိုရင် ချိန်ခွင်လျှာညီမျှဖို့ လိုပါတယ်။ ကျွန်မတို့လူသားများဟာ ကိုယ့်အကျိုးအတွက်ပဲ ကိုယ်လုပ်ချင်ကြတာ ဖြစ်ပါတယ်။ ဒီဟာကို လျစ်လျူရှုထားလို့ စနစ်တစ်ခုကို အောင်မြင်အောင်လုပ်လို့ရမှာ မဟုတ်ပါဘူး။ ဒီမိုကရေစီဆိုတာ တကယ်တော့ စနစ်လို့ ဆိုရမှာထက် ယဉ်ကျေးမှုတစ်ခုလို့ပဲ ဆိုချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒါဟာ နိုင်ငံရေးကိစ္စတင် မဟုတ်ပါဘူး။ လူမှုရေး၊ စီးပွားရေး၊ အတွေးအခေါ်ကိစ္စတွေလည်း ပါပါတယ်။ ဒါကြောင့် ယဉ်ကျေးမှုတစ်ရပ်ပါ။

ဒီမိုကရေစီယဉ်ကျေးမှု ရှင်သန်စေချင်ရင် ကျွန်မတို့ တစ်ဦးချင်းတစ်ဦးချင်းဟာ ချိန်ခွင်လျှာညီမျှခြင်းရဲ့တန်ဖိုးကို သဘောပေါက်ဖို့လိုပါတယ်။ ဥပမာ ကျွန်မတို့ ခဏခဏပြောပါတယ်။ ဒီမိုကရေစီအခွင့်အရေးတင် စဉ်းစားလို့ မရဘူး။ တာဝန်တွေလည်း စဉ်းစားရမယ်။ အခွင့်အရေးဟာ ကိုယ့်အတွက်ဖြစ်ပြီး တာဝန်ဟာ အများအတွက်။ လူ့အခွင့်အရေးဆိုတာ တစ်ဦးချင်းတစ်ဦးချင်းအတွက်၊ တရားဥပဒေစိုးမိုးရေးဆိုတာ အများအတွက်ဆိုတာတွေဟာ ချိန်ခွင်လျှာညီမျှရမယ်။ ကိုယ့်အတွက် ပိုလို့ဆိုရင်လည်း မကောင်းသလို အများအတွက်ဆိုပြီးတော့ တစ်ဦးချင်းတစ်ဦးချင်းရဲ့ အခွင့်အရေးတွေ လွတ်လပ်ခွင့်တွေကို ချုပ်ချယ်ရင်လည်း ကောင်းမှာ မဟုတ်ပါဘူး။ ဒါကြောင့် ကျွန်မတို့ အတ္တဟိတ၊ ပရဟိတ နှစ်ခုစလုံးကို ချိန်ခွင်လျှာညီမျှအောင် လုပ်တဲ့နေရာမှာ အားလုံးပူးပေါင်းဆောင်ရွက်ဖို့လိုပါတယ်။

### ချိန်ခွင်လျှာညီမျှစွာနဲ့ ဆက်လက်လုပ်ဆောင်

ကျွန်မတို့ စမယ်ဆိုရင် တစ်ဦးချင်းတစ်ဦးချင်း၊ တစ်ဦးချင်းက ကိုယ့်ရဲ့မိသားစုက စရမယ်။ ကိုယ့်အခွင့်အရေး၊ ကိုယ့်ရဲ့ရပိုင်ခွင့်၊ ကိုယ့်မိသားစုရဲ့အခွင့်အရေး၊ ကိုယ့်ရဲ့ မိသားစုရဲ့ ရပိုင်ခွင့်၊ ကိုယ့်ရပ်ကိုယ့်ရွာရဲ့ အခွင့်အရေး၊ ကိုယ့်မိသားစုရဲ့အခွင့်အရေး၊ ကိုယ့်ရပ်ကိုယ့်ရွာရဲ့ အခွင့်အရေး၊ ကိုယ့်မြို့နယ်ရဲ့အခွင့်အရေး၊ ကိုယ့်မြို့နယ်ရဲ့ အခွင့်အရေး၊ ကိုယ့်ရဲ့တိုင်း၊ ပြည်နယ်ရဲ့ အခွင့်အရေး၊ ကိုယ့်ရဲ့တိုင်း၊ ပြည်နယ်ရဲ့အခွင့်အရေး၊ ကိုယ့်လူမျိုးတွေရဲ့ အခွင့်အရေး၊ ကိုယ့်လူမျိုးတွေရဲ့အခွင့်အရေး၊ ကိုယ့်နိုင်ငံရဲ့အခွင့်အရေး၊ ကိုယ့်နိုင်ငံရဲ့အခွင့်အရေး၊ ကိုယ့်တစ်ကမ္ဘာလုံးရဲ့အခွင့်အရေး တစ်ဆင့်ချင်း တစ်ဆင့်ချင်းမှာ ကျွန်မတို့အနေနဲ့ ချိန်ခွင်လျှာညီမျှစွာနဲ့ ဆက်လက်လုပ်ဆောင်သွားဖို့ အင်မတန်အရေးကြီးပါတယ်။

ကျွန်မတို့နိုင်ငံဟာဆိုရင် ဖွံ့ဖြိုးစနိုင်ငံတစ်ခုဖြစ်ပါတယ်။ ဒီမိုကရေစီကို ကျင့်သုံးတဲ့နေရာမှာလည်း မြို့နယ်တွေရဲ့နိုင်ငံတစ်ခုဖြစ်ပါတယ်။ လွတ်လပ်ရေးရခါစတုန်းကလည်း ဒီမိုကရေစီစနစ်နဲ့ စခဲ့တယ်ဆိုပေမယ့် ဒီကြားထဲမှာ ဒီမိုကရေစီစနစ်ဟာ ပျောက်ကွယ်သွားတော့ ပြန်ပြီးတော့ အစကနေ ထူထောင်နေရတာ ဖြစ်ပါတယ်။ ဒီလိုလုပ်တဲ့အခါမှာ ကမ္ဘာကြီးကို လှည့်ပြီးကြည့်လိုက်ရင် ဘယ်လိုပဲပြောပြော ဒီမိုကရေစီဆိုတာ ကျွန်မတို့ နိုင်ငံတစ်ခုအတွင်းမှာသာ လုံလုံလောက်လောက် မရှိသေးတာမဟုတ်ပါဘူး။ ကမ္ဘာကြီးကို ကြည့်လိုက်မယ်ဆိုရင်လည်း လုံလုံလောက်လောက် မရှိသေးဘူးဆိုတာတွေ့ရပါတယ်။ ဒီလိုပြောခြင်းဟာ နိုင်ငံတိုင်းနိုင်ငံတိုင်းမှာ ဒီမိုကရေစီမရှိတာကို ပြောခြင်းတင်မကပါဘူး။ ကျွန်မတို့ရဲ့ ကမ္ဘာကြီးမှာဆိုရင် အင်အားကြီးတဲ့နိုင်ငံတွေနဲ့ အင်အားငယ်တဲ့ နိုင်ငံတွေကြားထဲမှာ တန်းတူ ညီမျှမှုမရှိခြင်းကိုလည်း ဆိုလိုတာဖြစ်ပါတယ်။ ကျွန်မတို့ နိုင်ငံဟာ အင်အားကြီးတဲ့နိုင်ငံမဟုတ်ပါဘူး။ ဒါကြောင့် ကျွန်မတို့ရဲ့နိုင်ငံဟာ ရပ်တည်ဖို့အတွက်ဆိုရင် အင်မတန်မှ ရုန်းကန်ကြိုးစားရပါတယ်။ ဒါကို ကျွန်မတို့ရဲ့ ပြည်သူ၊ ပြည်သားတွေ နားလည်သဘောပေါက်စေချင်ပါတယ်။ အားလုံးပူးပေါင်းဆောင်ရွက်မှ ကျွန်မတို့ဟာ တကယ့်ကို ကမ္ဘာ့အလယ်မှာ ဒီမိုကရေစီကျကျ ရပ်တည်နိုင်မယ့် နိုင်ငံတစ်ခုဖြစ်လာမှာပါ။ ဘယ်လိုပဲ ပြောပြော တကယ့်အဖြစ်အပျက်တွေအရဆိုရင် ခနအင်အား၊ လက်နက်အင်အား၊ ဩဇာအင်အား၊ မြေအင်အားတွေက အများကြီး စကားပြောပါတယ်။ ကျွန်မတို့ဟာ ဒီအင်အားတွေနေရာမှာ နည်းတဲ့နိုင်ငံဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မတို့အားလုံးဟာ စိတ်ဓာတ်အင်အားနဲ့ အလုပ်လုပ်ဖို့ အင်မတန် အရေးကြီးပါတယ်။ ဓနဆိုတာ ချက်ချင်းမရနိုင်ပါဘူး။ အခြားဩဇာအာဏာတွေဆိုတာ ချက်ချင်းလွှမ်းမိုးနိုင်အောင် လုပ်လို့မရပါဘူး။ သို့သော်လည်း ကိုယ့်ရဲ့စိတ်ဓာတ်ကို ချက်ချင်းပြောင်းလဲအောင်လုပ်လို့ ရပါတယ်။ ဒါကြောင့် ကျွန်မတို့ရဲ့ နိုင်ငံသူ နိုင်ငံသားများ အားလုံးဟာ နိုင်ငံတွင်းမှာတင်မက တစ်ကမ္ဘာလုံးမှာ ဒီမိုကရေစီ သဘောထားတွေ ရှင်သန်ဖို့အတွက် ဒီမိုကရေစီယဉ်ကျေးမှု၊ အမှန်တကယ် ပြန့်ပွားဖို့အတွက်

စာမျက်နှာ ၈ သို့

**ဒီမိုကရေစီယဉ်ကျေးမှု ရှင်သန်စေချင်ရင် ကျွန်မတို့ တစ်ဦးချင်း တစ်ဦးချင်းဟာ ချိန်ခွင်လျှာညီမျှခြင်းရဲ့ တန်ဖိုးကို သဘောပေါက်ဖို့လိုပါတယ်။ ဥပမာ ကျွန်မတို့ ခဏခဏပြောပါတယ်။ ဒီမိုကရေစီ အခွင့်အရေးတင် စဉ်းစားလို့ မရဘူး။ တာဝန်တွေလည်း စဉ်းစားရမယ်။ အခွင့်အရေးဟာ ကိုယ့်အတွက်ဖြစ်ပြီး တာဝန်ဟာ အများအတွက်။ လူ့အခွင့်အရေးဆိုတာ တစ်ဦးချင်းတစ်ဦးချင်းအတွက်၊ တရားဥပဒေ စိုးမိုးရေးဆိုတာ အများအတွက်ဆိုတာတွေဟာ ချိန်ခွင်လျှာညီမျှရမယ်။**

# ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အခမ်းအနားတွင် ပြောကြားသည့် အမှာစကား

(၂၀၁၉ ခုနှစ် စက်တင်ဘာလ ၁၅ ရက်)

ယနေ့ကျင်းပပြုလုပ်တဲ့ ၂၀၁၉ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပေးကြတဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံတော်ဒုတိယသမ္မတ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ တိုင်းဒေသကြီး / ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ သံတမန်များနဲ့ ကုလသမဂ္ဂဆိုင်ရာအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ နိုင်ငံရေးပါတီအသီးသီးနဲ့ ပြည်တွင်း ပြည်ပအဖွဲ့အစည်း အသီးသီးမှ ပုဂ္ဂိုလ်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနဲ့ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး ကောင်းကျိုးမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ယနေ့ပြုလုပ်တဲ့ ၂၀၁၉ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်တို့က ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပြီး မိန့်ခွန်းပြောကြားပေးတဲ့အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း လွှတ်တော်များရဲ့ကိုယ်စား ဦးစွာ ပြောကြားလိုပါတယ်။

အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားကို ဒီမိုကရေစီရဲ့ ပြယုဂ်တစ်ခုဖြစ်တဲ့ လက်ရှိလွှတ်တော်များ ပေါ်ပေါက်ခဲ့တဲ့ ၂၀၁၁ ခုနှစ်ကစပြီး နေပြည်တော် လွှတ်တော်ဝင်းအတွင်း ယခုဧည့်သည်တော်များ ရောက်ရှိနေတဲ့ သဘင်ဆောင်ခန်းမကြီးမှာ နှစ်စဉ်ကျင်းပခဲ့ပါတယ်။ ဒီနေ့ပြုလုပ်တဲ့ ၂၀၁၉ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားဟာဆိုရင် မိမိတို့ မြန်မာနိုင်ငံလွှတ်တော်အနေနဲ့ (၉) ကြိမ်မြောက် ကျင်းပခြင်းဖြစ်သလို ဒီနှစ်အတွက် Inter Parliamentary Union (IPU)က ထုတ်ပြန်ပေးပို့ထားတဲ့ "Participation (ဒီမိုကရေစီ ရှင်သန်ဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့)"ဆိုတဲ့ နှိုးဆော်တိုက်တွန်းချက်ဆောင်ပုဒ်နဲ့အညီ အနှစ်သာရရှိရှိ ကျင်းပနိုင်ဖို့ ပြင်ဆင်ဆောင်ရွက်ထားပါတယ်။

ကမ္ဘာ့နိုင်ငံအသီးသီးမှာလည်း နှစ်စဉ် စက်တင်ဘာလ ၁၅ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အဖြစ် သတ်မှတ်ခဲ့တဲ့ ၂၀၀၇ ခုနှစ်က စတင်ပြီး နိုင်ငံတကာ ပါလီမန်များအဖွဲ့ (IPU) က သတ်မှတ်ပေးတဲ့ ဆောင်ပုဒ်နဲ့အညီ အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ အခမ်းအနားများ ကျင်းပပြုလုပ်လေ့ရှိကြပါတယ်။

**ဧည့်သည်တော်များခင်ဗျား-**

ဒီနေ့အခမ်းအနားကို နိုင်ငံသားပြည်သူများအားလုံး ဒီမိုကရေစီဖက်ဒရယ်စနစ်ရဲ့ သဘောသဘာဝများကို ပိုမိုနားလည် အကျွမ်းဝင်စေဖို့၊ ဒီမိုကရေစီ လူ့အဖွဲ့အစည်းတစ်ရပ်အဖြစ်ပြောင်းလဲပြီး စစ်မှန်တဲ့ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုပေါ်ပေါက်ရေးအတွက် အထောက်အကူဖြစ်စေဖို့၊ နိုင်ငံရေးမှာ လူငယ်များ ပိုမိုပါဝင်လာနိုင်စေဖို့နဲ့ ကမ္ဘာ့ဒီမိုကရေစီအဖွဲ့ဝင်နိုင်ငံအဖြစ် ပူးပေါင်းပါဝင်မှုကို ပြသနိုင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်များနဲ့ ကျင်းပခြင်းဖြစ်ပါတယ်။

အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ အခမ်းအနားများ ကျင်းပနိုင်ခြင်းဟာ "ဒီမိုကရေစီဆိုသည်မှာ လူသားတို့၏ အရေးအရာကိစ္စများဖြစ်သည်"ဆိုတဲ့ အဆိုပြုတိုက်တွန်းချက်ကို ပြန်လည်အမှတ်ရစေဖို့ နှိုးဆော်ပေးနိုင်တဲ့ အခွင့်အလမ်းတစ်ရပ် ဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ကို အားလုံးပါဝင်မှု၊ တူညီမျှတစွာ ပြုမူဆက်ဆံမှု၊ ပူးပေါင်းပါဝင် ဆောင်ရွက်မှုတို့အပေါ်မှာ အခြေခံတည်ဆောက်သွားကြရမှာဖြစ်ပါတယ်။ ဒီမိုကရေစီဆိုတာ ငြိမ်းချမ်းရေး၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု၊ လူ့အခွင့်အရေး စတဲ့လုပ်ငန်းစဉ်များအတွက် မရှိမဖြစ်လိုအပ်တဲ့အခြေခံအုတ်မြစ် ဖြစ်ပါတယ်။

စစ်မှန်တဲ့ ဒီမိုကရေစီဆိုတာ အရပ်ဘက်အသိုက်အဝန်းနှင့် နိုင်ငံ့ရေးရာ စီမံခန့်ခွဲကြသူများအကြား စဉ်ဆက်မပြတ် ညှိနှိုင်းဆွေးနွေးမှုအပေါ်မှာ တည်ဆောက်ထားတဲ့ နှစ်လမ်းသွား လမ်းတစ်လမ်းဖြစ်ပါတယ်။ အပြုသဘောဆောင်တဲ့ ညှိနှိုင်းဆွေးနွေးမှုများဟာ နိုင်ငံ့ရေးရာ ဆုံးဖြတ်ချက်များအပေါ်မှာ အမှန်တကယ်ထိရောက်တဲ့ အကျိုးသက်ရောက်မှုများကို ရရှိဖြစ်ပေါ်စေမယ်လို့ ယုံကြည်ပါတယ်။

**ဧည့်သည်တော်များခင်ဗျား-**

၂၀၁၉ခုနှစ်ဟာ နိုင်ငံတကာပါလီမန်များအဖွဲ့ (IPU) တည်ထောင်မှု နှစ်(၁၃၀) ပြည့်မြောက်တဲ့ အခါသမယလည်းဖြစ်ပါတယ်။ IPU နှစ် (၁၃၀) ပြည့် အထိမ်းအမှတ် လှုပ်ရှားမှုများကို ကမ္ဘာတစ်ဝန်းရှိ ပါလီမန်များမှာ 130 Years of empowering parliamentarians ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ၂၀၁၉ ခုနှစ်၊ ဇွန်လမှစပြီး ၂၀၂၀ ပြည့်နှစ် မေလအထိ တစ်နှစ်ကြာကာလအတွင်း သတ်မှတ်ဆောင်ရွက်ကြလျက်ရှိပါတယ်။

ဒီဆောင်ပုဒ်က မိမိတို့ဖော်ဆောင်နေတဲ့ ဒီမိုကရေစီလမ်းကြောင်း လွဲချော်မသွားစေဖို့အတွက် ပြည်သူ့ကိုယ်စားလှယ်များရဲ့ တာဝန်ရှိပုံကို ရည်ညွှန်းလိုတယ်လို့ ယူဆပါတယ်။ ဒါ့အပြင် မိမိတို့လွှတ်တော်များရဲ့ အဓိက



ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် အမှာစကားပြောကြားစဉ်။

လုပ်ငန်းတာဝန်ဖြစ်တဲ့ ပြည်သူကို ကိုယ်စားပြုခြင်း၊ ဥပဒေပြုခြင်းနဲ့ အပြန်အလှန်ထိန်းကျောင်းခြင်း လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ လွှတ်တော်များ အားကောင်းခိုင်မာဖို့ လိုအပ်ပုံကို ညွှန်းဆိုပြသတဲ့ တွန်းအားတစ်ရပ်လည်း ဖြစ်တယ်လို့ ဆိုချင်ပါတယ်။

**ဧည့်သည်တော်များခင်ဗျား-**

မြန်မာ့လွှတ်တော်အနေနဲ့ ယနေ့ကျင်းပတဲ့ ဒီမိုကရေစီနေ့အခမ်းအနားမှာ IPU နှစ် (၁၃၀)ပြည့် အထိမ်းအမှတ် လှုပ်ရှားမှုအပါအဝင် အထိမ်းအမှတ်ပြပွဲတစ်ရပ် ခင်းကျင်းပြသထားပါတယ်။ အထိမ်းအမှတ်ပြပွဲကို လေ့လာခြင်းဖြင့် IPUရဲ့ အတိတ်ကာလနဲ့ လက်ရှိကာလလုပ်ဆောင်ချက်များကို ဆက်စပ်ပြီး IPU နဲ့ မြန်မာ့ဒီမိုကရေစီရဲ့သမိုင်းကြောင်း တစ်စိတ်တစ်ပိုင်းကို လေ့လာတွေ့ရှိနိုင်ပါတယ်။ ဒါ့အပြင် ခိုင်မာအားကောင်းပြီး ထိရောက်တဲ့ စွမ်းဆောင်မှုရှိတဲ့ လွှတ်တော်များကသာ ယနေ့ကမ္ဘာမှာ ရင်ဆိုင်နေရတဲ့ ပြဿနာများကို ဖြေရှင်းပေးနိုင်မယ်ဆိုတဲ့အချက်ကို လေ့လာနိုင်တဲ့ အခွင့်အလမ်းလည်း ရရှိနိုင်ပါတယ်။

ဒီမိုကရေစီစနစ်ကျင့်သုံးရာမှာ နိုင်ငံသားပြည်သူများအကြား တစ်ဦးနဲ့တစ်ဦး အပြန်အလှန်ယုံကြည်မှု၊ နားလည်လေးစားမှု၊ ချစ်ကြည်ရင်းနှီးမှုတို့ဖြင့် အများစုရဲ့ သဘောထားကို လိုက်နာရသလို၊ လူအနည်းစုရဲ့သဘောထားကိုလည်း အလေးထားပြီး ဒီမိုကရေစီစနစ် ထာဝစဉ်ရှင်သန်ရင့်ကျက်အောင် ကြိုးပမ်းရမှာဖြစ်ပါတယ်။ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များ အောင်မြင်ရေးဟာ မျိုးဆက်သစ်လူငယ်များအပါအဝင် နိုင်ငံသားအားလုံးရဲ့ တာဝန်လည်းဖြစ်ပါတယ်။

ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတစ်ရပ်ပေါ်ထွန်းရေးမှာ မျိုးဆက်သစ် လူငယ်များအနေနဲ့ နိုင်ငံတည်ဆောက်ရေးကဏ္ဍအသီးသီးမှာ ပါဝင်လာဖို့ လိုအပ်ပါတယ်။ နိုင်ငံရဲ့ပုံရိပ်ကို စစ်မှန်တဲ့ ဒီမိုကရေစီဖက်ဒရယ်စနစ်နဲ့ အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် လူငယ်များကို ငယ်စဉ်ကပင် လေ့ကျင့်ပျိုးထောင်ပေးသွားရမှာဖြစ်ပါတယ်။ လူငယ်လူရွယ်များရဲ့ စိတ်သဏ္ဌာန်မှာ ဒီမိုကရေစီမျိုးစေ့ ရှင်သန်စေရေးရည်ရွယ်ပြီး ယခုနှစ် ကျင်းပတဲ့ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာနဲ့ ပန်းချီပြိုင်ပွဲများကို အလယ်တန်း အဆင့်၊ အထက်တန်း အဆင့်နဲ့ တက္ကသိုလ်အဆင့်တို့ဖြင့် သတ်မှတ်ဆောင်ရွက်ခဲ့ပြီး ဒီအခမ်းအနားမှာ ထိုက်သင့်တဲ့ ချီးမြှင့်မှုအစီအစဉ် ထည့်သွင်းထားပါတယ်။ ပြိုင်ပွဲအစီအစဉ်များ အောင်မြင်စွာ ပြီးမြောက်တဲ့အထိ ပူးပေါင်းဆောင်ရွက်ပေးတဲ့ ပညာရေးဝန်ကြီးဌာန၊ ဖျော်ဖြေရေးအစီအစဉ်များကို ဆောင်ရွက်ပေးပါသော သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနဲ့ အခမ်းအနားပြင်ဆင်ရေး၊ ဧည့်ခံကျွေးမွေးရေးတို့ကို စေတနာဖြင့် အဘက်ဘက်က ပါဝင်ကူညီဆောင်ရွက်ပေးကြတဲ့ အဖွဲ့အစည်း အသီးသီးကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း ထည့်သွင်းပြောကြားလိုပါတယ်။

**ဧည့်သည်တော်များခင်ဗျာ-**

မိမိတို့နိုင်ငံတော်ကို အားလုံးရည်မှန်းတဲ့ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီးအဖြစ် တည်ဆောက်ရာမှာ နိုင်ငံသူ၊ နိုင်ငံသား တိုင်းရင်းသား ပြည်သူများအားလုံးတို့ရဲ့ စုပေါင်းအင်အားနဲ့ တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါစို့လို့ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

# ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် အလှူငွေများ လာရောက်လှူဒါန်း



**ရန်ကုန် စက်တင်ဘာ ၁၅**


မြန်မာနိုင်ငံအတွင်း ဖြစ်ပွားခဲ့သော ရေဘေးသင့်ဒေသများ အလျင်အမြန် ပြန်လည်ထူထောင်ရေးအတွက် စေတနာရှင်ပြည်သူများ၏ လှူဒါန်းငွေများ၊ လူအသုံးအဆောင်ပစ္စည်းများကို ယမန်နေ့ ညနေပိုင်းက ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးသို့ လာရောက်လှူဒါန်းကြရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံရယူသည်။

အခမ်းအနားတွင် အလှူရှင်များကိုယ်စား အလှူရှင်တစ်ဦးက ရေဘေးသင့်ဒေသများအတွက် လာရောက်လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အလှူငွေများကို ပေးအပ်ရာ ဒဂုံအရှေ့စက်မှုဇုန်အပိုင်း(၁) အဆင့်မြှင့်တင်ကြီးကြပ်မှုကော်မတီက ငွေကျပ် ၇၇၅၅၀၀၀ နှင့် ငွေကျပ် ၁၁၈၅၀၀၀ တန်ဖိုးရှိ လူအသုံးအဆောင်ပစ္စည်းများ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ရွာသာကြီး အလတ်စားစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီက ငွေကျပ် ၁၁၉၃၀၀၀၊ KoeKoe Tech IT Social Enterprise က ငွေကျပ် ၁၀၀၀၀၀၀ နှင့် ငွေကျပ် ၃၁၈၀၀ တန်ဖိုးရှိ စားသောက်ကုန်ပစ္စည်းများ၊ ကျောင်းအကျိုးတော်ဆောင် ဒေါ်ခင်ယုမွန် ဦးစီးသော အထက (၁)ဒဂုံမြို့နယ်၏ ၂၀၁၈-၂၀၁၉ တက္ကသိုလ်ဝင်တန်း EC ကျောင်းသား ကျောင်းသူများက ငွေကျပ် ငါးသိန်း၊ (၁၄၄) ရပ်ကွက် အသံ၊ အနံ့ စက်မှုဇုန်ကော်မတီက ငွေကျပ် ၃၁၅၀၀၀ တို့ကို အသီးသီးပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားသည်။

**သတင်းစဉ်**

■ စာမျက်နှာ ၆ မှ

ပူးပေါင်းဆောင်ရွက်ဖို့ဟာ ဒီနေ့ကျွန်မတို့ ညွှန်ပြလိုက်တဲ့တာဝန်ပဲ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မတို့ရဲ့ ဒီမိုကရေစီအတွက် ကြိုးပမ်းတဲ့နေရာမှာ အားလုံးတစ်ဦးချင်းကိုယ့်ရဲ့တန်ဖိုးကို မမေ့ဖို့လိုပါတယ်။ ပြည်သူ့အင်အားဆိုတာ အားလုံးစုပေါင်းမှ ဖြစ်တာပါ။ တစ်ဦးချင်းမှာတန်ဖိုးရှိပါတယ်။ အဲဒီတန်ဖိုးကို မှန်မှန်ကန်ကန် သုံးပါ။ ကျွန်မတို့ရဲ့ပြည်သူ့အင်အားကို ကောင်းမွန်တဲ့ အင်အားဖြစ်အောင်လို့ ကြိုးစားစေချင်ပါတယ်။ ဒီလို ကောင်းမွန်တဲ့ အင်အားဖြစ်လာမှ ကောင်းမွန်တဲ့ နိုင်ငံတစ်ခု ထူထောင်နိုင်မယ်။ ကောင်းမွန်တဲ့ ကမ္ဘာကြီးတစ်ခုကို ထူထောင်နိုင်မှာ ဖြစ်ပါတယ်။ တချို့တွေက ဒီမိုကရေစီစနစ်ဆိုတာဟာ ကိုယ်ရဖို့အတွက်လို့ ထင်ကြပါတယ်။ တကယ်တော့ ရဖို့အတွက်ပဲ စဉ်းစားတဲ့သူများဟာ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးမထားတာပဲ။ ပေးဖို့အတွက်စဉ်းစားမှ ကိုယ့်တန်ဖိုးကို ကိုယ်သိတယ်ဆိုတာကို သတိချပ်စေချင်ပါတယ်။ ကျွန်မတို့အားလုံးဟာ ပေးချင်တဲ့ နိုင်ငံသူနိုင်ငံသားများဖြစ်စေချင်ပါတယ်။ တစ်ဦးချင်းဟာ ဒီနိုင်ငံရဲ့ ဒီမိုကရေစီအတွက် ဒီကမ္ဘာကြီးရဲ့ ဒီမိုကရေစီအတွက် ပေးဆပ်ချင်တဲ့သူများ ဖြစ်စေချင်ပါတယ်။ ဒါပေမယ့် ကိုယ့်အတွက်လည်း ကိုယ်လုပ်နိုင်တဲ့အစွမ်းနဲ့ လုပ်သင့်၊ မလုပ်သင့်ကို ခွဲခြားနိုင်တဲ့ ပညာရှိဖို့ဆိုတာကလည်း အင်မတန်မှ အရေးကြီးပါတယ်။ အင်အားကို သုံးချင်တိုင်းသုံးလို့ မဖြစ်ပါဘူး။ သုံးသင့်၊ မသုံးသင့်ဆိုတာကို ဆင်ခြင်နိုင်ရပါမယ်။ ဒါကြောင့် ယခု အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အခမ်းအနားမှာ စုပေါင်းပြီး အားလုံး တကယ့်ကို နိုင်ငံအပေါ်မှာ စေတနာနဲ့ လူသားများအပေါ်မှာ စေတနာနဲ့ ဒီမိုကရေစီရှင်သန်ရေးအတွက် ဒီမိုကရေစီယဉ်ကျေးမှုအဓိပ္ပာယ် မှန်မှန်ကန်ကန် ဖော်နိုင်ရေးအတွက်လုပ်သွားကြပါစို့လို့ တိုက်တွန်းရင်းနဲ့ နိဂုံးချုပ်ပါတယ်။



ကချင်ပြည်နယ် ပြည်သူ့ပါတီ၏ စာတမ်းကို ဦးလမာနော်အောင် ဖတ်ကြားစဉ်။



တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့၏ စာတမ်းကို ဒုတိယဗိုလ်မှူးကြီး ကျော်မိုးအောင် ဖတ်ကြားစဉ်။



လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ)၏ စာတမ်းကို ဦးအာမိုးစီ ဖတ်ကြားစဉ်။



ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO) ပါတီ၏စာတမ်းကိုဦးခွန်အောင်ကျော် ဖတ်ကြားစဉ်။



ဇိုမီး ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ စာတမ်းကို ဒေါ်ကျိန်ငိုက်မန် ဖတ်ကြားစဉ်။



တအာင်း(ပလောင်)အမျိုးသားပါတီ၏ စာတမ်းကို ဦးဝင်းထူး ဖတ်ကြားစဉ်။

❍ စာမျက်နှာ ၄ မှ

အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လွှတ်တော်ဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ သံတမန်များ၊ ကမ္ဘာ့ပါလီမန်များအဖွဲ့၊ ပါလီမန်များသမဂ္ဂ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် လွှတ်တော်မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**



ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏စာတမ်းကိုဦးစိုင်းထွန်းအေး ဖတ်ကြားစဉ်။




ရခိုင်အမျိုးသားပါတီ၏ စာတမ်းကို ဦးဦးထွန်းဝင်း ဖတ်ကြားစဉ်။



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏စာတမ်းကို ဒေါ်ယဉ်မင်းမြင့်ဆွေ ဖတ်ကြားစဉ်။



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏စာတမ်းကိုဦးသက်နောင် ဖတ်ကြားစဉ်။



## လူငယ်နှင့် ပရဟိတခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ သထုံမြို့၌ ပြုလုပ်

**သထုံ စက်တင်ဘာ ၁၅**

မွန်ပြည်နယ် သထုံမြို့တွင် လွှတ်တော်ကိုယ်စားလှယ်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းကာ လူငယ်နှင့် ပရဟိတ ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက အထက(၄)သထုံကျောင်း၏ ဉာဏ်ဝေယံ(၂)ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သထုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင်က အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်လေးနွယ်က စကားဝိုင်းဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် စကားဝိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ သထုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွဋ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်လဲ့၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်သူနှင့် တာဝန်ရှိသူများက လူငယ်များအနေဖြင့် ပရဟိတလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်သင့်ကြောင်း၊ ပရဟိတလုပ်ဆောင်ရာတွင် ထားရှိရမည့် စိတ်ဓာတ်၊ ခံယူချက်များနှင့် ပြုမူနေထိုင်သင့်သည့် နည်းလမ်းများ အစရှိသည့် အချက်များစွာကို ဦးဆောင်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

❖

## ကျောက်ကပ်နှင့် အသည်းအစားထိုးကုသမှုဆိုင်ရာ ကျန်းမာရေးဟောပြောပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၁၅**

ကျောက်ကပ်နှင့် အသည်းအစားထိုးကုသမှုဆိုင်ရာ ကျန်းမာရေးဟောပြောပွဲကို စက်တင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီက မန္တလေးမြို့ ၇၈ လမ်း၊ ၃၇ လမ်းနှင့် ၃၈ လမ်းကြားရှိ ဟိုတယ်မန္တလေး နှင်းဆီဖြူခန်းမ၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ကျောက်ကပ်အထူးကုဆရာဝန်ကြီး ဒေါက်တာ Sandipan Haldar နှင့် အသည်းခွဲစိတ်အထူးကု ဆရာဝန်ကြီး ဒေါက်တာ Sumit Gulati က ကျောက်ကပ်နှင့် အသည်းအစားထိုးကုသမှုဆိုင်ရာ ကျန်းမာရေးအသိပညာများ ဟောပြောခဲ့သည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းကြပြီး ဆရာဝန်ကြီးများက ပြန်လည်ဖြေကြားသည်။ **တင်ဇာလှိုင် (ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ကာဘိုးရေလှောင်ဆည်မှ စိုက်ပျိုးရေ ခွဲဝေပို့လွှတ်ပေးနေမှုအား ကြည့်ရှုစစ်ဆေး




**နေပြည်တော် စက်တင်ဘာ ၁၅**

ဖော်ထုတ်ပြီး ဆည်ရေသောက်စနစ်များ၏ အကျိုးသက်ရောက်မှုနှင့် ဆက်လက်ဆောင်ရွက်ရမည့် တူးမြောင်းစနစ်ဆိုင်ရာများ လေ့လာစိစစ်ခြင်းလုပ်ငန်းများနှင့်အတူ ဖြစ်နိုင်စွမ်းရှိသည့် ရေသောက်စနစ်များတိုးချဲ့ဖော်ထုတ်ပေးနိုင်ရေးကိုလည်း ထည့်သွင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောကြားသည်။

**ဆွေးနွေးမှာကြား**

သက်ဆိုင်ရာဌာနများအနေဖြင့်လည်း အချင်းချင်း ပူးပေါင်းညှိနှိုင်းပြီး စိုက်ပျိုးရေချွေတာနိုင်သည့် သီးနှံပုံစံပြောင်းလဲစိုက်ပျိုးနိုင်ရေးအတွက် အစီအမံများရေးဆွဲချမှတ်ကာ တောင်သူများကို အသိပေးစည်းရုံးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ယမန်နေ့ ညနေပိုင်းက ကာဘိုးရေလှောင်ဆည်သို့ ရောက်ရှိစဉ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခြင်းဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ တိုင်းဒေသကြီးဝန်ကြီး ဦးကမ်ဇာမုံနှင့်အဖွဲ့သည် ကာဘိုးရေလှောင်ဆည်ကြံ့ခိုင်မှု၊ စိုက်ပျိုးရေခွဲဝေပို့လွှတ်ပေးနေမှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက သဖန်းဆိပ်ဆည်မှ ပို့လွှတ်လိုက်သော ရေအပါအဝင် နှစ်စဉ်ပျမ်းမျှစီးဝင်ရေ ဧကပေ ၄၄၈၇၅၀၀ ကို ကာဘိုးရေလှောင်ဆည်မှ ထိန်းသိမ်း၍ မြောင်းမတော်များမှတစ်ဆင့် စိစစ်ပြီး စိုက်ပျိုးမြေ ၃၃၉၀၄၂ ဧကအား စိုက်ပျိုးရေဖြန့်ဝေ အကျိုးပြုလျက်ရှိနေမှု၊ သက်တမ်းကြာမြင့်လာမှုကြောင့် ရေလှောင်ဆည်နှင့် ဆက်စပ်အဆောက်အအုံများ၏ ချို့ယွင်းအားနည်းလာမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ကာဘိုးရေလှောင်ဆည်အနီး ဒေသနေတောင်သူများနှင့်တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ပြောင်းလဲသက်ရောက်လျက်ရှိသည့် ရာသီဥတုနှင့် လိုက်လျောညီထွေစွာ စိုက်ပျိုးထုတ်လုပ်နိုင်ရန် လာမည့်ဆောင်းသီးနှံနှင့် နွေသီးနှံများအတွက် တောင်သူတွက်ခြေကိုက်သော သီးနှံမျိုးများပြောင်းလဲစိုက်ပျိုးနိုင်ရေးကို မိမိတို့ဝန်ကြီးဌာနက ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဆန်စပါးအဓိကစိုက်ပျိုးမှုမှ တွက်ခြေကိုက် သီးနှံဦးစားပေးစိုက်ပျိုးထုတ်လုပ်မှုသို့ ပြောင်းလဲကြရန်လိုကြောင်း၊ အစားအစာ ဘေးကင်းလုံခြုံရေးဦးစားပေးလာသည့် ဈေးကွက်အခြေအနေနှင့် အခြားသော ဈေးကွက်သတင်းအချက်အလက်များ ရယူအသုံးပြုနိုင်ရေးအတွက် ဆိုရှယ်မီဒီယာများကို အကျိုးရှိစွာ အသုံးချကြစေလိုကြောင်း၊ "မိမိဒေသဖွံ့ဖြိုးရေးအတွက် မိမိကိုယ်တိုင် ပါဝင်ဖို့ လိုအပ်တယ်"ဟူသော စိတ်ဓာတ်ထားရှိကြပြီး ပူးပေါင်းဆောင်ရွက်လိုမှုဖြင့် မိမိတို့ ဒေသဖွံ့ဖြိုးရေးကို စိတ်တူကိုယ်တူ ဆန္ဒတူဖြင့် ဝိုင်းဝန်းကြိုးပမ်းပေးကြရန် တိုက်တွန်းလိုကြောင်း ဆွေးနွေးပြောကြားသည်။

**ကွန်ကရစ်ရေလှောင်ဆည်**

ကာဘိုးရေလှောင်ဆည်သည် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ကာဘိုးကျေးရွာအနီး မူးမြစ်ပေါ်တွင် တည်ရှိပြီး ၁၉၀၁ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ကာ ၁၉၀၅ ခုနှစ်တွင် ပြီးစီးခဲ့သည့် ကွန်ကရစ်ရေလှောင်ဆည်အမျိုးအစားဖြစ်သည်။ ဆည်တစ်ခုလုံး အလျား ၇၁၇ ပေရှိပြီး ရေဆင်းဇရိယာ ၄၈၂၈ စတုရန်းမိုင် ရှိသည်။ မြောင်းမတော်ကြီးများမှ ရေပေးလက်တံမြောင်း ၁၆၇ ခုခွဲထွက်ပြီး အလျား ၅၉၅ ဒသမ ၅၀၉ မိုင်ရှိ မြောင်းခွဲလက်တံများမှ ဖြန့်ဝေလိုက်သော စိုက်ပျိုးရေများကို ရွှေဘို၊ ဝက်လက်၊ ခင်ဦး၊ ရေဦး၊ စစ်ကိုင်း၊ ဒီပဲယင်း၊ အရာတော်နှင့် ကန့်ဘလူမြို့နယ်များရှိ တောင်သူများ အကျိုးခံစားရလျက်ရှိသည်။ စစ်ကိုင်းတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ ဆီအိုးကြီးဟု တင်စားနိုင်သကဲ့သို့ ရွှေဘိုပေါ်ဆန်းကဲ့သို့သော အရည်အသွေးကောင်းသီးနှံများ အပါအဝင် သီးနှံစုံစိုက်ပျိုးဖြစ်ထွန်းသော ရေခံမြေခံကောင်းများရှိပြီး စိုက်ပျိုးမြေဧက ငါးသိန်းခန့်ကို စိုက်ပျိုးရေပေးဝေနိုင်သည့် သဖန်းဆိပ်ရေလှောင်တမံကြီးကြောင့် လယ်ယာကဏ္ဍစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းသည့် ဒေသတစ်ခု ဖြစ်ကြောင်း သိရသည်။





**သတင်းစဉ်**

# မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွားကောင်စီ ပထမအကြိမ် နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၅**

မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီ ပထမအကြိမ် နှစ်ပတ်လည်အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ သူနာပြုတက္ကသိုလ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အရေးကြီးသော အင်အားစု**

အခမ်းအနားတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဝန်ကြီးဌာန၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဓိကကျသော အင်အားစုကြီးသုံးခုဖြစ်သည့် ဆရာဝန်များ၊ သူနာပြုများနှင့် အခြေခံကျန်းမာရေးဝန်ထမ်းများအနက် သူနာပြု ဆရာမများသည် အရေးကြီးသော အင်အားစုကြီးတစ်ခု ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွားကောင်စီသည် ဤကဲ့သို့အရေးကြီးသော သူနာပြုနှင့် သားဖွားဆရာမများ၏ အရည်အသွေးမြင့်မားရေး၊ ကျင့်ဝတ်နှင့်အညီ ဆောင်ရွက်ရေးတို့အတွက် ထိန်းသိမ်းကြီးကြပ်ပေးနေရသော အလွန်အရေးကြီးသည့် အဖွဲ့အစည်းကြီးတစ်ခု ဖြစ်ပါကြောင်း၊ သူနာပြုနှင့်သားဖွားဆရာမ လုပ်ငန်းနယ်ပယ်ဖွံ့ဖြိုးတိုးတက်ရေးသည် ကောင်စီ၏ လုပ်ငန်းများဆောင်ရွက်မှုများ စနစ်ကျနပီပြင်မှုအပေါ် တည်မှီနေပါကြောင်း။

မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွားကောင်စီအသစ်ကို ၂၀၁၈ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်တွင် ကောင်စီဝင် ၆၀ ဖြင့် ပြန်လည်ဖွဲ့စည်းပေးအပ်ခဲ့ပြီး ဖွဲ့စည်းတာဝန်ပေးသည့်အချိန်မှစပြီး ကောင်စီအဖွဲ့ဝင်များသည် စိတ်ဆန္ဒခိုင်မာအားကောင်းစွာဖြင့် လုပ်ငန်းများကိုကောင်းမွန်စွာ ကြိုးစားအားထုတ်ဆောင်ရွက်နေသည်ကို တွေ့ရှိရပါကြောင်း။



သူနာပြုများ၏ အရည်အသွေးနှင့်အဆင့်အတန်း မြင့်မားလာရေးအတွက် ကောင်စီသည် ဝန်ကြီးဌာနနှင့် ပူးပေါင်း၍ လုပ်ငန်းလမ်းညွှန်များ၊ စံချိန်စံညွှန်းများ၊ လုပ်ထုံးလုပ်နည်းများကို ပြုစုထုတ်ဝေခဲ့သည်ကို တွေ့ရှိရပါကြောင်း။

ပိုမို၍အရေးကြီးသည်မှာ သူနာပြုနှင့်သားဖွားဆရာမများ၏ ကျင့်ဝတ်သိက္ခာကို အစဉ်ထိန်းသိမ်းနိုင်ရန်အတွက်လည်းကောင်း၊ သူနာပြုနှင့်သားဖွားဆရာမများ၏ လုပ်ငန်းပိုင်းဆိုင်ရာ ဆောင်ရွက်မှု၌ အကာအကွယ်ပေးနိုင်ရန်လည်းကောင်း၊ သူနာပြုနှင့်သားဖွားဆရာမများ အဆင့်အတန်းမြင့်မားစွာ လေ့ကျင့်သင်ကြားနိုင်ရန်လည်းကောင်း၊ သူနာပြုတက္ကသိုလ်များ၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း ၅၀ တို့နှင့် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

**အတွေ့အကြုံများဖလှယ်**

တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ကော်မတီဝင်များ အချင်းချင်း အတွေ့အကြုံများဖလှယ်၍ ပိုမိုအကျိုးရှိ တိုးတက်အောင် ဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ ပုဂ္ဂလိကသူနာပြုကျောင်းများ ဖွင့်လှစ်နိုင်ရေးအတွက် ကောင်စီကစံချိန်စံညွှန်းနှင့် ပညာရေးအရည်အသွေး အဆင့်အတန်း ပြည့်မီရေးစနစ်တကျအကဲဖြတ်ခြင်း၊ ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရှိရပြီး ပုဂ္ဂလိကသူနာပြုကျောင်း လေးကျောင်းကို ဝန်ကြီးဌာနကလည်း ကြိုးစားဆောင်ရွက်လျက်ရှိရာ မကြာမီ ဖွင့်လှစ်ခွင့်ပေးနိုင်တော့မည်ဖြစ်ပါကြောင်း။

ထိုပုဂ္ဂလိကကျောင်းများသည် ပြည်ပနိုင်ငံများနှင့် ဖက်စပ်ဆောင်ရွက်ခြင်းဖြစ်၍ မိမိတို့ဝန်ကြီးဌာနဘက်က ဆရာ ဆရာမများလည်း အချိန်ပိုင်းသွားရောက်သင်ကြားနိုင်မည်ဖြစ်သဖြင့် နှစ်ဦးနှစ်ဖက် အကျိုးရှိမည်ဖြစ်ကြောင်း၊ ၂၀၁၉ခုနှစ်အတွင်းတွင် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီအနေဖြင့် သူနာပြုကျင့်ဝတ်ဆိုင်ရာဟောပြောပွဲများနှင့် သူနာပြုများ အရည်အသွေးစဉ်ဆက်မပြတ်တိုးတက်စေရေးဆွေးနွေးပွဲများကို ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့တွင်လည်းကောင်း၊ ပုဂ္ဂလိကဆေးရုံကြီးများတွင်လည်းကောင်း ဆောင်ရွက်ဟောပြောခဲ့သဖြင့် အလွန်ကောင်းမွန်ပါကြောင်း။

သူနာပြုနှင့် သားဖွားဆရာမများအားလုံး တစ်ဦးနှင့်တစ်ဦး အပြန်အလှန်လေးစားမှုဖြင့် အသင်းအဖွဲ့စိတ်ဓာတ်ဖြင့် ညီညီညွတ်ညွတ်ဆောင်ရွက်လျှင် သူနာပြုနှင့် သားဖွားဆရာမများ၏ပုံရိပ် ပိုမိုမြင့်မားလာမည်ဖြစ်ပါကြောင်း၊ ပြည်သူလူထုအား အရည်အသွေးပြည့်ဝပြီး ကျင့်ဝတ်နှင့်ညီသော ပြုစုစောင့်ရှောက်မှုများပေးနိုင်ရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် တစ်သင်းတစ်ဖွဲ့တည်းသဘောထား၍ ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီဥက္ကဋ္ဌ ဒေါ်နွဲ့နွဲ့ခင်က နှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ပြခန်းငယ်အား လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဖေ့စ်ဘွတ် ဘယ်လိုသုံးမလဲ

**■ ရှင်မင်း**

မြန်မာ့လူမှုအသိုင်းအဝိုင်းတွင် ဖေ့စ်ဘွတ်သုံးစွဲမှုသည် ယခုအခါ စိမ့်ဝင်ပျံ့နှံ့လျက်ရှိသည်။ ဖေ့စ်ဘွတ်ကို စွဲစွဲလမ်းလမ်းသုံးစွဲမှုများ ရှိလာသည်။ ဘာလုပ်လုပ် ဖေ့စ်ဘွတ်တင်ရမှ ကျေနပ်သူများလည်း ရှိလာသည်။ ဖေ့စ်ဘွတ်တင်လိုက်သည့်အတွက် တစ်ပါးသူ အလွဲအသုံးပြုနိုင်သည့် ကိုယ်ရေးကိုယ်တာ အချက်အလက် ပေါက်ကြားမှုလည်း များစွာရှိလာသည်။ ဖေ့စ်ဘွတ်မှတစ်ဆင့် အဖြစ်အပျက်များကို လျင်မြန်စွာ သိရှိနိုင်သည် မှန်သော်လည်း အပြုသဘောမဆောင်သည့် အတားအဆီးမဲ့ ရေးကြ၊ ပြောကြ၊ ဝေဖန်ကြသည်များ ရှိလာသည်။ အမှန်တရားမဟုတ်ဘဲ လုပ်ကြံဖန်တီးထားသော အဖြစ်အပျက်များသည်လည်း ဖေ့စ်ဘွတ်သုံးစွဲသူများအကြား ပျံ့နှံ့နေသည်။

မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော် ရှိသော်လည်း မိုဘိုင်းဆင်းကတ်သုံးစွဲမှု သန်း ၆၀ ကျော်ရှိကာ လူမှုမီဒီယာသုံးစွဲသူ သန်း ၂၀ ကျော်ရှိသည်ဟု သိရှိရသည်။ Facebook၊ Viber၊ Twitter၊ Skype အစရှိသည်ဖြင့် ထင်ရှားအသုံးများသည့် လူမှုမီဒီယာများအနက်မှ Facebook သည် မြန်မာနိုင်ငံတွင် သုံးစွဲမှုအများဆုံးဖြစ်သည်။

**ဖေ့စ်ဘွတ် သုံးစွဲမှုအတွေ့အကြုံ**

"တစ်ခါက ကျွန်တော်တို့မိသားစုဓာတ်ပုံကို ကျွန်တော် ဖေ့စ်ဘွတ်မှာ တင်ပါတယ်။ ဒီအောက်မှာ ကျွန်တော်နဲ့ တစ်ခါမှ သိကျွမ်းခြင်းလည်းမရှိ၊ ရန်ငြိုးရန်စလည်းမရှိတဲ့သူတစ်ယောက်က လာပြီး ကော့မန့်ရေးပါတယ်။ ရေးထားတယ်ဆိုတာထက် ဆဲထားတာပါ။ ကျွန်တော်လည်း မက်ဆင်ဂျာကနေ ရေးတဲ့သူကို ဘာဖြစ်လို့ ဆဲတာလဲလို့ မေးကြည့်ပါတယ်။ အဖြေမပြန်ပါဘူး။ ဒီလိုဖြစ်ပြီးနောက်ပိုင်း ဖေ့စ်ဘွတ်တင်ချင်ရင် Privacy ကို ထည့်စဉ်းစားလာတယ်။ လာပြီး Add တဲ့သူတွေဆို Mutual Friend မရှိရင် လက်မခံရဲတော့ဘူး။ Post လည်း အရင်လို မတင်ရဲတော့ဘူး။ Post တင်ရင်လည်း Privacy ကို Public မလုပ်တော့ဘဲ Friend နဲ့ပဲ တင်ဖြစ်တော့တယ်" ဟု လူမှုမီဒီယာဖေ့စ်ဘွတ် သုံးစွဲမှုအတွေ့အကြုံကို ကိုကျော်ဌေးက ပြောပြသည်။

ဒစ်ဂျစ်တယ်နည်းပညာကြောင့် သတင်းအချက်အလက်ဖြန့်ဝေနိုင်မှု ကောင်းမွန်လာခဲ့သော်လည်း တစ်ဖက်တွင် မှန်ကန်သော သတင်းအချက်အလက် ရယူသုံးစွဲနိုင်ရေးနှင့် သတင်းအချက်အလက်အပေါ် အမှား၊ အမှန် စိစစ်နိုင်ရေးသည် မြန်မာ့လူမှုပတ်ဝန်းကျင်တွင် လိုအပ်နေပြီဖြစ်သည်။

**လိမ်လည်ခြိမ်းခြောက်ခံရနိုင်**

မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုအားနည်းခြင်းကြောင့် လူမှုမီဒီယာ ဖေ့စ်ဘွတ်သုံးစွဲမှုမှတစ်ဆင့် ပြဿနာများ ဖြစ်ပေါ်ဝင်ရောက်လာနိုင်သည်။ ယခုအခါ ဖေ့စ်ဘွတ်ပေါ်မှတစ်ဆင့် လိမ်လည်ငွေတောင်းခံခြင်း၊ ဖေ့စ်ဘွတ်အကောင့်ခိုးယူ၍ ငွေခြိမ်းခြောက်တောင်းခံခြင်းကဲ့သို့ ကိစ္စရပ်များ ဖြစ်ပေါ်လျက်ရှိသည်။

ထိုကဲ့သို့ ဖေ့စ်ဘွတ်သုံးစွဲမှုမှတစ်ဆင့် လိမ်လည်ခံရခြင်း၊ ခြိမ်းခြောက်ခံရခြင်းတို့ တွေ့ကြုံရပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ တိုင်ကြားနိုင်ကြောင်း သိရသည်။

"ဖေ့စ်ဘွတ်ပေါ်ကနေ ငွေကြေးလိမ်လည်ခံရတာ နှစ်မျိုးရှိပါတယ်။ ဖေ့စ်ဘွတ်အကောင့် ခိုးယူပြီး ငွေညှစ်တဲ့ Blackmail တစ်မျိုးလည်းရှိပါတယ်။ ငွေလိမ်နည်း နှစ်မျိုးကတော့ အကောင့်ကို Hack ပြီး ကိုယ့်မိတ်ဆွေတွေဆီမှာ ငွေချေးတာမျိုး၊ ညနေပြန်ပေးမယ် သူငယ်ချင်းရေ၊ လမ်းခုလတ် ငွေလိုလို့၊ ကားပျက်လို့ဆိုပြီး ငွေချေးတာမျိုးတွေပါ။ ဒါက တရားခံ ဘယ်သူဘယ်ဝါမသိတဲ့ကိစ္စဖြစ်တတ်ပါတယ်။ နောက်တစ်ခုက ဖေ့စ်ဘွတ်ပေါ်ကနေ လူယုံကြည်အောင် အကွက်ဆင်၊ မက်ဆင်ဂျာမှာ အပြန်အလှန်ပြောဆိုပြီး စုကြေးငွေစုခိုင်းပြီးမှ လိမ်လည်တဲ့ကိစ္စဖြစ်ပါတယ်။ ဒီကိစ္စကတော့ လူချင်းသိကြတာများတဲ့ ကိစ္စဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ် မှူခင်းရဲတပ်ဖွဲ့ နည်းပညာမှုခင်းဌာနမှ ရဲမှူးကြီး ညွန့်ဝေက အင်တာဗျူးတစ်ခုတွင် ဖြေကြားထားသည်။

**ရှောင်ကြဉ်ရန်လိုအပ်**

နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်လျှင် မိမိ၏ ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်ရှိသည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅၄ တွင် ဖော်ပြပါရှိသည်။

လူမှုမီဒီယာ အထူးသဖြင့် ဖေ့စ်ဘွတ်ပေါ်တွင် မိမိ၏ ပုဂ္ဂလိကလွတ်လပ်မှုကြောင့် အခြားသူများကို အနှောင့်အယှက်မဖြစ်သင့်ပေ။ ထို့အတူ လူမျိုး၊ နိုင်ငံ၊ ဘာသာရေး၊ ဒေသ၊ ကျား/မ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာ ခံယူမှု၊ မသန်စွမ်းသူများနှင့် နာတာရှည်ရောဂါဖြင့် ကျန်းမာရေးချို့တဲ့သူများကို ထိခိုက်နာကျင်စေမည့် အမုန်းစကားများ ပြောကြားခြင်း၊ ဖြန့်ဝေခြင်းကို ရှောင်ကြဉ်ရန်လိုအပ်သည်။

**ခွဲခြားသိရှိရန် လိုအပ်**

"လူမှုမီဒီယာက အသုံးများလာတော့ တချို့နိုင်ငံတွေမှာဆို အလုပ်ခန့်ဖို့ ရွေးချယ်ရင် လာလျှောက်တဲ့သူရဲ့ လူမှုမီဒီယာစာမျက်နှာကို ကြည့်တာမျိုးရှိလာတယ်လို့ သိရတယ်။ လာလျှောက်တဲ့သူဟာ စိတ်ခံစားမှုတွေ အမြဲတမ်းဖော်ပြတတ်သူလား၊ Privacy ထားရမှာတွေကို ဖွင့်ချတတ်သူလား၊ တခြားသူတွေကို အပြစ်မြင်တတ်သူလား ဒါတွေကို ကြည့်တာမျိုး ရှိလာတယ်လို့ သိရတယ်။ ကိုယ့်ပတ်ဝန်းကျင်မှာလည်း ကျောင်းသားအရွယ် စာပေဘက်လှေ့လာရမှာကို ဖုန်းနဲ့ အချိန်ကုန်နေတာမျိုးတွေ ရှိလာတယ်။ မိသားစုအားလပ်ချိန်တောင် စကားမပြောတော့ဘူး။ ဖုန်းပဲ သုံးကြတယ်။ ဘယ်အရာပဲဖြစ်ဖြစ် ကိုယ့်ဘဝအတွက် ဘယ်ဟာက အရေးကြီးတယ်၊ အရေးမကြီးဘူးဆိုတာ ခွဲခြားဖို့လိုပါတယ်"ဟု အငြိမ်းစား ကျောင်းဆရာကြီးတစ်ဦးက ဆိုသည်။

"ဖေ့စ်ဘွတ်က အတော်စုံတဲ့ မီဒီယာတစ်ခုလို့လည်း ပြောလို့ရတယ်။ ဖေ့စ်ဘွတ်သုံးရင်းနဲ့ ဖေ့စ်ဘွတ်မှာ အမှန်မဟုတ်ဘဲ တင်တာမျိုးတွေ၊ အရင်နှစ်တွေက ဖြစ်ပျက်တာတွေကို Memories ပြန်ပေါ်တာမျိုးမဟုတ်ဘဲ အခုမှဖြစ်သလိုမျိုး၊ ဥပမာ အရင်တုန်းက ရေကြီးခဲ့တာကို အခုရေကြီးနေသလိုမျိုး Copy ယူပြီး ပြန်တင်တာမျိုးတွေ၊ ဖြတ်ညှပ်ကပ် လုပ်ထားတာမျိုးတွေ ဒီလို အတုအယောင်တွေ အများကြီးရှိတာကို သိလာရတယ်။ သတင်းပေ့ချ် အတုတွေတောင်ရှိတယ်။ အခုတော့ သတင်းအကြောင်းအရာတစ်ခုကိုသိချင်ရင် အပြာရောင် အမှတ်အသား(Blue Mark) ပါတဲ့ သတင်းမီဒီယာက သတင်းတွေကို ကြည့်တယ်။ ဖေ့စ်ဘွတ်မှာ ဒီလိုအတုအယောင်တွေရှိတာ ပြည်သူတွေအားလုံးသိအောင် အသိပညာပေးသင့်တယ်လို့ ထင်ပါတယ်။ ဖေ့စ်ဘွတ်သုံးရင်းနဲ့ ဘယ်သူ့အတွက်မှ အကျိုးမရှိဘဲ ဆဲဆိုတာတွေ၊ ဝေဖန်တာတွေ၊ အတုအယောင်တွေ ရှိနေတော့ အရင်ကလို အချိန်အကြာကြီး မသုံးဖြစ်တော့ဘူး။ ဖေ့စ်ဘွတ်က ဘဝမဟုတ်ဘူးလို့ ခံယူထားတယ်"ဟု ဖေ့စ်ဘွတ်သုံးစွဲသူ မကေသီခိုင် က ၎င်း၏ အတွေ့အကြုံကို ပြောပြသည်။

ပြည်သူများအကြား လူမှုမီဒီယာ အသုံးများလာသည့်အတွက် မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု အသိပညာပေးလုပ်ငန်းများကို နိုင်ငံတစ်ဝန်း လုပ်ဆောင်ရန် လိုအပ်နေသည်။

လူတိုင်းနီးပါး လူမှုမီဒီယာများ သုံးစွဲလာသည့် ယနေ့ခေတ်တွင် လူမှုမီဒီယာမှ ပေးလာသည့် သတင်းအချက်အလက်များသည် မှန်သည်၊ မှားသည် ခွဲခြားသိရှိလာရန် အရေးပါလာပေသည်။ ထို့အတွက် ပြည်သူများအကြား မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှုဆိုင်ရာ အသိပညာများ ဖြန့်ဝေရမည်ဖြစ်သည်။ လူမှုမီဒီယာ ဖေ့စ်ဘွတ်နှင့်ပတ်သက်၍ "ချင့်ယုံ၊ ကြည့်ရှဲ (Share)၊ ချိန်ပြော" ဟူသည့် အသိပညာပေးဆောင်ပုဒ်ပါအတိုင်း လူမှုမီဒီယာတွင် တွေ့မြင်ရသည်များကို ချင့်ချိန်ယုံကြည်ရန်၊ စိစစ်စဉ်းစားပြီးမှ ရှဲ(Share) လုပ်ရန်၊ Post တင်ခါနီး အကျိုး၊ အပြစ် ချိန်ဆရန် လိုအပ်နေပြီဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

> **ဒစ်ဂျစ်တယ်နည်းပညာကြောင့် သတင်းအချက်အလက်ဖြန့်ဝေနိုင်မှု ကောင်းမွန်လာခဲ့သော်လည်း တစ်ဖက်တွင် မှန်ကန်သော သတင်းအချက်အလက် ရယူသုံးစွဲနိုင်ရေးနှင့် သတင်းအချက်အလက်အပေါ် အမှား၊ အမှန် စိစစ်နိုင်ရေးသည် မြန်မာ့လူမှုပတ်ဝန်းကျင်တွင် လိုအပ်နေ**

## Facebook ၏ လူမှုကွန်ရက်ဆိုင်ရာစံနှုန်းများ





### (၃) အနိုင်မကျင့်ရ၊ မနှောင့်ယှက်ရ။

Facebook သည် အနိုင်ကျင့်ခြင်း သို့မဟုတ် အရှက်ခွဲခြင်းကို လုံးဝသည်းမခံပါ။ အသုံးပြုသူများအား အများနှင့်ဆိုင်သော အကြောင်းအရာကိစ္စရပ်များကို လွတ်လပ်စွာပြောဆိုခွင့်ပေးထားပါသည်။ သို့သော် ပုဂ္ဂိုလ်တစ်ဦးအပေါ်၌ နိုင်ထက်စီးနင်းနှောင့်ယှက်ခြင်းများအပေါ် တိုင်ကြားချက်များအား အရေးယူပါသည်။

### (၄) အမုန်းစကား မပြောရ။

တစ်ပါးသူ၏ လူမျိုး၊ နိုင်ငံ၊ ဘာသာရေး၊ ဒေသ၊ ကျား/မ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာ ခံယူမှု၊ မသန်စွမ်းသူများနှင့် နာတာရှည်ရောဂါဖြင့် ကျန်းမာရေးချို့တဲ့နေသူများကို အကြောင်းမဲ့ဖြစ်စေ၊ ထိခိုက်နာကျင်စေလိုသောကြောင့်ဖြစ်စေ တိုက်ရိုက်တိုက်ခိုက်သော အမုန်းစကားများကို Facebook မှ ပယ်ဖျက်ပါသည်။






### (၅) ဓာတ်ပုံနှင့်ဗီဒီယိုတွင် ပါဝင်သည်များကို ကြိုတင်အသိပေးပါ။

မိမိမျှဝေလိုသည့် အကြောင်းအရာကို ဖတ်ရှုမည့်သူများမှ သတိထားပြီး ရွေးချယ်နိုင်ရန် ဓာတ်ပုံ၊ ဗီဒီယိုဖိုင်များကို တင်သည့်အခါ ၎င်းတွင်ပါဝင်သည့် အကြောင်းအရာ၏ သဘောသဘာဝကို ကြိုတင်အသိပေးထားရပါမည်။

# မြန်မာအင်တာနေရှင်နယ်စီးရီး ၂၀၁၉ ကြက်တောင်ရိုက်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲများကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၅**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ စီစဉ်မှုဖြင့် ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်တို့ ပူးပေါင်း၍ မြန်မာနိုင်ငံတွင်အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် မြန်မာအင်တာနေရှင်နယ်စီးရီး ၂၀၁၉ ကြက်တောင်ရိုက်ပွဲ နောက်ဆုံးနေ့ ဗိုလ်လုပွဲနှင့် ဆုပေးပွဲများကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့လမ်းမတော်မြို့နယ် ကျုံးကြီးလမ်းရှိ အမျိုးသားကြက်တောင်အားကစားရုံ၌ ကျင်းပသည်။

ယနေ့ဗိုလ်လုပွဲများအဖြစ် အမျိုးသား/အမျိုးသမီး Mixed ပြိုင်ပွဲတွင် တရုတ်(တိုင်ပေ) အသင်းက ထိုင်းအသင်းကို နှစ်ပွဲပြတ်အနိုင်ရရှိသည်။ ဆုပေးပွဲကို ကျင်းပရာ ပထမဆုရရှိသည့် တရုတ်(တိုင်ပေ)အသင်း၊ ဒုတိယဆုရ ထိုင်းအသင်းနှင့် ပူးတွဲတတိယဆုရ အင်ဒိုနီးရှားအသင်းနှင့် ထိုင်းအသင်းတို့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းကလည်းကောင်း၊ ဂုဏ်ပြုဆုငွေများကို အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်ကလည်းကောင်း၊ ဂုဏ်ပြုမှတ်တမ်းလွှာများကို ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်စိုးမိုးတို့က



လည်းကောင်း အသီးသီးပေးအပ်ကြသည်။

ဆက်လက်၍ အမျိုးသားတစ်ဦးချင်း ဗိုလ်လုပွဲတွင် ဒါမာမာ (အိန္ဒိယ) နှင့် ကာရိုနို (အင်ဒိုနီးရှား)တို့ ယှဉ်ပြိုင်ရာ ဒါမာမာ (အိန္ဒိယ) က အနိုင်ရရှိသည်။ ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ပထမဆုရ ဒါမာမာ(အိန္ဒိယ)၊ ဒုတိယဆုရ ကာရိုနို (အင်ဒိုနီးရှား)၊ တတိယဆုရ (အင်ဒိုနီးရှား)တို့အား တစ်ဦးချင်း ဆုတံဆိပ်များ၊ ငွေသားဆုများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို မြန်မာနိုင်ငံအိုလံပစ်ကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းနှင့် မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ပိုင်တို့က ဆုများအသီးသီးချီးမြှင့်သည်။

ဆက်လက်ပြီး အမျိုးသမီးတစ်ဦးချင်း ဗိုလ်လုပွဲကို ကျင်းပရာ တစ်ဦးချင်းဗိုလ်လုပွဲတွင် ဘာတာရီ (အင်ဒိုနီးရှား)နှင့် ဖက်မာဝါဒီ (အင်ဒိုနီးရှား)တို့ ယှဉ်ပြိုင်ကစားရာ ဖက်မာဝါဒီ (အင်ဒိုနီးရှား) က နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိသည်။ ပြိုင်ပွဲတွင် ပထမ ဖက်မာဝါဒီ(အင်ဒိုနီးရှား)၊ ဒုတိယ ဘာတာရီ(အင်ဒိုနီးရှား)နှင့် ပူးတွဲတတိယဆုရ သက်ထားသူဇာ(မြန်မာ)နှင့် ထိုင်းတို့အား တစ်ဦးချင်း ဆုတံဆိပ်များ၊ ငွေသားဆုများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ချုပ်အမှုဆောင်တို့က ဆုများအသီးသီးချီးမြှင့်သည်။ ဆက်လက်ပြီး အမျိုးသမီးနှစ်ယောက်တွဲ ဗိုလ်လုပွဲတွင် ထိုင်းအသင်းနှင့် တရုတ်(တိုင်ပေ)အသင်းတို့ ယှဉ်ပြိုင်ရာ တရုတ်(တိုင်ပေ)အသင်းက(၂၁-၁၈)မှတ်၊(၂၁-၁၇)မှတ်ဖြင့် အနိုင်ရရှိသည်။ အမျိုးသားနှစ်ယောက်တွဲ ဗိုလ်လုပွဲတွင် အင်ဒိုနီရှားအသင်းနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ရာ အင်ဒိုနီရှားအသင်းက (၂၁-၁၆)မှတ်(၂၁-၁၅ )မှတ်ဖြင့် အသီးသီးအနိုင်ရရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**»»» ရှမ်းယူနိုက်တက်အသင်းမှ**

**(တောင်ကြီးကွင်း)**

**ရှမ်းယူနိုက်တက် - လေးဂိုး**

**ရခိုင် - တစ်ဂိုး**

၂၀၁၇ ရာသီတွင် အမှတ်ပေးချန်ပီယံဆုကို ပထမဆုံး ရယူနိုင်ခဲ့သည့် ရှမ်းယူနိုက်တက်အသင်းသည် ဒုတိယအကြိမ်မြောက် ချန်ပီယံဆုကို မှတ်တမ်းကောင်းဖြင့် ထပ်မံရယူနိုင်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် အခြားအသင်းများရယူနိုင်ခြင်းမရှိသေးသည့် တစ်ရာသီလုံး ရှုံးပွဲမရှိဘဲ ချန်ပီယံဆုရသည့် ပထမဆုံးအသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။ ရခိုင်အသင်း၏ ရုန်းကန်မှုကြောင့် ရှမ်းယူနိုက်တက်အသင်းသည် ခက်ခက်ခဲခဲကစားခဲ့ရသော်လည်း ဒုတိယပိုင်းသွင်းယူသည့် ဂိုးများဖြင့် ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။

**အနိုင်ဂိုးသွင်းယူ**

ရှမ်းယူနိုက်တက်အသင်းသည် ဒေးဗစ်ဒန်း၊ နန္ဒကျော်၊ ရန်နိုင်ဦး၊ ဟိန်းသီဟဇော်၊ မက်ဆီမင်၊ ဝီလျံစသည့် အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ရခိုင်အသင်းမှာလည်း အမာခံကစားသမားအစုံအလင်ဖြင့် ရင်ဆိုင်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့သော်လည်း ဆန္ဒစောနေခြင်း၊ ရခိုင်အသင်း ခံစစ်တွင် စုပြုံပိတ်ဆို့နေခြင်းကြောင့် ထင်တိုင်းမပေါက်ဘဲ ပထမပိုင်းတွင် ဂိုးမရှိသရေကျနေသည်။ ဒုတိယပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက အနိုင်ဂိုးရရန် တိုက်စစ်အားမြှင့်ခဲ့ပြီး ၆၃ မိနစ်တွင် ဒွေးကိုကိုချစ်က အဖွင့်ဂိုးသွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက ပွဲကိုထိန်းချုပ်ကစားနိုင်ခဲ့ပြီး ၆၈ မိနစ်တွင် ဝီလျံ၊ ၈၁ မိနစ်တွင် မက်ဆီမင်တို့က ဂိုးများထပ်မံသွင်းယူခဲ့သည်။ ၈၄ မိနစ်တွင် ဆင်မြူရယ်က ပင်နယ်တီမှတစ်ဆင့် ရခိုင်အသင်းအတွက် ချေပဂိုးတစ်ဂိုးပြန်သွင်းသော်လည်း ပွဲအဖြေကို မပြောင်းလဲနိုင်ဘဲ ၈၇ မိနစ်တွင် ဒွေးကိုကိုချစ်က ရှမ်းယူနိုက်တက်အတွက် စတုတ္ထအနိုင်ဂိုးသွင်းယူခဲ့သည်။

အခြားပွဲများတွင် ရောဝတီအသင်းက စစ်ကိုင်းအသင်းကို ခြောက်ဂိုးပြတ်၊ ရန်ကုန်အသင်းက မကွေးအသင်းကို ခြောက်ဂိုး-တစ်ဂိုး၊ ရတနာပုံအသင်းက Chinland အသင်းကို ခြောက်ဂိုး-နှစ်ဂိုး၊ ဇွဲကပင်အသင်းက ဟံသာဝတီအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး Southern အသင်းနှင့် ဒဂုံအသင်းတို့ ဂိုးမရှိသရေကျခဲ့သည်။ ပြိုင်ပွဲအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၄၆ မှတ်ဖြင့် ချန်ပီယံဖြစ်ခဲ့ပြီး ရောဝတီအသင်းက ၄၃ မှတ်ဖြင့် ဒုတိယ၊ ရန်ကုန်အသင်းက ၄၂ မှတ်ဖြင့် တတိယရခဲ့ကာ ရတနာပုံနှင့် ဟံသာဝတီအသင်းက ၃၂ မှတ်စီ၊ ရခိုင်အသင်းက ၃၁ မှတ်၊ စစ်ကိုင်းအသင်းက ၂၇ မှတ်၊ မကွေးနှင့် ဇွဲကပင်အသင်းက ၂၄ မှတ်စီ၊ Southern အသင်းက ၂၁ မှတ် ရရှိခဲ့သည်။ အမှတ်အနည်းဆုံး ၁၈ မှတ်ရသည့် ဒဂုံနှင့် ၁၇ မှတ်ရသည့် Chinland အသင်းတို့မှာ တန်းဆင်းခဲ့ရသည်။

**ပေးအပ်ချီးမြှင့်**

ရှမ်းယူနိုက်တက်နှင့် ရခိုင်အသင်းပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ရှုံးပွဲမရှိဘဲ ဗိုလ်စွဲခဲ့သည့် ရှမ်းယူနိုက်တက်အသင်းကို တစ်ဦးချင်းဆုတံဆိပ်၊ ဆုကြေးငွေကျပ်သိန်း ၁၀၀၀နှင့် ချန်ပီယံဆုဖလားတို့ကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လင်းအောင်၊ ရှမ်းပြည်နယ် တရားသူကြီးချုပ် ဦးကြွယ်ကြွယ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နာယက ဦးအောင်ကိုဝင်း၊ ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။ ထို့ပြင် တစ်ရာသီလုံး ရှုံးပွဲမရှိခဲ့သည့် ရှမ်းယူနိုက်တက်အသင်းကို Special Congratulation Trophy ပေးအပ်ချီးမြှင့်ခဲ့ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့က ယခုရာသီတွင် ချန်ပီယံဆုရခဲ့သည့် ရှမ်းယူနိုက်တက်စီနီယာအသင်းကို ဆုကြေးငွေကျပ်သိန်း ၅၀၊ ရှမ်းယူနိုက်တက် ယူ-၁၉ အသင်းကို ဆုကြေးငွေကျပ် ၂၅ သိန်း ချီးမြှင့်ခဲ့သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

**❖ ကျောဖုံးမှ**


ထိုမှတစ်ဆင့် ရွှေကျင်ချောင်းအတွင်းရှိ ကရဝိက်ဖောင်တော်ပေါ်သို့ ရှင်ဥပဂုတ္တမထေရ်မြတ် ရုပ်ပွားတော်ကို ပင့်ဆောင်၍သံဃာတော်များက ပရိတ်တရားတော်များရွတ်ပွားပူဇော်မည်ဖြစ်ပြီး ထိုအချိန်မှစ၍ ရွှေကျင်မီးမျှောပူဇော်ပွဲ၏ ကုန်းပွဲတော်စတင်ပြီဖြစ်ပြီး ရွှေကျင်မြို့သည်လူပ်ရှားသက်ဝင်လာကာ ပွဲတော်ကျင်းပရာနေရာတစ်ဝိုက်၌ ဓမ္မတေးသံများ လွှမ်းခြုံလျက်ကျင်းပနေမှုကို မြင်တွေ့ကြရမည်ဖြစ်သည်။

ထို့နောက် သီတင်းကျွတ်လပြည့်နေ့ နံနက်ပိုင်းတွင် ရွှေကျင်မြို့အရှေ့ဘက်တောင်စွယ်ပေါ်ရှိ အရှေ့မဟာဗုဒ္ဓဘုရားကြီး၌ နံနက်အရုဏ်တက်ချိန်မှစတင်၍ ရွှေကျင်မြို့နယ်တွင်းနှင့် ရပ်နီးရပ်ဝေးမှဘုရားဖူးလာပြည်သူများက သဒ္ဓါထက်သန်စွာဖြင့် ဆွမ်းတော်ကြီးတင်လှူပွဲကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပွဲတော်၏အထွတ်အထိပ်ဖြစ်သည့် သီတင်းကျွတ်လပြည့်ကျော် ၁ ရက် နံနက်ခင်းအလင်းရောင်ရသည်နှင့် ရွှေကျင်ချောင်းအတွင်း၌ တက်ခုတ်ယိမ်း၊ တက်ပုံ့ယိမ်း၊ ယိမ်းအဖွဲ့ ကရင်ရိုးရာဒုံးယိမ်း၊ ရှမ်းတိုင်းရင်းသားအကအဖွဲ့များက အလွန်မြူးကြွသည့်အကမျိုးစုံကို လေ့ကျင့်ပြီး ကပြဖျော်ဖြေပြိုင်ပွဲဝင်ကြတော့မည်ဖြစ်သည်။

ထိုသို့ ရိုးရာမပျက် ပြိုင်ပွဲဝင်ယိမ်းအကအဖွဲ့သားများကို အကဲဖြတ်အဖွဲ့များဖြင့် အက၊ အလှ၊ သဘာဝ စိစစ်ပြီး တာဝန်ရှိသူများက ထိုက်ထိုက်တန်တန် ဆုများချီးမြှင့်ပေးအပ်လေ့ရှိသည်။ ယင်းနေ့ညနေ ၆ နာရီတွင် ရွှေကျင်ချောင်းအတွင်း ဆီမီးရောင်စုံမီးကြာခွက်များဖြင့် ရှင်ဥပဂုတ္တမထေရ်မြတ်အားရည်စူး၍ ရေမျှောပူဇော်ကြမည်ဖြစ်သည်။

**ရာမညနှင့် ရန်အောင်ထွန်း**



**Translators ...Urgent Need**

Chinese Translator - 600,000 ~ 800,000 - 15 Posts Search With Keywords

Japanese Translator - 700,000 ~ 800,000 - 10 Posts Search With Keywords

Korea Translator - 700,000 - 1 Post Job Ref No: 17P344

VAC®
VALUE ADDED CONSULTANCY
မြန်မာပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်း

Visit to .... www.vacjobsearch.com
.... See More Job Details

Email : cv@vacjobsearch.com Phone : 01-395921, 01-395922

# ဟောင်ကောင် ဆန္ဒထုတ်ဖော်မှုများ ဆက်လက်ဖြစ်ပွား၊ ရဲအရာရှိများက မျက်ရည်ယိုဗုံးများသုံးပြီး လူစုခွဲ




**ဟောင်ကောင် စက်တင်ဘာ ၁၅**
ဟောင်ကောင်အစိုးရအား ကျေနပ်မှုမရှိသဖြင့် ပြည်သူများက ဆန္ဒထုတ်ဖော်မှုများ ဆက်လက်လုပ်ဆောင်လျက်ရှိရာ အချို့နေရာများတွင် ရဲအရာရှိများနှင့် ဆန္ဒထုတ်ဖော်သူအချို့ထိပ်တိုက်ရင်ဆိုင်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

စက်တင်ဘာ ၁၅ ရက်တွင် ဆန္ဒထုတ်ဖော်သူများက ရဲအရာရှိများ၏ ခွင့်ပြုမိန့်ရယူခြင်းမရှိဘဲ မြို့တွင်းရှိ လမ်းမများပေါ်တွင် စီတန်းလှည့်လည်ကာ ဆန္ဒထုတ်ဖော်ခဲ့ကြသည်။ ဆန္ဒထုတ်ဖော်သူများအား လူစုခွဲရန် ရဲအရာရှိများက မျက်ရည်ယိုဗုံးများ၊ မီးသတ်ပိုက်လုံးကြီးများ အသုံးပြုခဲ့သည်။

ဆန္ဒထုတ်ဖော်သူများက မြို့တွင်းလမ်းမများပေါ်တွင် ချီတက်ခဲ့ကြသည့်အတွက် ဘတ်စ်ကားလိုင်းများနှင့် မီးရထားပြေးဆွဲမှုများ ယာယီဆိုင်းငံ့ခဲ့ရသည်။ ထို့ပြင် မြို့အတွင်းရှိ စတိုးဆိုင်များလည်း ပိတ်သိမ်းထားကြောင်း သိရသည်။

ဟောင်ကောင်အစိုးရအဖွဲ့ရုံး အဆောက်အအုံရှေ့တွင် ဆန္ဒထုတ်ဖော်သူအချို့က လုံခြုံရေးရဲအရာရှိများအား ကျောက်ခဲများဖြင့် ပစ်ပေါက်ခဲ့သည်။ ရဲအရာရှိများကလည်း မျက်ရည်ယိုဗုံးများ၊ မီးသတ်ပိုက်များ အသုံးပြုကာ လူစုခွဲခဲ့သည်။

စက်တင်ဘာ ၁၅ ရက် မွန်းလွဲပိုင်းတွင် ဆန္ဒထုတ်ဖော်သူအချို့က မြေအောက်ရထားဘူတာရုံများကို မင်းမဲ့စရိုက်ဆန်စွာ ဖျက်ဆီးခဲ့ကြကြောင်း သိရသည်။

ဆန္ဒထုတ်ဖော်သူများက ဟောင်ကောင်အတွင်း လွတ်လပ်သည့်အုပ်ချုပ်ရေးစနစ်ထွက်ပေါ်လာစေရန် တောင်းဆိုခဲ့ကြသည်။

"လွတ်လပ်စွာ စီတန်းလှည့်လည်ဆန္ဒထုတ်ဖော်တာကို ခွင့်မပြုဘူးဆိုတာ ပြည်သူတွေကို ဖိနှိပ်ချုပ်ချယ်တာပဲ။ ဒါတွေကို နိုင်ငံတကာအသိုက်အဝန်းက သည်းခံနိုင်မှာမဟုတ်ပါဘူး"ဟု ဆန္ဒထုတ်ဖော်သူအမျိုးသားတစ်ဦးက ဆိုသည်။

ဇွန်လတွင် စတင်ခဲ့သည့် ဆန္ဒထုတ်ဖော်မှုများသည် ဟောင်ကောင်အစိုးရက ပြည်သူများလက်ခံမှုမရှိသည့် ဥပဒေကြမ်းကို အပြီးတိုင်ရုပ်သိမ်းသွားသည့်တိုင် ဆက်လက်ဖြစ်ပေါ်လျက်ရှိသည်။ **ကိုးကား-အင်န်အိတ်ချ်ကေ ဘာသာပြန်-အောင်ကျော်ကျော်**

# ဆော်ဒီရေနံချက်စက်ရုံနှစ်ရုံ တိုက်ခိုက်ခံရမှု အီရန်အား အမေရိကန် ပြစ်တင်

**ဝါရှင်တန် စက်တင်ဘာ ၁၅**
ဆော်ဒီအာရေဗျအရှေ့ပိုင်းရှိ အာရမ်ကိုရေနံချက်စက်ရုံနှစ်ရုံအား တိုက်ခိုက်မှုများနှင့်ပတ်သက်၍ အီရန်အား အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုက ပြစ်တင်ပြောကြားလိုက်ကြောင်း ယနေ့ဆင်ဟွာသတင်းတစ်ရပ်အရ သိရသည်။

တင်းမာမှုများလျှော့ကျရေး လုပ်ဆောင်နေစဉ်ကာလအတွင်း အီရန်အနေဖြင့် ကမ္ဘာ့စွမ်းအင်အထောက်အပံ့ပေးသည့် ဆော်ဒီရေနံချက်စက်ရုံများအား မကြုံစဖူး တိုက်ခိုက်ခဲ့ကြောင်း အမေရိကန်ထိပ်တန်းသံတမန်ဖြစ်သူက စက်တင်ဘာ ၁၄ ရက် မွန်းလွဲပိုင်းတွင် တွစ်တာစာမျက်နှာမှတစ်ဆင့် ပြောကြားခဲ့သည်။

ယီမင်ရှိ ဟူသီသူပုန်များက ဆော်ဒီရေနံချက်စက်ရုံများအား ဒရုန်းဖြင့် တိုက်ခိုက်မှုမှာ ၎င်းတို့၏ လက်ချက်ဖြစ်ကြောင်း ပြောကြားခဲ့ပြီးနောက် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုက ယင်းသို့ ပြစ်တင်ပြောကြားခဲ့ခြင်းဖြစ်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ကလည်း ယင်းတိုက်ခိုက်မှုများနှင့် ဆော်ဒီအာရေဗျ၏ ကိုယ်ပိုင်ကာကွယ်ရေးတို့နှင့်စပ်လျဉ်း၍ ဆော်ဒီအာရေဗျအိမ်ရှေ့မင်းသား မိုဟာမက် ဘင်ဆယ်မန်အား ဖုန်းဖြင့် ပြောကြားခဲ့ကြောင်း စက်တင်ဘာ ၁၄ ရက် မွန်းလွဲပိုင်းတွင် အိမ်ဖြူတော်က ပြောကြားခဲ့သည်။ ထို့ပြင် အမေရိကန်အစိုးရအနေဖြင့် ယင်းအခြေအနေနှင့်စပ်လျဉ်း၍ စောင့်ကြည့်မှုများ လုပ်ဆောင်လျက်ရှိကြောင်း အိမ်ဖြူတော်မှထုတ်ပြန်သော အစီရင်ခံစာအရ သိရသည်။ ဆော်ဒီရေနံကုမ္ပဏီ အာရမ်ကို၏ ရေနံချက်စက်ရုံနှစ်ရုံအား ဒရုန်းဖြင့် တိုက်ခိုက်ခံခဲ့ရကြောင်း ဆော်ဒီပြည်ထဲရေးဝန်ကြီးဌာနက စက်တင်ဘာ ၁၄ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**





# တောင်ဆူဒန်နိုင်ငံ၏ ငြိမ်းချမ်းရေးကို အထောက်အပံ့ဖြစ်စေရေး အီဂျစ်က ထောက်ပံ့ရေးပစ္စည်းများပေးပို့

**ကိုင်ရို စက်တင်ဘာ ၁၅**
အီဂျစ်နိုင်ငံသည် တောင်ဆူဒန်နိုင်ငံတွင် ၂၀၁၈ ခုနှစ် ငြိမ်းချမ်းရေးသဘောတူညီချက်ကို အကောင်အထည်ဖော်ရေး အထောက်အပံ့ပေးရန် ကြိုးပမ်းမှုများအနက် တစ်စိတ်တစ်ဒေသအဖြစ် ဂျူဘားသို့ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့ခဲ့ကြောင်း အီဂျစ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ပြောကြားချက်ကို ယနေ့ ဆင်ဟွာသတင်းတစ်ရပ်က ဖော်ပြထားသည်။

ဆေးဝါးများ၊ ရွက်ဖျင်တဲများနှင့် စစ်ယူနီဖောင်းများ အပါအဝင် ထောက်ပံ့ရေးပစ္စည်းသုံးမျိုးကို စက်တင်ဘာ ၁၁ ရက်၊ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ဂျူဘားသို့ ပေးပို့ခဲ့ကြောင်း အီဂျစ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ အစီရင်ခံစာတစ်စောင်အရ သိရသည်။

ယင်းအစီရင်ခံစာအရ နှစ်မျိုးထက်ပိုသော ထောက်ပံ့ရေးပစ္စည်းများကို တောင်ဆူဒန်တပ်ဖွဲ့ဝင်များ၏ တပ်စခန်းများ တည်ဆောက်မှုကို ထောက်ပံ့ရန်ရည်ရွယ်လျက် စက်တင်ဘာ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ပေးပို့သွားမည်ဖြစ်သည်။ တောင်ဆူဒန်သမ္မတ ဆယ်ဗာကီယာနှင့် အတိုက်အခံခေါင်းဆောင် ရိခ်မာချာတို့သည် ၂၀၁၈ ခုနှစ်အတွင်းက ငြိမ်းချမ်းရေးသဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြပြီး နိုင်ငံအတွင်း လုံခြုံရေးကို အထောက်အပံ့ပြုရန် တပ်ဖွဲ့ဝင် ၈၃၀၀၀ ကို စုစည်းသွားမည်ဖြစ်ကြောင်းနှင့် ၎င်းတို့၏ တပ်ဖွဲ့ဝင်များကို စိစစ်ခြင်းနှင့် မှတ်ပုံတင်ခြင်းတို့ကို တိုးမြှင့်ဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# Blenheim နန်းတော်အတွင်းရှိ ရွှေအိမ်သာတစ်လုံး ခိုးယူခံရ

**လန်ဒန် စက်တင်ဘာ ၁၅**
ဗြိတိန်နိုင်ငံ၏ အခမ်းနားဆုံးသော နန်းတော်များအနက် တစ်ခုဖြစ်သည့် Blenheim နန်းတော်ရှိ ရွှေစင်စစ်ဖြင့် ပြုလုပ်ထားသော အိမ်သာတစ်လုံး ပျောက်ဆုံးသွားခဲ့သဖြင့် ဒေသန္တရရဲအရာရှိများက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ရွှေအတိပြီးသော အိမ်သာ၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၅ သန်း ရှိသည်။ နန်းတော်အတွင်းရှိ အိမ်သာတစ်ခုပြင်ဆင်ရာမှ အဆိုပါရွှေအိမ်သာ ပျောက်ဆုံးလျက်ရှိကြောင်း သိရှိခဲ့ခြင်းဖြစ်သည်။

ရဲအရာရှိများက နန်းတော်အတွင်းသို့ ဖောက်ထွင်းသူခိုးများ ဝင်ရောက်ခဲ့ပြီး ရွှေအိမ်သာကို ဖြုတ်ယူသွားခဲ့ခြင်းဖြစ်သည်ဟု ထင်ကြေးပေးလျက်ရှိသည်။

၂၀၁၆ ခုနှစ်တွင် အဆိုပါရွှေအိမ်သာကို နယူးယောက် Guggenheim ပြတိုက်၌ ပထမဆုံးအကြိမ် ပြသထားခဲ့ရာ လူအများက စိတ်ဝင်တစား လာရောက်ကြည့်ရှုခဲ့သည်။

ရွှေအိမ်သာခိုးယူခံရပြီးနောက် နန်းတော်အတွင်း ရဲအရာရှိများက စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိရာ နန်းတော်ကို စက်တင်ဘာ ၁၄ ရက်တွင် ပိတ်ထားခဲ့ကြောင်း သိရသည်။ အိမ်သာပျောက်ဆုံးသွားမှုနှင့် ပတ်သက်၍ သင်္ကာမကင်းသူတစ်ဦးအား ရဲအရာရှိများက ဖမ်းဆီးထားသည်။

အဆိုပါနန်းတော်ကို ၁၇၀၄ ခုနှစ်တွင် ဘုရင်မအန်နီက Blenheim စစ်ပွဲအောင်နိုင်ခဲ့ခြင်းအတွက် မြို့စားကြီး Marlborough အား လက်ဆောင်အဖြစ် တည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။ ယခုအချိန်တွင် နန်းတော်ကြီးသည် ကမ္ဘာ့ခရီးသွားများအား ဆွဲဆောင်လျက်ရှိသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အောင်ကျော်ကျော်**



# အယ်လ်ခိုင်ဒါခေါင်းဆောင်ဟောင်း အိုစမာဘင်လာဒင်၏သား သေဆုံးကြောင်း ဒေါ်နယ်ထရန့်အတည်ပြု

**ဝါရှင်တန် စက်တင်ဘာ ၁၅**

အယ်လ်ခိုင်ဒါခေါင်းဆောင်ဟောင်း အိုစမာဘင်လာဒင်၏ သားဖြစ်သူ ဟမ်ဇာဘင်လာဒင်သည် အမေရိကန်တပ်ဖွဲ့၏ တန်ပြန် အကြမ်းဖက်နှိမ်နင်းရေးစစ်ပွဲတစ်ခုတွင် သေဆုံးခဲ့ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က စက်တင်ဘာ ၁၄ ရက် အစောပိုင်းက အတည်ပြုပြောကြားလိုက်သည်။

အယ်လ်ခိုင်ဒါအုပ်စု၏ထိပ်ပိုင်းခေါင်းဆောင် တစ်ဦးဖြစ်သူ ဟမ်ဇာဘင်လာဒင်သည် အာဖဂန်၊ ပါကစ္စတန်ဒေသရှိအမေရိကန်တပ်ဖွဲ့၏ တန်ပြန်အကြမ်းဖက်နှိမ်နင်းရေးစစ်ပွဲတစ်ခုတွင် သေဆုံးခဲ့ခြင်းဖြစ်သည်ဟု အိမ်ဖြူတော်၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။



ဟမ်ဇာဘင်လာဒင်သေဆုံးမှုသည် အယ်လ်ခိုင်ဒါအဖွဲ့၏ ခေါင်းဆောင်ပိုင်းကိုအထိနာစေလိမ့်မည်ဖြစ်သည်ဟု ဒေါ်နယ်ထရန့်က ယင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှု၏ နှစ်ပတ်လည်နေ့အပြီး ရက်ပိုင်းအတွင်းမှာပင် အမေရိကန်ပြည်ထောင်စုက ဟမ်ဇာဘင်လာဒင် သေဆုံးမှုနှင့်ပတ်သက်၍ ယခုကဲ့သို့ ထုတ်ပြန် ကြေညာခဲ့ခြင်းဖြစ်သည်။

ဟမ်ဇာဘင်လာဒင်သည် အယ်လ်ခိုင်ဒါ အဖွဲ့၏ ထိပ်ပိုင်းခေါင်းဆောင်တစ်ဦးအဖြစ် ၂၀၁၅ ခုနှစ်က ကြေညာခြင်းခံခဲ့သည်။ သို့သော် အမေရိကန်ပြည်ထောင်စုကမူ ၂၀၁၇ ခုနှစ် အစောပိုင်းမှသာ ဟမ်ဇာ ဘင်လာဒင်ကို အကြမ်းဖက်သမားတစ်ဦးအဖြစ် သိရှိထားသည်။

ဟမ်ဇာဘင်လာဒင်သည် ၁၉၈၉ ခုနှစ်က ဆော်ဒီအာရေဗျနိုင်ငံတွင် မွေးဖွားခဲ့သည်။ ဟမ်ဇာဘင်လာဒင်၏ ဖခင်ဖြစ်သူ အိုစမာဘင်လာဒင်သည် ၂၀၁၁ ခုနှစ် မေ ၂ ရက်က ပါကစ္စတန်နိုင်ငံအတွင်း အမေရိကန်တပ်ဖွဲ့၏ ထိုးစစ်ဆင်မှုအတွင်း သေဆုံးခဲ့သည်။ အိုစမာဘင်လာဒင်သည် အယ်လ်ခိုင်ဒါအဖွဲ့ထူထောင်သူတစ်ဦးဖြစ်သလိုယင်းအဖွဲ့၏ ခေါင်းဆောင်ဟောင်းတစ်ဦးလည်းဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ**

# လက်ဘနွန်ဆိပ်ကမ်းသို့ အမေရိကန်ဖျက်သင်္ဘော USS Ramage ရောက်ရှိလာ

**ဘေရွတ် စက်တင်ဘာ ၁၅**

အမေရိကန်နိုင်ငံ၏ USS Ramage ဖျက်သင်္ဘောသည် စက်တင်ဘာ ၁၄ ရက်တွင် လက်ဘနွန်နိုင်ငံ ဘေရွတ်ဆိပ်ကမ်းသို့ ရောက်ရှိလာခဲ့ကြောင်း ပြည်တွင်းရုပ်သံ LBCT က သတင်းဖော်ပြခဲ့သည်။ အမေရိကန်စစ်သင်္ဘော လက်ဘနွန်နိုင်ငံသို့ ရောက်ရှိလာခြင်းမှာ အမေရိကန်နှင့် လက်ဘနွန် နှစ်နိုင်ငံအကြား နက်ရှိုင်းသော ဆက်ဆံရေးကို ထင်ဟတ်စေသည့် နိုင်ငံရေးသတင်းစကားတစ်ခုဖြစ်ကြောင်း လက်ဘနွန်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်အဲလီဇဘတ်ရစ်ချက်က ပြောကြားခဲ့သည်။

လက်ဘနွန်နိုင်ငံသို့ စစ်လက်နက်ကိရိယာများ အများဆုံးပံ့ပိုးပေးနေသည့်နိုင်ငံမှာ အမေရိကန်နိုင်ငံဖြစ်သည်။ လက်ဘနွန် စစ်တပ်သည် ၂၀၀၆ ခုနှစ်တွင် အစ္စရေးနှင့်စစ်မက်ဖြစ်ပွားခဲ့ပြီးနောက် အမေရိကန်အစိုးရထံမှ စုစုပေါင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံ တန်ဖိုးရှိ စစ်လက်နက်များ လက်ခံရရှိခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်- အလင်းသစ်**



# တူနီးရှားသမ္မတ ရွေးချယ်ရန်အတွက် မဲပေးမှု စတင်

**တူးနစ် စက်တင်ဘာ ၁၅**

တူနီးရှားနိုင်ငံ၏ ပြည်နယ် ၂၄ ခုတွင် သမ္မတရွေးကောက်ပွဲအတွက် မဲရုံများကို တနင်္ဂနွေနေ့က ဖွင့်လှစ်ခဲ့သည်။ ဇူလိုင် ၂၅ ရက်က ကွယ်လွန်ခဲ့သည့် အသက် ၉၂ နှစ်အရွယ် သမ္မတဟောင်း ဘီဂျေခေး အက်ဆပ်ဘ်ဆီ၏ နေရာကို အစားထိုးဝင်ရောက်မည့် သမ္မတသစ် ရွေးချယ်ရန်အတွက် မဲဆန္ဒရှင်များသည် မဲရုံများရှေ့တွင် မဲပေးရန် တန်းစီနေကြသည်။

တူနီးရှားနိုင်ငံ၏ လွတ်လပ်သော ရွေးကောက်ပွဲအာဏာပိုင်အဖွဲ့က သမ္မတရွေးကောက်ပွဲ၏ ကနဦးရလဒ်များကို စက်တင်ဘာ ၁၇ ရက်တွင် ထုတ်ပြန်မည်ဟုဆိုသည်။ ပထမအကြိမ် မဲပေးမှုတွင် မည်သည့်သမ္မတလောင်းကမျှ မဲထက်ဝက်ကျော် မရရှိပါက ဒုတိယအချီမဲပေးပွဲကို ပထမအကြိမ် မဲပေးပွဲ နောက်ဆုံးရလဒ်များကြေညာပြီးနောက် သီတင်းပတ်နှစ်ပတ်အတွင်း ပြန်လည်ကျင်းပမည် ဖြစ်သည်။ သမ္မတရာထူးနေရာအတွက် သမ္မတလောင်း ၂၆ ဦး ယှဉ်ပြိုင်သည်ဟု သိရသည်။

ဆန္ဒမဲပေးမှုများ အဆင်ပြေချောမွေ့စေရန်အတွက် တူနီးရှား နိုင်ငံတစ်ဝန်းလုံးတွင် လုံခြုံရေးတပ်ဖွဲ့ဝင် အနည်းဆုံး ၇၀၀၀၀ ကို တာဝန်ချထားသည်ဟု ပြည်ထဲရေးဝန်ကြီးက အတည်ပြု ပြောကြားသည်။ စာရင်းပေးသွင်းထားသည့် မဲဆန္ဒရှင် ခုနစ်သန်းကျော်သည် သမ္မတရွေးကောက်တင်မြှောက်ရန်အတွက် မဲရုံများသို့သွား၍ မဲပေးကြလိမ့်မည်ဟု မျှော်လင့်ရသည်။

သတင်းများအရ ကွယ်လွန်သူ တူနီးရှား သမ္မတဟောင်း ဘီဂျေခေး အက်ဆပ်ဘ်ဆီ၏ ဇနီး ချာဒလီယာဖာရတ် အက်ဆပ်ဘ်ဆီ သည် ပြင်းထန်သည့် နာမကျန်းမှုကြောင့် တူနီးရှားသမ္မတသစ် ရွေးကောက်ပွဲအတွက် မဲပေးမှုစတင်သည့်နေ့နှင့် တိုက်တိုက်ဆိုင်ဆိုင် တနင်္ဂနွေနေ့ နံနက်ပိုင်းတွင် ကွယ်လွန်သွားကြောင်း ၎င်း၏ သားဖြစ်သူ ဟာဖာခေး အက်ဆပ်ဘ်ဆီ က သူ့ဖေ့စ်ဘွတ်စာမျက်နှာတွင် ရေးသားခဲ့ကြောင်း သိရသည်။

**ကိုးကား -ဆင်ဟွာ**
**ဘာသာပြန်-အောင်ဇော်လင်း**

# ဂရိအပန်းဖြေစခန်း၌ တောမီးလောင်မှုကြောင့် သက်ကြီးရွယ်အို အများအပြား ဘေးလွတ်ရာသို့ ပြောင်းရွှေ့

**အေသင် စက်တင်ဘာ ၁၅**

ဂရိနိုင်ငံ၏ မြို့တော်အေသင်မြို့မှ တောင်ဘက် ပင်လယ်ကမ်းနားရှိ လူထရာကီအမည်ရှိ အပန်းဖြေစခန်းတွင် တောမီးလောင်မှုတစ်ခု ယနေ့ဖြစ်ပွားခဲ့ရာ သက်ကြီးရွယ်အိုအများအပြားကို ဘိုးဘွားရိပ်သာနှင့်ဘုန်းကြီးကျောင်းများသို့ ပြောင်းရွှေ့ပေးခဲ့ကြောင်း ဂရိအမျိုးသားသတင်းအေဂျင်စီက ဖော်ပြသည်။

ဒေသဆိုင်ရာတာဝန်ရှိသူများသည် အဆိုပါ တောမီးလောင်မှုကို ငြိမ်းသတ်ရန်အတွက် မီးသတ်တပ်ဖွဲ့ဝင် ၁၇၀ ခန့်၊ မီးသတ်လေယာဉ် လေးစင်းနှင့် ရဟတ်ယာဉ် ခြောက်စင်းတို့ကိုမီးလောင်မှုဖြစ်ပွားသည့်နေရာတွင် ဖြန့်ကြက်ထားကြောင်း ဒေသဆိုင်ရာမီးသတ်တပ်ဖွဲ့က ပြောကြားသည်။

သို့သော် အဆိုပါ မီးလောင်မှုသည် လူနေရပ်ကွက်များကို မကူးစက်နိုင်သလို မီးလောင်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိမှုတစ်စုံတစ်ဦးမျှမရှိကြောင်း သိရသည်။

အဆိုပါ တောမီးလောင်မှုသည် စက်တင်ဘာ ၁၄ ရက် မွန်းလွဲပိုင်းမှ စတင်ခဲ့ခြင်းဖြစ်ပြီး လေပြင်းတိုက်ခတ်မှုကြောင့် မီးလောင်မှုထိန်းချုပ်နိုင်ရန် အခက်အခဲရှိခဲ့ကြောင်း၊ ယနေ့ညနေပိုင်းမှစ၍ မီးလောင်မှုသည် အရှိန်လျော့နည်းလာကြောင်း မိုးလေဝသ ဌာနက ပြောကြားသည်။


ဂရိနိုင်ငံသည် အဓိကအားဖြင့် နွေရာသီကာ တောမီးလောင်မှုကြောင့် နှစ်စဉ် ပျက်စီးဆုံးရှုံးမှုများနှင့် ရင်ဆိုင်ကြုံတွေ့လျက်ရှိသည်။ ယင်းမီးလောင်မှုများသည် အများအားဖြင့် အပူလှိုင်းများနှင့် တောမီးရှို့မှုများတို့ကြောင့် ဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

# ကမ္ဘာ့ရော်ဘာတင်ပို့မှုအများဆုံးနိုင်ငံ ထိုင်းနိုင်ငံဖြစ်လာဟုဆို

**ဘန်ကောက် စက်တင်ဘာ ၁၅**

ထိုင်းနိုင်ငံသည် တရုတ်နိုင်ငံနှင့် အခြားသောနိုင်ငံများနှင့် ဆောင်ရွက်လျက်ရှိသော လွတ်လပ်သောကုန်သွယ်ရေး သဘောတူညီချက်၏ အကျိုးဆက်ကြောင့် ကမ္ဘာ့ရော်ဘင်တင်ပို့မှုအများဆုံးနိုင်ငံဖြစ်လာကြောင်း ထိုင်းနိုင်ငံ စီးပွားရေးဝန်ကြီးဌာနအောက်ရှိ ကုန်သွယ်ရေးညှိနှိုင်းမှုဌာန၏ ပြောကြားချက်ကို ယနေ့ဆင်ဟွာသတင်းတစ်ရပ်က ဖော်ပြထားသည်။




၂၀၁၈ ခုနှစ်အတွင်း ထိုင်းနိုင်ငံ၏ ရော်ဘာတင်ပို့မှုသည် ခန့်မှန်းတန်ဖိုး အမေရိကန်ဒေါ်လာ ၄ ဒသမ ၆ ဘီလီယံ ရှိခဲ့ကြောင်း၊ ယင်းပမာဏသည် ထိုင်းနိုင်ငံ ကုန်ပစ္စည်းတင်ပို့မှု၏ ၁ ဒသမ ၈၂ ရာခိုင်နှုန်းရှိကြောင်း ကုန်သွယ်ရေးညှိနှိုင်းမှုဌာန၏ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ ဆပ်သာဝီသမ်က ပြောကြားခဲ့သည်။

တရုတ်နိုင်ငံသို့ ထိုင်းနိုင်ငံ၏ ရော်ဘာတင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၆ ဘီလီယံရှိခြင်းကြောင့် တရုတ်နိုင်ငံသည် ထိုင်းနိုင်ငံ၏ အကြီးဆုံးဈေးကွက်ဖြစ်ကြောင်းနှင့် အဆိုပါပမာဏသည် ၂၀၁၈ ခုနှစ်အတွင်းက ထိုင်းနိုင်ငံ ရော်ဘင်တင်ပို့မှုစုစုပေါင်း၏ ၄၃ ရာခိုင်နှုန်းရှိခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ထိုင်းနိုင်ငံသည် အရှေ့တောင်အာရှ၊ အမေရိကန်၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့သို့လည်း ရော်ဘာများတင်ပို့လျက်ရှိသည်။

**ကိုးကား-ဆင်ဟွာ၊ဘာသာပြန်-အလင်းသစ်**

# နိုင်ငံတကာအသိအမှတ်ပြု ဂျပန်သင်္ချာသင်ရိုး Sakamoto Maths Myanmar သင်တန်းကျောင်း နေပြည်တော်တွင်ဖွင့်လှစ်




**နေပြည်တော် စက်တင်ဘာ ၁၅**

နိုင်ငံတကာအသိအမှတ်ပြု ဂျပန်သင်္ချာသင်ရိုး Sakamoto Maths Myanmar သင်တန်းကျောင်း ဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ Hotel Max ၌ ကျင်းပသည်။

**ရည်ရွယ်**

ရှေးဦးစွာ Sakamoto Maths Myanmar တည်ထောင်သူ ဦးစိုင်းစိုင်းတင့်ဆွေက ဆာကာမိုတို သင်တန်းသည် စဉ်းစားတွေးခေါ်မှုကို အခြေခံ၍ သင်္ချာပုစ္ဆာများကို ဖြေရှင်းတတ်စေရန်ဖြစ်ပြီး သင်္ချာနှင့် လက်တွေ့ဘဝဆက်စပ်ပြီး ကိုယ်ပိုင်အတွေးအခေါ်များ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

**ပေးအပ်ချီးမြှင့်**

အခမ်းအနားတွင် စိတ်ပါဝင်စားသည့် ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး တက်ရောက်လာသော ကျောင်းသား ကျောင်းသူများအား မေးခွန်းများမေးမြန်းခြင်း၊ စဉ်းစားတွေးခေါ်ရသည့် သင်္ချာပုစ္ဆာများ တွက်ချက်စေခြင်းတို့ကို ဆောင်ရွက်ပြီး မှန်ကန်စွာဖြေဆိုနိုင်သည့် ကျောင်းသား ကျောင်းသူများကို ဆုများပေးအပ်ချီးမြှင့်သည်။

အဆိုပါ သင်တန်းကျောင်းသည် အသက် လေးနှစ်မှ ၁၄ နှစ်အထိ ကျောင်းသား ကျောင်းသူများကို လက်ခံသင်ကြားမည်ဖြစ်ပြီး ခြောက်နှစ်နှင့် ခြောက်နှစ်အထက် ကျောင်းသား ကျောင်းသူများကို Placement Test ဖြေဆို၍ Level ခွဲသင်ကြားပေးမည်ဖြစ်သည်။ သင်တန်းတက်ရောက်ရာတွင်လည်း ပုံမှန်ကျောင်းချိန်ကဲ့သို့ နေ့တစ်ရက်လုံးမဟုတ်ဘဲ တစ်ပတ်လျှင် နှစ်ရက်၊ တစ်ရက်လျှင် တစ်နာရီသာ တက်ရောက်သင်ကြားရမည်ဖြစ်သည်။ အပတ်စဉ် တနင်္လာနေ့ကို ပိတ်ရက်အဖြစ် သတ်မှတ်ထားပြီး ကျန်ရက်များမှ နှစ်ရက်ကိုလည်း နှစ်သက်ရာ နှစ်ရက်ကိုရွေး၍ တက်နိုင်ကြောင်း သိရသည်။

**အောင်မြင်စွာအသုံးပြုနေ**

ထို့ပြင် ယင်းသင်တန်းကျောင်းသည် စင်ကာပူနိုင်ငံ ပညာရေးဌာနက အသိအမှတ်ပြုထားသော သင်္ချာသင်တန်းဖြစ်ပြီး ဂျပန်နိုင်ငံမှ မူလသင်ရိုးအတိုင်း သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါသင်ရိုးသည် မြန်မာနိုင်ငံအပြင် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများစွာက အောင်မြင်စွာ အသုံးပြုနေသည့် သင်ရိုးဖြစ်ကြောင်းလည်း သိရသည်။

**ကျော်ဇင်ထိုက်**

# မိုးကောင်းမြို့နယ် ပင်းဘောကျေးရွာမှ နည်းပြဆရာမသတ်ပြီး တိမ်းရှောင်နေသူကို မြစ်ကြီးနားတွင် ဖမ်းမိ

**မြစ်ကြီးနား စက်တင်ဘာ ၁၅**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ပင်းဘောကျေးရွာ၌ မတ်လက အစိုးရနည်းပညာကောလိပ်(မိုးညှင်း)တွင် တာဝန်ထမ်းဆောင်နေသည့် နည်းပြဆရာမတစ်ဦးကိုသတ်ပြီး ထွက်ပြေးတိမ်းရှောင်နေသူကို မြစ်ကြီးနားတွင် ယနေ့နံနက်ပိုင်းက ဖမ်းဆီးရမိခဲ့ကြောင်း မြစ်ကြီးနားနယ်မြေရဲစခန်းမှ သိရသည်။

ဖြစ်စဉ်အကျဉ်းမှာ ၂၀၁၉ ခုနှစ် မတ် ၁၇ ရက်က မိုးကောင်းမြို့နယ် ပင်းဘောကျေးရွာအုပ်စု ရေတွင်းကုန်းကျေးရွာနေ ဒေါ်မာမာဝင်း အစိုးရနည်းပညာကောလိပ် (မိုးညှင်း)တွင် တာဝန်ထမ်းဆောင်နေသူသည် မြစ်ကြီးနားမှ နေအိမ်သို့ မီးရထားဖြင့်ပြန်လာစဉ် ရထားပေါ်တွင် သိကျွမ်းခဲ့သည့် ကျော်ဇင်ထိုက်ကို နေအိမ်သို့ခေါ်ဆောင်ခဲ့ရာမှ နေအိမ်မီးဖိုဆောင်အတွင်း ဒေါ်မာမာဝင်းအား သတ်ဖြတ်ထွက်ပြေးသွားခြင်းဖြစ်ပြီး ဒေါ်မာမာဝင်း၏ မိခင်ဖြစ်သူ ဒေါ်ကြည်အေးက ပင်းဘောနယ်မြေရဲစခန်းတွင် အမှုဖွင့်တိုင်တန်းထားသည့် အမှုဖြစ်သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မိုးကောင်းမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးက သက်ဆိုင်ရာရဲစခန်းများသို့ အကြောင်းကြား အကူအညီတောင်းခဲ့ရာမှ ယနေ့နံနက်ပိုင်းက မြစ်ကြီးနားခရိုင် မှုခင်းနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ မြစ်ကြီးနားနယ်မြေရဲစခန်းမှတပ်ဖွဲ့ဝင်များ၊ ပင်းဘောနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက လူသတ်မှုဖြင့် ထွက်ပြေးတိမ်းရှောင်နေသူ ကျော်ဇင်ထိုက်ကို မြစ်ကြီးနားမြို့ အောင်နန်းရပ်ကွက် နယ်မြေ(၁၄) မီးရထားဝင်းရှိ တည်းခိုခန်းတစ်ခုတွင် ရောက်ရှိနေကြောင်း သတင်းအရ သွားရောက်ဖမ်းဆီးရာ တည်းခိုခန်းအနီးရှိ ထမင်းဆိုင်တွင် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# ကော့သောင်းမြို့တွင် နေအိမ်မီးလောင်

**ကော့သောင်း စက်တင်ဘာ ၁၅**

ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် ဗိုလ်ရွှဲ(၄)လမ်း အိမ်အမှတ် (၇၈၉) တွင် ယမန်နေ့ညနေပိုင်းက သွပ်မိုး၊ ထရံကာအိမ်အတွင်း မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ သက်ဇော်ထွေး(ခ) ဖစုဂန်းသည် အိမ်တွင်းလုပ်ငန်းအဖြစ် လုပ်ကိုင်လျက်ရှိသည့် တံမြက်စည်းလုပ်ငန်းမှ အိမ်အတွင်းစုပုံထားသည့် တံမြက်စည်းများကို မီးရှို့ရာမှ အိမ်၏ ဝါးထရံသို့ မီးစတင်ကူးစက်လောင်ကျွမ်းခဲ့ရာ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

မီးလောင်မှုဖြစ်စဉ်နှင့်စပ်လျဉ်း၍ သက်ဇော်ထွေးအား ကော့သောင်းမြို့မရဲတပ်ဖွဲ့က အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

# ကျောက်တံခါးမြို့၌ လမ်းဘေးကုက္ကိုပင်ကို ဝင်တိုက်သည့် ယာဉ်မောင်းသေဆုံး

**ကျောက်တံခါး စက်တင်ဘာ ၁၅**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါး မြို့မရဲစခန်းအပိုင် ရန်ကုန်-မန္တလေးကားလမ်းဟောင်း မိုင်တိုင်အမှတ် ၁၀၁/၂ နှင့် ၃ အကြား အလယ်ကျွန်းကျေးရွာအနီး စက်တင်ဘာ ၁၅ ရက် နံနက် ၆ နာရီခန့်က ၁၄ ဘီးယာဉ် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးကုက္ကိုပင်ကို ဝင်တိုက်မိရာ ယာဉ်မောင်း သေဆုံးခဲ့သည်။

ဖြစ်စဉ်မှာ ရန်ကုန်မှ မန္တလေးသို့ ယာဉ်မောင်းငြိမ်းချမ်းထွန်း သာစည်မြို့ မန္တလေးတိုင်းဒေသကြီးနေသူ မောင်းနှင်သည့် နီဆန်းဒီဇယ် ၁၄ ဘီးယာဉ်မှာ သံချောင်းများတင်ကာ လမ်း၏ယာဘက်ခြမ်းအတိုင်း မောင်းနှင်လာစဉ် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးရှိကုက္ကိုပင်ကို ဝင်တိုက်မိရာ ယာဉ်မောင်းငြိမ်းချမ်းထွန်းသေဆုံးခဲ့ပြီး ယာဉ်မှာ ဦးခေါင်းပိုင်းပျက်စီးခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်ပြီး ကျောက်တံခါးမြို့မရဲစခန်းက ယာဉ်မောင်းငြိမ်းချမ်းထွန်းအား အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

# ရွှေဘိုမြို့နယ် စည်သာကျေးရွာတွင် မုခ်ဦးကို သဲတင်ယာဉ်ဝင်တိုက်၊ မုခ်ဦးပြိုကျပြီး လူတစ်ဦးသေဆုံး

**ရွှေဘို စက်တင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် စည်သာကျေးရွာတွင် စက်တင်ဘာ ၁၄ ရက် ည ၈ နာရီ ၄၅ မိနစ်က စည်သာကျေးရွာရှိ ရွာအဝင်မုခ်ဦးကို သဲတင်ယာဉ်တစ်စီးက တိုက်မိ၍ မုခ်ဦးပြိုကျပြီး လူတစ်ဦးသေဆုံးမှုဖြစ်ပွားခဲ့ကြောင်း ရွှေဘိုခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးမြင့်ထံမှ သိရသည်။

ဖြစ်စဉ်မှာ ရွှေဘိုမြို့တွင် မြို့နယ်မီးသတ်စခန်း၏ မြောက်ဘက် ခြောက်မိုင်ခန့်ကွာဝေးသော စည်သာကျေးရွာရှိ ရွာအဝင်မုခ်ဦးကို စက်တင်ဘာ ၁၄ ရက် ည ၈ နာရီ ၄၅ မိနစ်က ယာဉ်မောင်း ဦးဖုန်းနိုင်ဦး (ခ) ဦးဖုန်း အမှတ် (၁) ရပ်ကွက် ဘူတာ(ခ)ရပ် ကန်တော်လမ်း ရွှေဘိုမြို့နေသူမောင်းနှင်သော SKAT အုတ်၊ သဲကျောက်တင်ယာဉ်သည် သဲချပြီးပြန်အထွက် ကားနောက်ပိုင်းနှင့် ရွာအဝင်မုခ်ဦးကို တိုက်မိပြီး ပြိုကျ၍ ကားခေါင်းခန်းအပေါ်သို့ ပိမိသဖြင့် ယာဉ်မောင်း ဦးဖုန်းနိုင်ဦး (ခ) ဦးဖုန်းမှာ ဒဏ်ရာများရရှိသေဆုံးခဲ့ကြောင်း သိရသည်။

**မိုးသောက်(ရွှေဘို)**

မူးယစ်ကိုပစ်
ပန်းတိုင်သစ်
စိတ်သစ် လူသစ်
ဘဝသစ်

# မှုခင်းကျဆင်းရေး အသိပညာပေး ဆွေးနွေး

**ရွှေပြည်သာ စက်တင်ဘာ ၁၅**

ရွှေပြည်သာမြို့နယ်ရဲတပ်ဖွဲ့မှူး၏ လမ်းညွှန်ချက်နှင့်အညီ မှုခင်းအသိပညာပေးဆွေးနွေးပွဲများကို ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၈ ရက်က ရွှေပြည်သာလှော်ကားနယ်မြေစခန်းမှူး ရဲအုပ်စိန်အောင်နှင့်အဖွဲ့က ရွှေပြည်သာမြို့နယ် အမှတ်(၂၁)ရပ်ကွက်ရှိ သုခကာရီဓမ္မာရုံတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမျိုးဆန်းနှင့် ရာအိမ်မှူးများ၊ ရပ်မိရပ်ဖများ၊ ရပ်ကွက်နေပြည်သူ စုစုပေါင်း ၁၀၀ တို့အား မှုခင်းကျဆင်းရေးအတွက် ကြိုတင်ကာကွယ်ရေး အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**နေမျိုးထွန်း(ရွှေပြည်သာ)**



(၅၅)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၇) ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲ (ရန်ကုန်-အနောက်)မှ ဒုတပ်ဖွဲ့ခွဲမှူးရဲမှူးမျိုးအောင်မြင့်ဦးဆောင်၍ တပ်ဖွဲ့ဝင်အရာရှိ ၃၀၊ အခြားအဆင့် ၁၉၀ တို့ စက်တင်ဘာ ၁၅ ရက်က ရန်ကုန်မြို့ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ရှင်စေတီတော် ပရိဝုဏ်အတွင်း၊ အပြင်ရှိ အမှိုက်ချုံနွယ်များကို စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။ ဗလစိုး



(၅၅)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ခင်ဇော်နှင့်မူးယစ်တပ်ဖွဲ့စု၄၀မှ တပ်ဖွဲ့ခွဲမှူး ရဲမှူး အောင်မြတ်စိုးတို့ ဦးစီးသော အရာရှိ ၁၅ ဦး၊ အခြားအဆင့် ၇၂ ဦး၊ မိသားစု ၂၈ ဦးတို့ စက်တင်ဘာ ၁၄ ရက်က လှိုင်သာယာပြည်သူ့ဆေးရုံတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ ကိုဌေး



(၅၅)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြင်းခြံခရိုင် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် ၅၂ ဦးတို့က စက်တင်ဘာ ၁၄ ရက် နံနက် ၈ နာရီတွင် မြင်းခြံပြည်သူ့ဆေးရုံတွင် စုပေါင်းသွေးလှူဒါန်းခဲ့ပြီး မြင်းခြံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သက်ထွန်း ဦးဆောင်၍ တပ်ဖွဲ့ဝင် ၈၀ တို့က မြင်းခြံမြို့ အမှတ်(၂)ရပ်ကွက်အတွင်းရှိ ဘိုးဘွားရိပ်သာ အတွင်း၊ အပြင်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြစဉ်။ ရဲပြန်ကြား

# အလွမ်း

**ဆူးငှက်**

တကယ်တော့ မန္တလေးမှာ မွေးဖွားကြီးပြင်းရခြင်းကို ရတောင့်ရခဲ ဒုလ္လဘတစ်ခုအဖြစ် ပြောဆိုရေးသားရခြင်းကား ယခုခေတ်ကာလ၌ အလွန်ကျဉ်းမြောင်းသိမ်ဖျင်းလှသော ဒေသစွဲစိတ်တစ်ခုသဖွယ် အပြစ်တင်ရပေမည်။ သို့သော်မတတ်နိုင်။ ပြောစရာရှိ၍ ပြောရပေဦးမည်။ မန္တလေးသည် မြန်မာပြည်အလယ်ပိုင်း မိုးနည်းရေရှားဒေသမှာ တည်ရှိဆိုငြားပုဂံခေတ်ကတည်းက တူးဖော်ဆယ်ဖို့ သိုလှောင်ထားသည့် ရောမအောင်ပင်လယ်ကန်ကြီးက အရှေ့မှဆီးသည်။ တောင်ဘက်မှာ သဘာဝအင်းကျယ်ကြီး ဇောင်းကလောနှင့် တောင်သမန်ရှိသည်။ အနောက်တောင်ထောင့်မှာ တက်သေးအင်းပြင်၊ ထို့နောက် ဧရာဝတီမြစ်က အနောက်မှဆီးထား၏။ မြောက်မှာက နန္ဒာကန်တဲ့။



အောင်ပင်လယ်

**ရေကြည်ရာမြက်နုရာဖြစ်ပုံ**

ဤသို့ဖြင့် ရေပတ်လည်ဝိုင်းသည်။ ရွှေမြို့တော်တွင်းသို့ လက်တံမြောင်းအသီးသီးနှင့် ရေသွင်း၏။ ကျုံးတော်ကြီးကလည်း ကြာမျိုးငါးမည်နှင့် ရေဖြည့်ထားသည်။ ရွှေတချောင်း ရေရှင်ရေသန့်မြောင်းကလည်း တသွင်သွင်စီးသည်။ ရတနာနဒီမြစ်ကိုတူးဖော်ပြီး မင်းခမ်းမင်းနားနှင့် ရေကင်းနရီသံ စီစီညံစေသည်။ ထိုထိုရေချောင်း၊ ရေမြောင်း၊ ရေကန်၊ ရေဆည်၊ ရေအင်းတို့၏ ကလနားတွေမှာ အရှေ့ရိုးမကြီးရှိသည်။ အလယ်ရိုးမ မင်းဝံတောင်ရိုးကြီးရှိသည်။ အရှေ့ဘက် မိုင် ၂၀ အတွင်းပေါ့။ အနောက်ဘက် ၄ မိုင်၊ ၅ မိုင်အတွင်းပေါ့။ မြို့၏အရှေ့ဘက် ၄ မိုင်အကွာမှာ ရန်ကင်းတောင် တောင်ပူစာရှိသည်။ မြို့မြောက်ခြမ်းမှာ မန္တလေးတောင် တောင်ပူစာရှိသည်။

သည်ရွှေ့သည်မျှပြောနေတာက အကြောင်းရှိသည်။ ဥပုသ်နေ့လိုနားရက်ဖြစ်စေ။ အခြားနေ့ကြီးရက်ကြီးတွေမှာဖြစ်စေ။ မန္တလေးမှာ ကျေးငှက်သာရကာနှင့်၊ ကြာရိုးကြာစွယ်နှင့်၊ အင်းရေအင်းကန်နှင့်၊ တောနှင့်တောင်နှင့်၊ ပျိုးခင်းလယ်ကွင်းနှင့်၊ အရိပ်ခိုစရာက နီးနီးတစ်မျိုး ဝေးဝေးတစ်မျိုး အဆင်သင့်ရှိနေသည်။ ထိုအခါ လူ့ဘဝ၏ဖြတ်သန်းမှုတွင် ပရိယေသနဝမ်းစာနှင့်အတူ ခံစားနားခိုအားမွေးခြင်းအတွက် မန္တလေးက ရေကြည်ရာမြက်နုရာဖြစ်ပုံကို သိသာစေခြင်းဖြစ်သည်။ စရိတ်စကမကုန်၊ အချိန်မကုန်၊ စက်ဘီးလေးတစ်စီးရှိရုံနှင့် ပြီးမြောက်သည်။



**ငယ်စဉ်ကတည်းက ‘လေ့’ သောဝါသနာ**

တောင်တက်၊ ဘုရားဖူး၊ ရေကူး၊ ငါးမျှား၊ ငှက်ကြည့်၊ တောလည်၊ ဆည်ရေချိုး....ကြိုက်သလို အမျိုးမျိုးခံစားဆောင်ရွက်နိုင်ပါဘိ။ ဒါကိုပြောလိုခြင်းဖြစ်သည်။

ထို့ကြောင့်လည်း မန္တလေးသားတွေ ငယ်စဉ်ကတည်းက ‘လေ့’ သောဝါသနာတစ်ခုမှာ စက်ဘီးတစ်စီးနှင့် အလည်ထွက်ခြင်းဖြစ်သည်။ အိမ်ကစထွက်တော့ ဘယ်ရယ်လို့မဟုတ်။ ခြေဦးတည့်ရာဖြစ်၏။ ကွေ့ချင်စိတ်ရှိသည့် လမ်းမှာကွေ့လိုက်သည်။ ဆက်စရာရှိလျှင်ဆက်သည်။ ဤသို့ဖြင့် တစ်ပြဝင်တစ်ပြထွက် ဟိုလမ်းဝင်သည်လမ်းထွက်နှင့် စိတ်ကူးပေါက်သည့်နေရာ ရောက်သွားခြင်းဖြစ်၏။ အိမ်က အနောက်ဘက်သို့ ဦးတည်မိလျှင် မြစ်ဆိပ်ဘက်ရောက်သည်ကများသည်။ အေလမ်းအတိုင်း အနောက်ဆင်းပြီး ဂေါဝိန်ဆိပ်သို့ရောက်သွားခြင်းဖြစ်၏။

**စိမ်းနုသွေးစုတ်ချက်ပြေး**

ကုန်တင်ကုန်ချ အလုပ်သမား နားနေရိပ်သာအနီး ကျောက်တမံကြီးအနားစက်ဘီးလေးထောင်...၊ သော့ခတ်ပြီး သစ်ပင်ကြီးခြေရင်းရှိ အုတ်ခုံလေးပေါ်ထိုင်ကာ တောင်သို့မျှော်သည်။ အနောက်သို့မျှော်သည်။ မြောက်သို့မျှော်သည်။ တောင်ဆီမှာ မြစ်ပြင်က မြူများနှင့် ရောနေ၏။ ခိုတောင်လှေကလေးတွေ မြစ်ကိုဖြတ်ကူးနေသည်။ အဝေးဆီက အဆန်သင်္ဘောကြီးတစ်စင်း တရွေ့ရွေ့လာနေ၏။ အစက်အပြောက်ကလေးမှသည် ဖြည်းဖြည်းချင်း ရုပ်လုံးပေါ်လာသည်။ ရာသီဥတု ကြည်လင်နေလျှင်ဖြင့် ခပ်ဝေးဝေးက အင်းဝတံတားကြီးကို ပျပျမြင်ရဖူးသည်။

အနောက်ဆီမျှော်လိုက်တော့ မင်းဝံတောင်ရိုးပေါ့...။ သူကတော့ ပီပြင်လှသည်။ အရောင်သွေးက စိုနုသစ်လွင်နေ၏။ အခြေမှာ ကျွန်းထဲ ရွာရှည်တန်း၏ သစ်ပင်အုပ်အုပ်တွေကို မြင်နေရသည်။ သစ်ပင်အုပ် စိမ်းညို့ညို့ကြားမှာ ဘုန်းကြီးကျောင်း သွပ်မိုးပြောင်ပြောင်များက တစ်ခါတစ်ရံ တဖျပ်ဖျပ်နှင့် မှန်ပြနေသည်။ သစ်ပင်အုပ်နှင့် မြစ်ပြင်ကြားကိုင်းခင်းတွေက စိမ်းနုသွေးစုတ်ချက်ပြေးနေသည်။ စိမ်းနုသွေးထဲ မီးခိုးလေးတွေအူအူထနေသည့် ကိုင်းတဲလေးတွေလည်း တွေ့ရ၏။ လွန်းတင်လှေတွေဆီက မီးခိုးမှိုင်းတွေ လွင့်တက်လာတာလည်း တွေ့ရ၏။

**ရွက်ဖောင်းဖောင်းနှင့် အညာလှေကြီးတစ်စင်း**

မြစ်ပြင်ကတော့ လှိုင်းအိလေးများကို စည်းချက်ကျကျ လှုပ်ခတ်ပေးနေသည်။ မြောက်ဆီမှာလည်း မြစ်ပြင်က မြူထဲတိုးဝင်နေ၏။ သို့သော် ခပ်ပါးပါး.....။ မင်းဝံတောင်ရိုးက ထုံးသင်္ကန်းဖွေးဖွေးနှင့် စေတီပုထိုးများကို မြူထဲ၌ ပွင့်နေစေ၏။ ဟို....ဝေးဝေးမှာ လေးလက်မစုတ်ပြားကြီးနှင့် တစ်ချက်တည်းတို့ခတ်ထားသလို ထုထည်တစ်ခုကို ခပ်မှိုင်းမှိုင်းမြင်နေရသည်။ မင်းကွန်းပုထိုးတော်ကြီးတဲ့ ...။ မြစ်ထဲမှာတော့ ‘ဘော်ဘော်’ အသံပေးရင်း ဖောင်ဆွဲမော်တော်တစ်စင်း စုန်လာသည်။ အနောက်ဘက်ကမ်းမှာတော့ ရွက်ဖောင်းဖောင်းနှင့် အညာလှေကြီးတစ်စင်းက ဆန်နေ၏။ ဟောသည်ဘက်ကမ်းမှာတော့ အစုန်အဆန်သင်္ဘော၊ မော်တော်မျိုးစုံဆိုက်ကပ်ထားသည်။

**ကားဝါဂိတ်က ဈေးဆိုင်လေးတွေ**

ဂေါဝိန်ဆိပ်ထိုင်နေကျအုတ်ခုံမှာ အတော်ကြာကြာထိုင်ပြီးသောအခါ စက်ဘီးကလေးကို ကောက်စီးပြီး တာရိုးအတိုင်း မြောက်သို့ ဦးတည်သည်။ ထင်းဝင်းဆိပ်မရောက်မီ သစ်လုံးတင်မီးရထားတွဲတစ်စင်းကို ရေနံရုံးဝင်းကြားမှ ဖြတ်ဝင်လာတာတွေ့ရ၏။ သစ်တင်တွဲတွေသာမက ဆီဘောက်ဆာကြီးတွေလည်းပါသည်။ ထင်းဝင်းအနီး သစ်စက်ကြီး၏ အင်ဂျင်ကြီးက အချက်ကျကျ ရေနွေးငွေ့တွေမှုတ်ထုတ်ပေးနေသည်။ တာရိုးအတိုင်း မြောက်သို့ ခရီးဆက်ဖြစ်လိုက်သည်မှာ မရမ်းခြံဆိပ်၊ ကျွဲစွန်းဆိပ်၊ ကျောက်သပိတ်၊ ညောင်ကွဲမှ အိုးဘိုဘက်ပြန် ချိုးပြီး အိုးဘိုဈေး ကားဝါဂိတ်က ဈေးဆိုင်လေးတွေမှာ မုန့်တီတစ်ပွဲစားပြီးမှ အိမ်ပြန်ဖြစ်သည်ချည်းဖြစ်သည်။

**မြန်မာစာပေလောကမှာ မှတ်တိုင်တွေ**

ဒီလို ခံစားမှု၊ ဒီလို ရသတွေကို မန္တလေးသားတွေသာမက မန္တလေးမှာ ပဝတ္တိသားတွေအဖြစ် တစ်နွေ တစ်မိုး တစ်ဆောင်းမျှခိုလိုက်လျှင်ပင် နှစ်သက်ချိုမြိန်စွာ ခံစားစားသုံးကြတော့သည်။ အထူးသဖြင့် ပညာတတ်လူငယ်များပဲပေါ့၊ တက္ကသိုလ်ကျောင်းသားများပဲပေါ့။ ထိုပညာတတ်လူငယ်များက ခံစားမှုများကို ကဗျာတွေ စာတွေအဖြစ် ဖွင့်အန်သွန်ချလိုက်ကြတော့သည်။ ဝတ္ထုတွေပေါ့။ ကဗျာတွေပေါ့၊ စာစီစာကုံးတွေပေါ့။ အက်ဆေးတွေပေါ့။ ဒီအနုပညာပစ္စည်းတွေကလည်း ကိုယ့်ငါးချဉ်မို့ ကိုယ်ချဉ်တာမဟုတ်။ မြန်မာစာပေလောကမှာ မှတ်တိုင်တွေ ဖြစ်ခဲ့သည်ချည်း။ စာပေအိမ်ဦးခန်းမှာ ကတ္တီပါကော်ဇော ဖလားစုံကွမ်းအစ်နှင့် နေရာပေးခံရသည်ချည်း။ သည်အနုပညာပစ္စည်းတွေအနက်က ကိုယ်နှိုက်က ပညာရေးလောကသားဆိုတော့ မန္တလေးတက္ကသိုလ်ထွက် စာစီစာကုံးများ (ဝါ) အက်ဆေးများကို လွမ်းလွမ်းဆွတ်ဆွတ်ရှိလှသည်။ မိုးဦးပန်းအစမ်းစာများ၊ ပိတောက်မှ သရဖီသို့၊ ပွင့်ဦး၊ ပန်းလက်ဆောင်.... စသည်။

အခု မန္တလေးမှာ အဲ့ဒီလိုအလွမ်းစာ အက်ဆေးအစမ်းစာလေးတွေ မတွေ့ရတာကြာချေပြီ။

> **မြစ်ပြင်ကတော့ လှိုင်းအိလေးများကို စည်းချက်ကျကျ လှုပ်ခတ်ပေးနေသည်။ မြောက်ဆီမှာလည်း မြစ်ပြင်က မြူထဲတိုးဝင်နေ၏။ သို့သော် ခပ်ပါးပါး.....။ မင်းဝံတောင်ရိုးက ထုံးသင်္ကန်းဖွေးဖွေးနှင့် . . .**

## နိုင်ငံတကာငြိမ်းချမ်းရေးနေ့ ကြိုဆိုဂုဏ်ပြု ကင်းထောက်လူငယ်များနှင့် ကျောင်းသား ကျောင်းသူများ သစ်ပင်စိုက်ပျိုး

**ရန်ကုန် စက်တင်ဘာ ၁၅**

စက်တင်ဘာ ၂၁ ရက်တွင် ကျရောက်မည့် နိုင်ငံတကာငြိမ်းချမ်းရေးနေ့ (International Day of Peace) ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် Green & Grow Group Myanmar နှင့် မေတ္တာကိုယ်ပိုင်အထက်တန်းကျောင်း ကျောက်ဆည်မှ ကင်းထောက်လူငယ်များ၊ ကျောင်းသား ကျောင်းသူများ စုပေါင်း၍ သစ်ပင်စိုက်ပျိုးပွဲကို စက်တင်ဘာ ၁၃ ရက် ညနေပိုင်းက နေပြည်တော် တပ်ကုန်းမြို့ရှိ ခုတင် ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံ ဧရိယာ၌ ကျင်းပသည်။

Green & Grow Group Myanmar မှ နာယက၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဆွေ၊ ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် အဖွဲ့ဝင်များ၊ မေတ္တာကိုယ်ပိုင်အထက်တန်းကျောင်းမှ တည်ထောင်အုပ်ချုပ်သူဆရာမ ဒေါ်သင်းပုံ့ကြူနှင့် ကင်းထောက်မောင်မယ်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး အရိပ်ရသစ်ပင်များအား စိုက်ပျိုးခဲ့ကြသည်။

ထို့အပြင် စိုက်ပျိုးပြီးသစ်ပင်များ ရေရှည်တည်တံ့ ရှင်သန်ရေးအတွက် မေတ္တာကိုယ်ပိုင်အထက်တန်းကျောင်းမှ တစ်နှစ်တာအတွက် ပြုစုပျိုးထောင်ထိန်းသိမ်းစရိတ် ငွေကျပ် ၃၅၀၀၀၀ ကို Green & Grow Group Myanmar သို့ လှူဒါန်းခဲ့သည်။

မေတ္တာကိုယ်ပိုင်အထက်တန်းကျောင်း (ကျောက်ဆည်) မှ ကင်းထောက် လူငယ်များသာမက ကျောင်းသား ကျောင်းသူများလည်း ပါဝင်ပြီး စုစုပေါင်း ကျောင်းသားကျောင်းသူ ၁၃၀ ခန့်က အပင်ပေါင်း ၁၀၀ ခန့်ကို Green & Grow Group Myanmar မှ စေတနာ့ဝန်ထမ်းများ အကူအညီဖြင့် စိုက်ပျိုးခဲ့ကြောင်း မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့မှ သိရသည်။ **ကြေးမုံ**



# ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေပြဋ္ဌာန်း

ယမန်နေ့မှအဆက်

ပူးတွဲ - ၅

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း
ကဏ္ဍအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
(နှစ်အလိုက်ဈေးနှုန်းအရ )

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ( အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၆၂၇၄၆၆၇၇.၈** | ၅၉.၅ | **၇၀၂၃၅၆၉၉.၃** | **၅၉.၀** | **၁၁.၉** |
| | ၁ | လယ်ယာ | ၁၄၅၀၇၉၄၆.၇ | ၁၃.၇ | ၁၅၃၀၈၉၃၉.၅ | ၁၂.၉ | ၅.၅ |
| | ၂ | သားငါး | ၈၁၀၇၉၄၀.၃ | ၇.၇ | ၈၇၅၄၄၁၄.၀ | ၇.၃ | ၈.၀ |
| | ၃ | သစ်တော | ၈၀၅၅၃.၉ | ၀.၁ | ၇၇၂၃၇.၄ | ၀.၁ | -၄.၁ |
| | ၄ | စွမ်းအင် | ၄၆၈၈၀၁၂.၄ | ၄.၄ | ၄၇၂၄၇၇၆.၁ | ၄.၀ | ၀.၈ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၁၀၁၂၆၃၈.၅ | ၁.၀ | ၁၀၉၇၃၂၂.၈ | ၀.၉ | ၈.၄ |
| | ၆ | စက်မှုလက်မှု | ၂၆၁၈၆၆၆၃.၁ | ၂၄.၈ | ၃၀၄၇၉၁၀၄.၇ | ၂၅.၆ | ၁၆.၄ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၁၄၆၁၉၂၀.၂ | ၁.၄ | ၂၀၈၀၀၃၇.၃ | ၁.၇ | ၄၂.၃ |
| | ၈ | ဆောက်လုပ်မှု | ၆၇၀၁၀၀၂.၇ | ၆.၄ | ၇၇၁၃၈၆၇.၅ | ၆.၅ | ၁၅.၁ |
| **၂** | | **ဝန်ဆောင်မှုတန်ဖိုး** | **၂၁၀၉၅၃၉၉.၄** | ၂၀.၀ | **၂၃၈၅၈၁၄၀.၇** | **၂၀.၀** | **၁၃.၁** |
| | ၁ | ပို့ဆောင်ရေး | ၁၁၈၃၈၈၁၃.၆ | ၁၁.၂ | ၁၃၅၅၅၄၄၁.၅ | ၁၁.၄ | ၁၄.၅ |
| | ၂ | ဆက်သွယ်ရေး | ၂၀၇၇၀၂၅.၉ | ၂.၀ | ၂၂၃၄၉၃၅.၇ | ၁.၉ | ၇.၆ |
| | ၃ | ငွေရေးကြေးရေး | ၃၆၇၆၀၅.၂ | ၀.၄ | ၄၀၉၀၂၇.၆ | ၀.၃ | ၁၁.၃ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၃၄၂၇၃၈၄.၉ | ၃.၂ | ၃၅၈၀၃၂၉.၃ | ၃.၀ | ၄.၅ |
| | ၅ | အခြားဝန်ဆောင်မှု | ၃၃၈၄၅၆၉.၈ | ၃.၂ | ၄၀၇၈၄၀၆.၆ | ၃.၄ | ၂၀.၅ |
| **၃** | | **ကုန်သွယ်မှုတန်ဖိုး** | **၂၁၆၄၀၂၄၈.၂** | ၂၀.၅ | **၂၄၉၂၉၅၆၅.၃** | **၂၁.၀** | **၁၅.၂** |
| **၄** | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၁၀၅၄၈၂၃၂၅.၄** | **၁၀၀.၀** | **၁၁၉၀၂၃၄၀၅.၃** | **၁၀၀.၀** | **၁၂.၈** |

ပူးတွဲ - ၆

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း
တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
(နှစ်အလိုက်ဈေးနှုန်းအရ )

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ( အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | ကချင်ပြည်နယ် | ၁၉၃၆၃၂၄.၄ | ၁.၈ | ၂၁၇၁၉၁၇.၈ | ၁.၈ | ၁၂.၂ |
| ၂ | ကယားပြည်နယ် | ၃၅၈၈၆၀.၉ | ၀.၃ | ၃၉၁၄၀၂.၈ | ၀.၃ | ၉.၁ |
| ၃ | ကရင်ပြည်နယ် | ၁၈၈၂၁၄၇.၁ | ၁.၈ | ၂၁၀၉၁၇၃.၂ | ၁.၈ | ၁၂.၁ |
| ၄ | ချင်းပြည်နယ် | ၄၃၂၈၂၇.၂ | ၀.၄ | ၄၉၁၀၆၄.၂ | ၀.၄ | ၁၃.၅ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၂၄၃၁၀၂၀.၆ | ၁၁.၈ | ၁၄၁၈၄၈၇၂.၆ | ၁၁.၉ | ၁၄.၁ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၄၃၃၂၁၆၆.၉ | ၄.၁ | ၄၅၉၄၂၂၄.၃ | ၃.၉ | ၆.၀ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၈၄၆၀၁၁၅.၃ | ၈.၀ | ၉၄၇၅၂၀၁.၅ | ၈.၀ | ၁၂.၀ |
| ၈ | မကွေးတိုင်းဒေသကြီး | ၈၁၉၂၇၉၉.၁ | ၇.၈ | ၉၃၇၅၄၅၀.၄ | ၇.၉ | ၁၄.၄ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၁၁၃၈၅၉၃၇.၃ | ၁၀.၈ | ၁၂၉၂၄၈၆၄.၉ | ၁၀.၈ | ၁၃.၅ |
| ၁၀ | မွန်ပြည်နယ် | ၄၂၈၇၅၄၀.၈ | ၄.၁ | ၄၇၉၀၅၈၆.၉ | ၄.၀ | ၁၁.၇ |
| ၁၁ | ရခိုင်ပြည်နယ် | ၄၆၆၄၀၈၀.၂ | ၄.၄ | ၅၀၁၀၂၈၂.၁ | ၄.၂ | ၇.၄ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၂၆၇၄၀၈၇၈.၉ | ၂၅.၄ | ၃၁၀၄၂၃၆၁.၀ | ၂၆.၁ | ၁၆.၁ |
| ၁၃ | ရှမ်းပြည်နယ် | ၆၀၆၆၀၉၆.၇ | ၅.၇ | ၆၇၂၀၂၈၉.၅ | ၅.၆ | ၁၀.၈ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၁၂၂၅၁၆၆၉.၂ | ၁၁.၆ | ၁၃၄၀၅၉၃၉.၆ | ၁၁.၃ | ၉.၄ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၂၀၅၉၈၅၉.၈ | ၂.၀ | ၂၃၃၅၇၇၄.၅ | ၂.၀ | ၁၃.၄ |

ပူးတွဲ - ၇

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း ပိုင်ဆိုင်မှုအခန်းအလိုက်ရင်းနှီးမြှုပ်နှံမှုလျာထားချက်

| အမှတ်စဉ် | အကြောင်းအရာ | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ( အမျိုးသားစီမံကိန်း) | |
|---|---|---|---|---|---|
| | | တန်ဖိုး (ကျပ်သန်း) | ပါဝင်မှု (ရာခိုင်နှုန်း) | တန်ဖိုး (ကျပ်သန်း) | ပါဝင်မှု (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | နိုင်ငံပိုင် | ၈၈၀၅၈၅၆.၄ | ၂၆.၅၀ | ၉၇၉၆၀၄၅.၇ | ၂၆.၃၈ |
| ၂ | သမဝါယမပိုင် | ၄၂၇၀.၁ | ၀.၀၁ | ၄၃၁၇.၁ | ၀.၀၁ |
| ၃ | ပုဂ္ဂလိကပိုင် | ၂၄၄၁၆၈၀၆.၀ | ၇၃.၄၉ | ၂၇၃၃၃၁၉၅.၂ | ၇၃.၆၁ |
| စုစုပေါင်း | | **၃၃၂၂၆၉၃၂.၅** | **၁၀၀.၀၀** | **၃၇၁၃၃၅၅၈.၀** | **၁၀၀.၀၀** |

## ကချင်ပြည်နယ်ဝန်ကြီးများနှင့် ဒေသခံပြည်သူများ ဟိုပင်၌ တွေ့ဆုံ

**ဟိုပင် စက်တင်ဘာ ၁၅**
ကချင်ပြည်နယ် ဟိုပင်မြို့ မြို့တော်ခန်းမ၌ ပြည်နယ်ဘဏ္ဍာ၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးဝေလင်း၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဝင်းညွန့်နှင့် စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကျော်ကျော်ဝင်းတို့နှင့် ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံပွဲအခမ်းအနားကို စက်တင်ဘာ ၁၅ ရက် နံနက် ၉ နာရီခွဲက ကျင်းပသည်။

ဘဏ္ဍာ၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးဝေလင်းက စီမံကိန်းရေးဆွဲရာတွင် ပြည်သူ့ဆန္ဒကို အလေးထား၍ ရေးဆွဲပါကြောင်း၊ ပြည်နယ်ဘတ်ဂျက်အလိုက် ဘက်လိုက်မှုမရှိဘဲ မြို့နယ်အလိုက် အများပြည်သူအကျိုးပြုသည့်လုပ်ငန်းများတွင် ဖြစ်သင့်တာကို ဦးစားပေးဆောင်ရွက်နေပါကြောင်း၊ ပြည်သူလူထုကို ထိထိမိမိ အကျိုးရှိနိုင်သော လုပ်ငန်းများအားလုံးကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်နေပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူများ၏ တင်ပြချက်များကို ဝန်ကြီးများနှင့် သက်ဆိုင်ရာဌာနများက ပြန်လည် ရှင်းလင်းဖြေကြားခဲ့ကြကြောင်း သိရသည်။

**တိုးတိုးမေ (ဟိုပင်)**



(၅၅) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုသောအားဖြင့် တောင်ငူခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ထိန်ဝင်းဦးစီးသော ရဲအရာရှိ၊ စစ်သည်၊ ရဲမေများ၊ အမှတ် (၁၂) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ရဲအရာရှိ၊ စစ်သည်၊ ယာဉ်ထိန်းရဲမေများ စက်တင်ဘာ ၁၄ ရက်က တောင်ငူပြည်သူ့ဆေးရုံကြီးတွင် စုပေါင်းသွေးလှူဒါန်းကြစဉ်။

သူရ (တောင်ငူ)

## ကသာမြို့တွင် သံဃာတော် ၂၂၅ ပါးအား နေ့ဆွမ်း လောင်းလှူ



**ကသာ စက်တင်ဘာ ၁၅**
စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့တွင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းရွှေ ဦးဆောင်၍ ကသာမြို့ပေါ်ရှိ ကျောင်းတိုက် ၁၉ တိုက်မှ သံဃာတော် ၂၂၅ ပါးအား နေ့ဆွမ်း (တန်းဆွမ်း) လောင်းလှူပွဲကို စက်တင်ဘာ ၁၂ ရက် နံနက် ၈ နာရီက ခရိုင်အရန်တပ်ခွဲရေးရုံးရှေ့၌ ကျင်းပခဲ့ကြောင်း သိရသည်။ **လူအောင်(ကသာ)**

## စိုက်ပျိုးရေးဆိုင်ရာဗဟုသုတများတိုးပွားရရှိရေး လေ့လာရေးခရီးသွားရောက်

**တာချီလိတ် စက်တင်ဘာ ၁၅**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင်အတွင်းရှိ ရှမ်း၊ အာခါ၊ လားဟူတိုင်းရင်းသား တောင်သူ ၃၀ တို့သည် စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းက တောင်ကြီးနှင့် ညောင်ရွှေမြို့နယ်တို့သို့ စိုက်ပျိုးရေးဆိုင်ရာ အသိပညာဗဟုသုတများ သွားရောက်လေ့လာခဲ့ကြသည်။

တောင်ကြီးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဇော်ဝင်းထွန်းက ဘက်စုံအဆင့်မြင့်နည်းပညာသုံးစံပြကျေးရွာအတွင်းရှိ စံပြကွက်၊ စမ်းသပ်ကွက်လုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး လေ့လာရေး တောင်သူများ၏ သိလိုသည့် မေးမြန်းဆွေးနွေးမှုများကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် ညောင်ရွှေမြို့နယ် အင်းလေးကန်အတွင်း GAP စနစ်ဖြင့် စိုက်ပျိုးထားသည့် ခရမ်းချဉ်သီးနှင့် ဟင်းသီးဟင်းရွက်ကျွန်းမျောစိုက်ခင်းများကို လေ့လာရာ မြို့နယ်ဦးစီးမှူး ဦးပက်ထရစ်ဇျူးကလည်းကောင်း၊ တာယော မျိုးသန့်ခြံရှိ မျိုးသန့်မျိုးစေ့ စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများနှင့် တာယော စိုက်ပျိုးရေးသုတေသနခြံရှိ စပါး၊ ပဲပုပ်၊ ခရမ်းချဉ်သီး မျိုးယှဉ်ပြိုင် စမ်းသပ်စိုက်ပျိုးထားရှိမှုတို့ကို ခြံဦးစီးမှူးများဖြစ်သည့် ဦးစောသိန်းကျော်နှင့် ဦးလှဦး တို့ကလည်းကောင်း လုပ်ငန်းကဏ္ဍအလိုက် လိုက်လံ ရှင်းလင်းပြသပေးခဲ့ကြောင်း သိရသည်။ **ဝေယံလင်း(ပြန်/ဆက်)**



## ကချင်ပြည်နယ်ဝန်ကြီးချုပ် ကျေးလက်ဒေသဖွံ့ဖြိုးရေး ကြည့်ရှု

**မြစ်ကြီးနား စက်တင်ဘာ ၁၅**

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်သည် ဝိုင်းမော်မြို့နယ် နောင်ချိန်းကျေးရွာအုပ်စုအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဝိုင်းမော်မြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် ကျေးရွာခုနစ်ရွာအကျိုးပြု ဗလမင်းထင်-နောင်ချိန်း-အင်ဂန်း-ခမ်းဘူ ကျေးရွာချင်းဆက်လမ်း ၂၁ မိုင်လမ်းအတွင်း ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေနှင့် နောင်ချိန်းကျေးရွာ၌ ကျေးလက်ကျန်းမာရေးဌာနခွဲ တစ်ထပ် အာစီအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်နေမှု၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အတွင်း နှစ်ထပ်အာစီကျောင်းဆောင်သစ် ဆောက်လုပ်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မိုင်းနားကျေးရွာအုပ်စု မခေါယန်ကျေးရွာ မူလွန်ကျောင်းဆောင်သစ် ဆောင်ရွက်နေသည့်အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစွာ ဆောင်ရွက်သွားရေး၊ သတ်မှတ်ချိန်ပြီးစီးရေး တာဝန်ရှိသူများအား မှာကြားခဲ့သည်။

**ပြည်နယ် (ပြန်/ဆက်)**

## ကယားပြည်နယ်ဝန်ကြီးချုပ် ဒီးမော့ဆိုမြို့နယ်အတွင်းရှိ တောင်သူများနှင့်တွေ့ဆုံ

**ဒီးမော့ဆို စက်တင်ဘာ ၁၅**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိသည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတောင်သူများတွေ့ဆုံပွဲကို စက်တင်ဘာ ၁၄ ရက် နံနက် ၁၀ နာရီခွဲက ဒီးမော့ဆိုမြို့နယ် (၅)မြောင်းဆုံ၌ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ကုန်သွယ်ရေးသည် အရေးကြီးသည့်အခန်းကဏ္ဍတွင်ပါဝင်ပြီး ၎င်းမှတစ်ဆင့် ပိုမိုတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မြို့နယ်အလိုက် စိုက်ပျိုးသည့် သီးနှံများသည် ၎င်းလမ်းကြောင်းမှတစ်ဆင့် တင်ပို့ဆောင်ရွက်နိုင်ရန် မျှော်မှန်း၍ ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ပြည်နယ်အတွင်းရှိ ဆည်မြောင်းများကိုလည်း အဆင့်မြှင့်တင်ထိန်းသိမ်းနိုင်ရေး ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ သေးဆူလဲ၊ အိုကော၊ ဒီးမော့ဆို၊ ဆောင်ဒူရွာသစ်၊ ငွေတောင်နှင့် စံပြခြောက်မိုင်ကျေးရွာအုပ်စုအတွင်းရှိ ဒေသခံတောင်သူများက စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၊ ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးစသောလိုအပ်ချက်များကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က မိုင်းလုံးမှ စည်းလင်းအထိ လယ်ယာကုန်ထုတ်လမ်းမကြီးတစ်လျှောက် သန့်ရှင်းသာယာလှပရေး၊ အမှိုက်များစနစ်တကျစွန့်ပစ်နိုင်ရန်အတွက် အမှိုက်ပုံးကြီးလေးပုံး၊ ဒေါကမီးကျေးရွာ ပရဟိတအသင်းနှင့် ဆီးလီဒုံးကျေးရွာ အမှိုက်သိမ်းတွန်းလှည်းပြင်ဆင်ရန်အတွက် ငွေကျပ် ၁၀ သိန်းနှင့် အမှိုက်ပုံးကြီးလေးပုံး၊ သေးဆူလဲကျေးရွာ ဘင်ခရာအဖွဲ့နှင့် တနန်းဥက္ကိုင်ကျေးရွာ ဘင်ခရာအဖွဲ့ နှစ်ဖွဲ့အတွက် တစ်ဖွဲ့လျှင် ငွေကျပ် တစ်သိန်း ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဒီးမော့ဆိုမြို့နယ်အတွင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများ၊ ပြုပြင်ထိန်းသိမ်းရန်လိုအပ်သောလုပ်ငန်းများနှင့် တောင်သူများတင်ပြထားသောလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**ရီးရယ် (ဒီးမော့ဆို)**





## ကရင်ပြည်နယ် ဝန်ကြီးချုပ် ကြာအင်းဆိပ်ကြီး-ဘုရားသုံးဆူလမ်းပိုင်းရှိ ချောင်းဝတံတားနှင့် တံတားဦးတံတားတို့အား စစ်ဆေး

**ကြာအင်းဆိပ်ကြီး စက်တင်ဘာ ၁၅**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ် ကြာအင်းဆိပ်ကြီးဘုရားသုံးဆူကားလမ်းပေါ်ရှိ ချောင်းဝတံတားနှင့် တံတားဦးတံတားတို့မှာ ရှေးယခင်ကဒေသခံများ ကိုယ့်အားကိုယ်ကိုးတည်ဆောက်ခဲ့ကြသည့် တံတားများဖြစ်ပြီး နှစ်ကာလကြာလာသည်နှင့်အမျှ ကြံ့ခိုင်မှုပိုင်းတွင် အားနည်းလာခြင်း၊ စတင်တည်ဆောက်ခဲ့စဉ်က တံတားမှာ လမ်းအောက်နိမ့်၍ မိုးရာသီရောက်တိုင်း ရေကျော်လေ့ရှိသည့်အတွက် လမ်းပန်းဆက်သွယ်ရေးပြတ်တောက်မှုများဖြစ်ပေါ်လေ့ရှိရာ ယခုနှစ်ပွင့်လင်းရာသီအတွင်း အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်နယ်လမ်းဦးစီးဌာနမှူးရုံးမှ သိရသည်။

အဆိုပါလမ်းပိုင်းသည် ကရင်ပြည်နယ်၏ အဓိကဆက်သွယ်ရေးလမ်းပိုင်းများတွင် တစ်ခုအပါအဝင်ဖြစ်ပြီး နေ့စဉ် ကုန်တင်ယာဉ်များ၊ ခရီးသည်တင်ယာဉ်များနှင့် ကျောင်းသား ကျောင်းသူ၊ ရဟန်းရှင်လူများ ဖြတ်သန်းသွားလာအသုံးပြုနေသည့် လမ်းဖြစ်ကာ ချောင်းဝတံတားသည် အရှည်ပေ ၁၂၀၊ အကျယ် ၁၄ ပေခန့်နှင့် တံတားဦးတံတားမှာ အရှည်ပေ ၂၄၀၊ အကျယ် ၁၄ ပေခန့်ရှိသော တံတားများဖြစ်ရာ မိုးတွင်းကာလ ရေကြီးရေလျှံမှုဖြစ်ပေါ်စဉ်အတွင်း လမ်းပန်းဆက်သွယ်ရေးပြတ်တောက်မှုမရှိစေရေးအတွက် ယာဉ်+ကုန် တန် ၆၀ ခံနိုင်ဝန်ရှိသောတံတားများအဖြစ် ပြည်နယ်အစိုးရ၏ ခွင့်ပြုရန်ပုံငွေဖြင့် အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တံတားနှစ်စင်းအား အဆင့်မြှင့်တင်ဆောင်ရွက်သွားနိုင်ရေးအတွက် စက်တင်ဘာ ၁၃ ရက် နံနက် ၈ နာရီခွဲက ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တော၊ သတ္တုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစောပြည်သာ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှု စစ်ဆေးခဲ့သည်။

ပြည်နယ်လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသောင်းဟန်စိုးကလူနှင့် ယာဉ်များဖြတ်သန်းသွားလာမှုအဆင်ပြေစေရေးအတွက် ချောင်းဝတံတားအား ယခင်မူလ (၁၂၀×၁၄) ပေ တံတားမှ (၁၈၀ × ၃၁) ပေ အာစီတံတား၊ တံတားဦးတံတားအား ယခင် (၂၄၀ × ၁၄)ပေမှ ( ၃၀၀× ၃၁) ပေ အာစီတံတားများအဖြစ် အဆင့်မြှင့်တင်တည်ဆောက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားရာ ပြည်နယ်ဝန်ကြီးချုပ်က ပြည်သူ့ဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးမှုမရှိစေရန် သတ်မှတ်စံချိန်စံနှုန်းများနှင့်အညီ သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အခမ်းအနား တက်ရောက်

**မန္တလေး စက်တင်ဘာ ၁၅**

ပညာရည်နိမ့်ပါးခြင်း၊ စီးပွားရေးမဖွံ့ဖြိုးခြင်း၊ စစ်ဖြစ်ပွားနေခြင်းနှင့် သဘာဝဘေးအန္တရာယ်များကြောင့် ကူညီရာမဲ့အခြေအနေများကို အကြောင်းပြု၍လည်း လူကုန်ကူးမှုများဖြစ်ပွားနိုင်ပြီး ပြည်သူလူထု အသိပညာပေးခြင်းများ ဆောင်ရွက်ရမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ပြောကြားသည်။

မန္တလေးမြို့တော်ခန်းမတွင် စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းကပြုလုပ်သော သတ္တမအကြိမ်မြောက် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ယင်းသို့ ပြောကြားခြင်းဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို ၂၀၀၅ ခုနှစ် စက်တင်ဘာ ၁၃ရက်က ပြဋ္ဌာန်းခဲ့ပြီး ထိုနေ့ကို မြန်မာနိုင်ငံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အဖြစ် ၂၀၁၃ ခုနှစ်မှ စတင်ကျင်းပခဲ့ရာ ယနေ့တွင် သတ္တမအကြိမ်သို့ ရောက်ရှိပြီဖြစ်ကြောင်း၊ နိုင်ငံဖြတ်ကျော်မှုခင်းများကြောင့် လူကုန်ကူးမှုများလည်း တစ်ပြိုင်တည်းပါလာနိုင်ကြောင်း၊ အားလုံးပူးပေါင်းဆောင်ရွက်မှ အောင်မြင်မည်ဖြစ်ကြောင်း၊ ယခင်က ပွဲစားများက နယ်စပ်မှတစ်ဆင့် လူကုန်ကူးကြသော်လည်း ယနေ့တွင် ပြည်တွင်း၌ ဆောင်ရွက်လာကြသည်ကို တွေ့ရသဖြင့် သတိထားကြရမည်ဖြစ်ကြောင်း၊ လူကုန်ကူးမှုတိုက်ဖျက်ရေးအား အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူ၍ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ လူကုန်ကူး အမှုပေါင်း ၁၇ မှု ဖော်ထုတ်အရေးယူခဲ့ပြီး တရားခံ အမျိုးသား ၂၃ ဦး၊ အမျိုးသမီး ၂၃ ဦး စုစုပေါင်း ၄၆ ဦးကို အရေးယူခဲ့သည်။ ထိုမှုခင်းများထဲတွင် လူကုန်ကူးခံရသူအမျိုးသမီး ၂၅ ဦးကို ကယ်တင်နိုင်ခဲ့သည်။

အခမ်းအနားအပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ခင်းကျင်းပြသထားသည့် အသိပညာပေး နံရံကပ်ဓာတ်ပုံပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့သည်။

မန္တလေးတိုင်းဒေသကြီးတွင် လူကုန်ကူးမှုအသိပညာပေးလုပ်ငန်းများကို ဌာနဆိုင်ရာများ၌ ၁၇ ကြိမ်၊ စာသင်ကျောင်းများ၌ ၇၄ ကြိမ်၊ ပြည်သူလူထုအတွင်း ၁၅၇ ကြိမ် ဆောင်ရွက်ခဲ့ပြီး လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို ၂၄၄ ကြိမ် ပြုလုပ်ခဲ့သည်။

**အောင်စံမောင်**



## (၅၅) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကြိုဆို



**သထုံ**

(၅၅) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သထုံခရိုင်ရဲတပ်ဖွဲ့မှူး ဒု-ရဲမှူးကြီးကျော်ဝင်းဦးဆောင်မှုဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးမင်းထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များသည် စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းက ကျိုက်ထိုမြို့ ဘုရားသုံးဆူ တောင်ပေါ်ရှိ ကမ္ဘာ့အကြီးဆုံး ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အတက်/အဆင်း လှေကားစောင်းတန်း ဝဲ/ယာ၌ ချုံနွယ်များကို ရှင်းလင်းဆောင်ရွက်ကြသည်။ **နန္ဒကျော်စွာ**



**ရန်ကုန်**

တိုက်ကြီးမြို့နယ် ရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းကိုဦးစီးသော တပ်ဖွဲ့ဝင် မိသားစုများနှင့် တိုက်ကြီးမြို့မ အထက မှ ကျောင်းအုပ်ဆရာကြီး ဦးချစ်ညွန့်နှင့် ဆရာ ဆရာမ ၃၀ တို့နှင့်အတူ စက်တင်ဘာ ၁၅ ရက် နံနက် ၇ နာရီက တိုက်ကြီးမြို့မ အထက နှင့် တိုက်ကြီးမြို့အထက တို့တွင် စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခဲ့ကြသည်။ **ဝင်းမော်**



**ပြင်ဦးလွင်**

ပြင်ဦးလွင် ရဲအရာရှိလေ့ကျင့်ရေးကျောင်း (ဇီးပင်ကြီး) ခုတင် (၅၀) ဆံ့ ဆေးရုံဧရိယာတွင် စက်တင်ဘာ ၁၄ ရက် နံနက် ၇ နာရီက ရဲအရာရှိလေ့ကျင့်ရေးကျောင်း ကျောင်းအုပ်ကြီး၊ နည်းပြမှူးချုပ်နှင့် ဌာန/ဌာနခွဲမှူးများ ဦးစီး၍ တပ်ဖွဲ့ဝင် (အရာရှိ/အခြားအဆင့်) များ၊ စာရေးဝန်ထမ်းများ၊ ဇီးပင်ကြီး စံပြရဲစခန်းမှတပ်ဖွဲ့ဝင်များအင်အား ၁၄၀ နှင့် ရဲသူရ၊ ရဲသီဟ၊ ရဲဗလတပ်ခွဲများမှ ဒု-ရဲအုပ်လောင်းသင်တန်းသား ၂၁၀ စုစုပေါင်းအင်အား ၃၅၀ တို့က စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **အေးမင်းစိုး**



**ရွှေတောင်**

(၅၅)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရေနံမြေလုံခြုံရေးရဲတပ်ဖွဲ့၊ အမှတ် (၂) ရေနံမြေလုံခြုံရေးရဲတပ်ဖွဲ့ခွဲမှူး ဒု-ရဲမှူးကြီး ဇော်ဝင်းမြင့်ဦးစီးတပ်ဖွဲ့ဝင် ၂၅ ဦးသည် စက်တင်ဘာ ၈ ရက် နံနက် ၈ နာရီက ရွှေတောင်မြို့ပြည်သူ့ဆေးရုံဝင်းအတွင်း ပြည်သူ့အကျိုးပြု စုပေါင်း သန့်ရှင်းရေးဆောင်ရွက်ခဲ့ကြသည်။ **ကြေးမုံ**

## ရန်ကုန်မြို့ အမှိုက်စွန့်ပစ်မှုပြဿနာနှင့်ပတ်သက်၍ စကားဝိုင်းဆွေးနွေး



**ရန်ကုန် စက်တင်ဘာ ၁၅**

ရန်ကုန်မြို့၏ အမှိုက်စွန့်ပစ်မှုပြဿနာနှင့်ပတ်သက်၍ ကျွန်တော်တို့မြို့ပြဆွေးနွေးပွဲ စကားဝိုင်းကို ရန်ကုန်မြို့ ဘိုကလေးဈေးလမ်း (အလယ်ဘလောက်)ရှိ ပန်သူရိယ (အနုပညာဆုံမှတ်)၌ စက်တင်ဘာ ၁၄ ရက် မွန်းလွဲ ၂ နာရီခွဲက ကျင်းပသည်။

ကမ္ဘာ့သန့်ရှင်းရေးနေ့ (၂၀၁၉)အထိမ်းအမှတ် အနေဖြင့် ဒို့အိမ်လူမှုအကျိုးပြုလုပ်ငန်းအဖွဲ့က ဦးစီး၍ ရန်ကုန်မြို့တွင်း စွန့်ပစ်အမှိုက်စိန်ခေါ်မှု ပြဿနာများအား မည်သို့အကောင်းဆုံးနည်းလမ်း အသုံးပြု၍ လျှော့ချသွားမည်ဟူသည့် အဆိုပါ ဆွေးနွေးပွဲစကားဝိုင်းတွင် စွန့်ပစ်ပစ္စည်းလုပ်ငန်း နယ်ပယ်မှ အရပ်ဘက်အဖွဲ့အစည်းများ၊ စီးပွားရေး လုပ်ငန်းရှင်ခြောက်ဦးတို့နှင့်အတူ သရုပ်ဆောင် အကယ်ဒမီအေးမြတ်သူတို့က ဆွေးနွေးခဲ့ကြသည်။

သရုပ်ဆောင်အကယ်ဒမီ အေးမြတ်သူက "ကျောင်းပညာရေးမှာ အမှိုက်နဲ့ပတ်သက်တဲ့ အသိပညာပေးတွေကို ထည့်သွင်းသင့်တယ်လို့မြင်ပါတယ်။ ကျွန်မတို့တုန်းကတော့ အဲဒီလိုမျိုးတွေ မသင်ကြားခဲ့ရပါဘူး။ ဒီလိုမျိုးဆွေးနွေးပွဲရောက်မှပဲ အမှိုက်ရဲ့ပြဿနာတွေ၊ အမှိုက်နဲ့ပတ်သက်ပြီး အသိပညာဗဟုသုတတွေ အများကြီးရရှိပါတယ်။ အမှိုက်အမျိုးအစားတွေ၊ အမှိုက်ရဲ့ သက်ရောက်မှုတွေနဲ့ပတ်သက်ပြီး အဖွဲ့အစည်းတွေပူးပေါင်းပြီး ကျောင်းတွေကိုသွားရောက် အသိပညာပေးမှုတွေ လုပ်ဆောင်သင့်ပါတယ်။ နောက်ပြီး အိမ်ထောင်ရှင်မတွေကိုလည်း မီးဖိုချောင်ကထွက်တဲ့အမှိုက်နဲ့ ပတ်သက်လို့ အသိပညာပေးမှုတွေ တိုးမြှင့်လုပ်ဆောင်သင့်တယ်လို့မြင်ပါတယ်" ဟု ပြောသည်။

ဆွေးနွေးပွဲတွင် ရန်ကုန်မြို့တော်ကို ပိုမိုတောက်ပပြီး သန့်ရှင်းသည့် နေချင်စဖွယ်ကောင်းသော မြို့တစ်မြို့ဖြစ်လာစေရန် အလေ့အကျင့်ကောင်းသစ်အနေဖြင့် နောက်ဖေးမီးဖိုချောင်အမှိုက်နှင့် ပြန်လည်အသုံးပြုနိုင်သောအမှိုက်ဟူ၍ မည်သို့အားပေးဆောင်ရွက် ပြုလုပ်သွားမည်ဆိုသည့် အကြောင်းအရာများကို ဆွေးနွေးခဲ့ကြသည်။

ရန်ကုန်မြို့တွင် လူဦးရေသန်းချီ နေထိုင်လျက်ရှိပြီး နေ့စဉ်အမှိုက်တန်ချိန် ၂၅၀၀ ခန့် ထွက်ရှိနေကာ လူတစ်ဦးချင်းစီအနေဖြင့် ပျမ်းမျှတွက်ချက်ကြည့်ပါက သုည ဒသမ ၄၁၃ ကီလိုဂရမ်ရှိကြောင်း၊ စွန့်ပစ်အမှိုက်ပမာဏများပြားလာခြင်းသည် အများပြည်သူဆိုင်ရာနေရာများကို ထိခိုက်မှုဖြစ်လာစေကြောင်း၊ အများပြည်သူဆိုင်ရာနေရာများအား အမှိုက်များအတွက် ပိုမိုနေရာပေးရမှုကြောင့် လူမှုနေထိုင်မှုပုံစံချို့ယွင်းမှုများ ဖြစ်လာစေပြီး မြို့ပြလူမှုဘဝနှင့် မြို့တော်အင်္ဂါရပ်ကို ထိခိုက်စေသလို ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးများကိုလည်း ရရှိလာစေနိုင်ကြောင်း ပြောကြားသည်။

ထို့အပြင် ကုန်းနေ ရေနေသတ္တဝါများ ထိခိုက်သေကျေမှုများ ကြုံတွေ့နေရပြီး အမှိုက်များ ရောနှောစွန့်ပစ်မှုကြောင့် စွန့်ပစ်ပစ္စည်းများအား ထုတ်ကုန်သစ်အဖြစ် ပြန်လည်ပြုလုပ်မှုတွင် အခက်အခဲဖြစ်စေကြောင်း၊ ထို့အတူ အမှိုက်များ ရောနှော စွန့်ပစ်မှုကြောင့် စွန့်ပစ်အမှိုက်ကောက်သူများအနေဖြင့် အမှိုက်များ ရှာဖွေကောက်ယူရာတွင် ကိုယ်လက်အင်္ဂါများ ထိခိုက်မှုများနှင့် ကြုံတွေ့နေရသလို ပြန်လည်ရောင်းချရာတွင်လည်း ဈေးကွက်အတွင်း အခက်အခဲများကြုံတွေ့နေရကြောင်း ယင်းနေ့ပြုလုပ်သည့် ဆွေးနွေးပွဲ စကားဝိုင်းမှ သိရသည်။

**ကိုထက်**

## ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့နှင့် ရှေးဦးပြုစုခြင်း ထူးချွန်ဆုရရှိသူများအား ဆုချီးမြှင့်



**နေပြည်တော် စက်တင်ဘာ ၁၅**

မြန်မာနိုင်ငံကြက်ခြေနီအသင်း ၂၀၁၉ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့နှင့် ရှေးဦးပြုစုခြင်း ထူးချွန်ဆုရရှိသူများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို စက်တင်ဘာ ၁၄ ရက် နံနက် ၉ နာရီက နေပြည်တော်ရှိ မြန်မာနိုင်ငံကြက်ခြေနီအသင်း စုဝေးခန်းမ၌ ကျင်းပသည်။

ထို့နောက် ကြက်ခြေနီပြုစုခြင်း စွမ်းစွမ်းတမံကူညီဆောင်ရွက်ပေးခဲ့သူများနှင့် ရှေးဦးပြုစုခြင်း သင်တန်းများ အကြိမ်ရေအများဆုံးဖွင့်လှစ်နိုင်ခဲ့သည့် မြို့နယ်များကို မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မြသူ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း အချိန်ပြည့်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာဒေါ်အမယာမော်နိုင်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း အချိန်ပြည့်အမှုဆောင်အဖွဲ့ဝင် ဦးကင်ဘွိုင်း၊ အထွေထွေအတွင်းရေးမှူး ဦးခင်မောင်လှ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထင်လင်း၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းထွင်ဌေးဆွေတို့က ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

## သန်လျင်တွင် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အခမ်းအနား ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၅**

ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အဖြစ် "အားလုံးအကျုံးဝင်ပါဝင်ဖို့ ရှေးဦးပြုစုခြင်းဖြင့် ဆောင်ရွက်စို့" အခမ်းအနားကို စက်တင်ဘာ ၁၄ ရက် မွန်းလွဲ ၁ နာရီက အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း ရတနာရှင်းသန့်ခန်းမ၌ ကျင်းပသည်။

သန်လျင်မြို့နယ် အမှတ် (၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ထွန်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာဒေါ်လှကြင်က ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပရခြင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရှေးဦးပြုစုခြင်း (အခြေခံ) သင်တန်းအောင်လက်မှတ်များအား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာဒေါ်လှကြင်၊ ရန်ကုန်တောင်ပိုင်းခရိုင် ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒုတိယရဲမှူးကြီးကျော်မိုးကြည် (ငြိမ်း)၊ ရန်ကုန်တောင်ပိုင်းခရိုင် ကြက်ခြေနီတပ်ဖွဲ့ ခရိုင်တပ်ဖွဲ့မှူး ဦးနေလင်းထွန်းနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ကြက်ခြေနီတပ်ဖွဲ့ဝင်များထံ ပေးအပ်ခဲ့ကြသည်။

**သက်ခိုင် (သန်လျင်)**

## အရုဏ်ဦးကျောင်းစာကြည့်တိုက်ဖွင့်

**မြင်းခြံ စက်တင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း ဆောက်လုပ်ထားသော 'အရုဏ်ဦး' ကျောင်းစာကြည့်တိုက်ဖွင့်ပွဲကို စက်တင်ဘာ ၁၅ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်းတွင် ဆောက်လုပ်လှူဒါန်းသော 'အရုဏ်ဦး' စာကြည့်တိုက်ကို မန္တလေးမြို့နေ အလှူရှင် ဦးတင်အုန်း+ဒေါ်စိန်စိန် မိသားစုတို့က လှူဒါန်းခဲ့ခြင်းဖြစ်ပြီး အလျား ပေ ၅၀၊ အနံ ၃၅ပေ၊ အမြင့် ၁၁ ပေရှိကာ ကုန်ကျငွေစုစုပေါင်း ငွေကျပ်သိန်း ၃၄၀ ကုန်ကျခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# ထုံးဘိုနယ်မြေမီးသတ်စခန်း နှစ်ထပ်အဆောက်အအုံသစ်ဖွင့်ပွဲကျင်းပ

**ပန်းတောင်း စက်တင်ဘာ ၁၅**
ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ထုံးဘိုကျေးရွာ နယ်မြေမီးသတ်စခန်း နှစ်ထပ်အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၄ ရက် နံနက် ၉ နာရီက အဆိုပါ အဆောက်အအုံနေရာ၌ ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မိုးထိုက်၊ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးနေမင်းထွန်း၊ ပြည်ခရိုင်မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးအေးကျော်၊ မြို့နယ်မီးသတ်တပ်ဖွဲ့ ဦးစီးမှူး ဦးကိုကိုဝေဟိန်း၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစောကျော်လှိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး အမှတ်(၁)လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မိုးထိုက်က အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်မီးသတ်တပ်ဖွဲ့မှူး ဦးအေးကျော်က မီးသတ်တပ်ဖွဲ့၏ စွမ်းဆောင်ရည်များကို ရှင်းလင်းပြောကြားကာ ရပ်မိရပ်ဖ ဦးမျိုးညွန့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။



အဆိုပါ ထုံးဘိုကျေးရွာနယ်မြေမီးသတ်စခန်း နှစ်ထပ်အဆောက်အအုံကို ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၀၃ သန်းဖြင့် သံကူကွန်ကရစ် (၄၅ ပေ × ၅၀ ပေ× ၂၆ ပေ) အာရ်စီအုပ်ညှပ်ဆောင်အား တည်ဆောက်ခဲ့ကြောင်း သိရသည်။ **အောင်မြင့်(ပန်းတောင်း)**



(၅၅)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ်အား ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး သတင်းရဲတပ်ဖွဲ့ ဒု-တပ်ဖွဲ့ခွဲ (၂/၃) (ပဲခူး)မှ ဒု-တပ်ဖွဲ့ခွဲမှူး ရဲမှူးဝင်းအောင်နှင့် တပ်ဖွဲ့ဝင်များ စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းက ပဲခူးပြည်သူ့ဆေးရုံကြီးတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။

(၀၇၅)

## ကသာမြို့ရှိ ရှေးဟောင်းအဆောက်အဦများအား နိုင်ငံခြားသားများ ကြည့်ရှု

**စစ်ကိုင်း စက်တင်ဘာ ၁၅**
ဗြိတိန်နိုင်ငံသူ ဧည့်သည် Miss Beverley Ann Adam အပါအဝင် ဧည့်သည် ၅၇ ဦးသည် စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းက ကသာမြို့သို့ ရောက်ရှိပြီး ကမ္ဘာပေါ်တွင် ထင်ရှားနေသော George Orwell၏ ကိုလိုနီခေတ် Burmese Days ဝတ္ထုထဲမှ ကသာမြို့၏ ရှေးဟောင်းအဆောက်အဦများ၊ ဇာတ်ဝင်ခန်းနေရာများနှင့် ၎င်းတို့အရှေ့ရှိ အဆင့်မြင့် Guide Board များအား လိုက်လံကြည့်ရှုကြသည်။

ထို့နောက် ကသာမြို့ရှိဈေး၌ ဒေသထွက်ကုန်ရောင်းချမှုကို ဝင်ရောက်ကြည့်ရှုလေ့လာ ကြပြီး ကမ္ဘာကျော်စာရေးဆရာကြီး ဂျော့ချ်အော်ဝဲလ် ရဲဝန်ထောက်အဖြစ် နေထိုင်ခဲ့သောနေအိမ်၊ ကိုလိုနီခေတ် တင်းနစ်ကလပ်နှင့် တင်းနစ်ကုတ်၊ မီးရထားလမ်းအရေးပိုင်အိမ်နှင့် မီးရထားသံလမ်းဗိုလ်အိမ်၊ လမ်းအရေးပိုင်(လမ်းဘက်ဌာန) ၏ နေအိမ်၊ သစ်တောအရေးပိုင်အိမ်၊ ကသာသစ်တောရုံးတို့ကို လေ့လာခဲ့ကြသည်။

**ငွေအိုး (ကသာ)**



## လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ပဲခူးမြို့တွင် ကျင်းပ

**ပဲခူး စက်တင်ဘာ ၁၅**
ပဲခူးတိုင်းဒေသကြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့က ကြီးမှူး၍ စက်တင်ဘာ ၁၃ ရက် နံနက် ၉ နာရီက ပဲခူးမြို့ မြို့တော်ခန်းမ၌ ၂၀၁၉ ခုနှစ် သတ္တမအကြိမ်မြောက် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် တိုင်းဒေသကြီးအဆင့် အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကဗျာနှင့် စာစီစာကုံးပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသော ကျောင်းသား ကျောင်းသူများအား တရားသူကြီးချုပ်၊ ဝန်ကြီးများ၊ ဥပဒေချုပ်နှင့် ဌာနဆိုင်ရာများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားတက်ရောက်လာကြသူများက လူကုန်ကူးမှုတိုက်ဖျက်ရေး ပညာပေးပြခန်းအား လှည့်လည်ကြည့်ရှုအားပေးကြသည်။ **တင်စိုး(ပဲခူး)**

## ကျေးလက်ရေရရှိရေးလုပ်ငန်းများ လွှဲပြောင်း

**ကျိုက်လတ် စက်တင်ဘာ ၁၅**
ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသရေရရှိရေးလုပ်ငန်းများနှင့် ကျေးရွာအလိုက်ကော်မတီဝင်များအား ပြုပြင်ထိန်းသိမ်းနည်းသင်တန်းကို စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းက ကျိုက်လတ်မြို့နယ် ရွှေဝါလတ်ခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းလှိုင်နှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းတို့က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ကျေးလက်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မြင့်ထွန်းက ဒေသခံများ သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် စက်ရေတွင်းတူးရန် မြေလှူဒါန်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခဲ့ပြီး စက်ကိရိယာများ စနစ်တကျကိုင်တွယ်ပြုပြင်ထိန်းသိမ်းခြင်းသင်တန်းကို ဆက်လက်ပို့ချပေးခဲ့ကြောင်း သိရသည်။ **ကိုလွင်**



ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် အားကစားနှင့် ကာယပညာကော်မတီက ကြီးမှူး၍ ကျန်းမာကြံ့ခိုင်သော အားကစားသမားများ ပေါ်ထွန်းရေးအတွက် အေရိုးဗစ်သင်တန်းကို ဒုဋ္ဌဝတီပြည်သူ့အားကစားကွင်းကြီး၌ စက်တင်ဘာ ၁၄ ရက်က အား/ကာမှူး ဒေါ်သန်းရွှေမာနှင့် သင်တန်းဆရာများက လေ့ကျင့်သင်ကြားပေးနေသည်ကို တွေ့ရစဉ်။ **စိုင်း (သီပေါ)**

### တိုတိုထွာထွာဖတ်စရာ

## အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ အထိမ်းအမှတ်ကျင်းပ

**မင်းတပ်**
အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ အထိမ်းအမှတ်အဖြစ် ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို စက်တင်ဘာ ၁၅ ရက် နံနက် ၉ နာရီတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်လင်းလင်းစန်းက အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ ဖြစ်ပေါ်လာပုံကို ပြောကြားသည်။

ထို့နောက် အထက (၁) ကျောင်းသား ကျောင်းသူများက အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အထိမ်းအမှတ်ပြခန်း၊ ခါတ်ပုံ၊ ကာတွန်း၊ ပန်းချီနှင့် အသိပညာပေး နံရံကပ်စာစောင်များကို ကြည့်ရှုလေ့လာကြကြောင်း သိရသည်။ **ခို့ရှိန်း**

**ထီးလင်း**
အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ ပြိုင်ပွဲများကို စက်တင်ဘာ ၁၄ ရက် မွန်းလွဲပိုင်းက ထီးလင်းမြို့ လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

အထက- ထီးလင်းမှ အထက်တန်းနှင့်အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၃၀၊ ကဗျာပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၃၀ စုစုပေါင်း ၆၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **စိန်ကျော်**

## မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးပြုလုပ်

**ရန်ကုန်**
(၅၅) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဆိပ်ကြီးခနောင်တိုမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်၊ မြို့မရဲစခန်းမှူး ဒု-ရဲမှူးသိန်းတိုးနှင့် တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၅ ရက် နံနက် ၇ နာရီက ဆိပ်ကြီးခနောင်တိုမြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ကြေးမုံ**

**ရမည်းသင်း**
ရမည်းသင်းမြို့ အမှတ်(၁)ရဲလေ့ကျင့်ရေးကျောင်းမှ ကျောင်းအုပ်ကြီး ရဲမှူးကြီးစိုးလွင်မိုးဦးစီး၍ အရာရှိ၊ အခြားအဆင့် ၈၅ ဦးတို့သည် ရမည်းသင်းမြို့ ရွှေသင်းဘိုးဘွားရိပ်သာအတွင်း၌ စက်တင်ဘာ ၁၄ ရက် နံနက် ၇ နာရီက သန့်ရှင်းရေးဆောင်ရွက်ကြပြီး အဘိုးအဘွားများအား ကျန်းမာရေးစစ်ဆေးခြင်း၊ ဆေးကုသပေးခြင်း၊ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **တင်ဦး (ရမည်းသင်း)**

## မင်းလှမြို့ ခံတပ်ကြီးလမ်း အဆင့်မြှင့်တင်

**အထက်မင်းလှ**
မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မင်းလှမြို့ ခံတပ်ကြီးလမ်းအား အရှည် ပေ ၉၀၀၊ အကျယ် ၁၆ ပေ၊ ဒု ၉ လက်မရှိ ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပြီးစီးမှုကို စက်တင်ဘာ ၁၃ ရက်က အမှုဆောင်အရာရှိ ဦးမျိုးနိုင်နှင့် မြို့နယ်စည်ပင်သာယာရေး ကော်မတီမှ တာဝန်ရှိသူများက သတ်မှတ်စံချိန်စံညွှန်းနှင့်ညီ၊ မညီ ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာက ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လိုက်လံရှင်းလင်းပြသကြောင်း သိရသည်။ **ဇာဇာ(အထက်မင်းလှ)**

## အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ၌ ရွှေတံဆိပ်ဆုများ ပိုမိုရရှိရန်လေ့ကျင့်

**ရန်ကုန် စက်တင်ဘာ ၁၅**
ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပမည့် (၁၀) ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲ၌ မြန်မာနိုင်ငံမှ အားကစားနည်း ၁၃ မျိုးဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ရွှေတံဆိပ်ဆု ၁၅ ခုနှင့်အထက် ရရှိရန် မျှော်မှန်းထားကြောင်း မြန်မာနိုင်ငံမသန်စွမ်း အားကစားအဖွဲ့ချုပ်ထံမှ သိရသည်။

"အမျိုးသား အမျိုးသမီး ကစားသမား ၂၉၀ ကို နှစ်ပေါက်တဲ့အထိ အောင်စခန်းသွင်းထားတယ်၊ ဒီကနေ စံချိန်ယူ ပြိုင်ပွဲတွေလုပ်ပြီး ရွေးချယ်သွားမယ်၊ မနှစ်ကပြိုင်ပွဲမှာ ရွှေတံဆိပ်ဆု ၁၁ ခုပဲ ရခဲ့တယ်။ ဒီနှစ်တော့ ၁၅ ခုအထိ ရအောင်တော့ မျှော်မှန်းပါတယ်" ဟု မြန်မာနိုင်ငံမသန်စွမ်း အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီး မျိုးမြင့်(ငြိမ်း)က ပြောသည်။

လက်ရှိအနေအထားအရ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မသန်စွမ်းအားကစား အဖွဲ့ချုပ် လေ့ကျင့်ရေးစခန်း၌ ခြေထောက်ပြတ်နေသူ၊ ကိုယ်ခန္ဓာစွန်းလွတ်ရသူ၊ မျက်မမြင်၊ နားမကြား၊ သူငယ်နာအကြောတင်၊ ဉာဏ်ရည်မပြည့်မီ အစရှိသော ပြိုင်ပွဲဝင်မည့် မသန်စွမ်းကစားသမား အမျိုးသား၊ အမျိုးသမီး စုစုပေါင်း ကစားသမား ၂၉၀ ကို စခန်းသွင်းလေ့ကျင့်ပေးလျက်ရှိသည်။

ဖိလစ်ပိုင်နိုင်ငံတွင် (၁၀)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲများကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁၈ ရက်မှ ၂၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ ပြိုင်ပွဲ၌ ကစားနည်း ၁၆ မျိုး ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံရှိ မသန်စွမ်း အားကစားများအနေဖြင့် ပြေးခုန်ပစ်၊ ရေကူး၊ စားပွဲတင်တင်းနစ်၊ ထိုင်လျက်ဘော်လီဘော၊ ဝှီးချဲ (ဘတ်စကက်ဘော)၊ စစ်တုရင်(ချက်)၊ ဂိုးဘော၊ ဘိုးလင်း၊ မြားပစ်၊ အလေးမ၊ ဝှီးချဲပေါ်မှ ဘောလုံးပစ်ကစားနည်းများနှင့် အခြားကစားနည်းများအပါအဝင် စုစုပေါင်း ကစားနည်း ၁၃ မျိုးဖြင့် ဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း မြန်မာနိုင်ငံ မသန်စွမ်းအားကစား အဖွဲ့ချုပ်ထံမှ သိရသည်။

**ပွင့်သစ္စာ**



အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး



## ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် မသန်စွမ်းသူများ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေး သင်တန်းဖွင့်ပွဲ ကျင်းပ

**တောင်ငူ စက်တင်ဘာ ၁၅**
ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် မသန်စွမ်းသူများ ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ရေး လေ့လာဆန်းစစ်ခြင်းသင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၁၄ ရက် နံနက် ၉ နာရီက တောင်ငူမြို့ Global Grace Hotel ခန်းမ၌ကျင်းပရာ သင်တန်းကျင်းပရခြင်း ရည်ရွယ်ချက်ကို ဆရာမ ဒေါ်သိမ့်သိမ့်ဖူး(ဒါရိုက်တာ၊ MILI နိုင်ငံရေးမဏ္ဍိုင်)က ပြောကြားသည်။

အဆိုပါသင်တန်းတွင် ငြိမ်းချမ်းရေးနှင့် ပဋိပက္ခဆိုင်ရာသဘောတရားများ၊ မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်သမိုင်းနှင့် လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား လေ့လာခြင်းကို ဆရာ ဦးမရန်ဂျော်ဂွန်း (ငြိမ်းဖောင်ဒေးရှင်း)ကလည်းကောင်း၊ ငြိမ်းချမ်းရေးဖြစ်စဉ်များတွင် နိုင်ငံတကာ၏ပါဝင်မှု အခန်းကဏ္ဍခေါင်းစဉ်ဖြင့် ဒေါက်တာစိုင်းခိုင်မျိုးထွန်း (တွဲဖက်ပါမောက္ခ နိုင်ငံခြားဘာသာတက္ကသိုလ်၊ ရန်ကုန်)ကလည်းကောင်း၊ ငြိမ်းချမ်းရေးဖြစ်စဉ်များတွင် မသန်စွမ်းသူများ ပါဝင်နိုင်မှုအခန်းကဏ္ဍ (စိန်ခေါ်မှုများနှင့် အခက်အခဲများ)ကို ဆရာမဒေါ်ယုယုဆွေ (ညှိနှိုင်းရေးမှူး၊ MILI )က လည်းကောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် မသန်စွမ်းသူများ ပါဝင်နိုင်ရေးအတွက် ဖြစ်နိုင်ဖွယ်ရှိသော အခန်းကဏ္ဍများကို ဆရာဦးနေလင်းစိုး (အမှုဆောင်ဒါရိုက်တာ၊ MILI )က လည်းကောင်း၊ ငြိမ်းချမ်းရေးဖြစ်စဉ်များတွင် အရပ်ဘက်အဖွဲ့အစည်းများမှ ပါဝင်ဆောင်ရွက်သူများက ဆွေးနွေးပို့ချခြင်းကို စက်တင်ဘာ ၁၄ ရက်မှ ၁၈ ရက်အထိ ငါးရက်တာ သင်တန်းပို့ချသွားမည်ဖြစ်သည်။

သင်တန်းသို့ မြန်မာနိုင်ငံမသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့ (ရန်ကုန်ရုံးချုပ်၊ MILI)၊ ငြိမ်းဖောင်ဒေးရှင်း၊ နိုင်ငံခြားဘာသာတက္ကသိုလ်၊ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်ဆောင်ရွက်သည့် အရပ်ဘက်အဖွဲ့အစည်းများမှ ဆရာ ဆရာမများ၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်တို့မှ မသန်စွမ်းရှေ့ဆောင်အဖွဲ့ရုံးခွဲများမှ ခေါင်းဆောင်သင်တန်းသား ၃၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကျော်လှ(တောင်ငူ)**



## မန်ယူဂိုးသမား ဒီဂီယာ တစ်ပတ်ပေါင်နှစ်သိန်းခွဲဖြင့် လေးနှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ်ချုပ်ဆို

မန်ယူအသင်းရဲ့ ဂိုးသမား ဒီဂီယာဟာ အိုးထရက်ဖို့ဒ်မှာ ဆက်ရှိနေရေးအတွက် တစ်ပတ်လုပ်ခလစာပေါင် နှစ်သိန်းခွဲနဲ့ လေးနှစ်သက်တမ်းရှိစာချုပ်သစ်တစ်ရပ်ကို ထပ်တိုးချုပ်ဆိုလိုက်ပြီဖြစ်ပါတယ်။

ဂိုးသမား ဒီဂီယာဟာ အခုနှစ်ဘောလုံးရာသီကုန်မှာ မန်ယူအသင်းနဲ့ စာချုပ်သက်တမ်းကုန်ဆုံးတော့မှာဖြစ်ပြီး အခုချုပ်ဆိုလိုက်တဲ့စာချုပ်သစ်အရ မန်ယူအသင်းမှာ စာချုပ်သက်တမ်းကုန်ချိန်တွင် နောက်ထပ်သက်တမ်းတိုးခွင့်ပါ ထပ်မံရရှိမှာလည်းဖြစ်ပါတယ်။

စပိန်ဂိုးသမား ဒီဂီယာဟာ ကမ္ဘာ့အကောင်းဆုံးကစားသမားအဖြစ် သတ်မှတ်ခံထားရတဲ့အပြင် မန်ယူအသင်းနဲ့ စာချုပ်သက်တမ်းမတိုးမီကာလအတွင်း အခြားကလပ်အသင်းတွေကို ပြောင်းရွှေ့ကစားဖို့ ချိတ်ဆက်မှုတွေပြုလုပ်ခဲ့တာလည်းဖြစ်ပါတယ်။

ဂိုးသမား ဒီဂီယာဟာ လက်ရှိမှာ တစ်ပတ်လုပ်ခလစာပေါင် နှစ်သိန်းခွဲနဲ့ စာချုပ်ချုပ်ဆိုထားပေမယ့် သူ့ရဲ့စွမ်းဆောင်ရည်ကောင်းမွန်မှုပေါ်မူတည်ပြီး တစ်ပတ်လုပ်ခလစာပေါင် သုံးသိန်းခွဲအထိ တိုးမြင့်ရရှိမှာလည်းဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်းက ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းနဲ့ အီတလီ စီးရီးအေကလပ် ဂျူဗင်တပ်အသင်းတို့ကလည်း ဂိုးသမား ဒီဂီယာကို ခေါ်ယူဖို့ပစ်မှတ်ထားခဲ့တာဖြစ်ပါတယ်။

ဒါပေမယ့် လက်ရှိမှာ ပီအက်စ်ဂျီအသင်းနဲ့ ဂျူဗင်တပ်အသင်းတို့ကို ပြောင်းရွှေ့ကစားဖို့ဆန္ဒမရှိတာကြောင့် မန်ယူအသင်းနဲ့ စာချုပ်သစ်ထပ်တိုးချုပ်ဆိုလိုက်တာဖြစ်တယ်လို့ ဒီဂီယာက ဆိုပါတယ်။

## ချယ်လ်ဆီးအသင်းက တိုက်စစ်မှူးအိုဒိုအီအား ငါးနှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ် ချုပ်ဆိုမည်

ချယ်လ်ဆီးအသင်းဟာ ဒဏ်ရာပြဿနာမှ ပြန်လည်သက်သာလာပြီဖြစ်တဲ့ တိုက်စစ်မှူး အိုဒိုအီကို တစ်ပတ်လုပ်ခလစာပေါင် တစ်သိန်းနဲ့ ငါးနှစ်သက်တမ်းရှိစာချုပ်သစ်တစ်ရပ်ချုပ်ဆိုတော့မှာဖြစ်တယ်လို့ သိရပါတယ်။

အသက် ၁၈ နှစ်အရွယ်ရှိ အင်္ဂလန်တိုက်စစ်မှူး အိုဒိုအီဟာ ဒဏ်ရာပြဿနာကြောင့် ချယ်လ်ဆီးအသင်းမှာ ငါးလကြာ ပါဝင်ကစားနိုင်ခဲ့ခြင်းမရှိခဲ့ပါဘူး။

လက်ရှိမှာတော့ ချယ်လ်ဆီးအသင်းက တိုက်စစ်မှူး အိုဒိုအီကို စာချုပ်သစ်ချုပ်ဆိုတော့မှာဖြစ်ပြီး အိုဒိုအီအား ဂျာမန်ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းက ခေါ်ယူဖို့စိတ်ဝင်စားနေတာ ဖြစ်ပါတယ်။

အိုဒိုအီဟာ ချယ်လ်ဆီးအသင်းနည်းပြဟောင်း ဆာရီ လက်ထက်မှာ ပုံမှန်ပွဲထွက်ကစားခွင့် မရရှိခဲ့ပေမယ့် ချယ်လ်ဆီးအသင်းကို နည်းပြသစ်ဖရန့်လမ်းပတ်ရောက်ရှိလာချိန်မှာ လူငယ်ကစားသမားတွေကို ဦးစားပေးတဲ့ အစီအစဉ်ကြောင့် အိုဒိုအီကို စာချုပ်သစ်ချုပ်ဆိုဖို့ပြင်ဆင်လာခဲ့တာ ဖြစ်ပါတယ်။

**ငွေကြယ် စုစည်းသည်**



JUNE ဝဲဝီရှလိုင်းနား ထုတ်ကုန်များ သင် နှင့် သင်ချစ်သော သူများ ကျန်းမာစေဖို့ Spirulina Health Supplements




Ygn : + 95 - 9 - 730 12000, 730 13000, 730 14000 Mdy: + 95 - 2 - 40 24490, 40 36122, 40 39725 www.junespirulina.com

ညီနိုင်းဈေးဖြင့် လုံးချင်း/မြေကွက်များ အမြန်ရောင်းမည်

| | | | |
|---|---|---|---|
| ၁။ဗဟန်း၊သိမ်လွင်လမ်း | (63x94) | 1RC | 14000L |
| ၂။ကမာရွတ်အင်းယားလမ်း | (50x50) | 2RC | 9980L |
| ၃။(၇)မိုင်ပြည်လမ်းသွယ် | (60x100) | မြေ | 7000L |
| ၄။သုဝဏ္ဏတောင်ထိပ်ပန်းလမ်းမ | (70x80) | မြေ | 6500L |
| ၅။(၉)မိုင်၊အေဝမ်း | (40x100) | 2RC | 5500L |
| ၆။လှိုင်၊အေးရိပ်မွန်အိမ်ရာ | (30x70) | 2RC | 4000L |
| ၇။နှင်းဥယျာဉ်အိမ်ရာလမ်းမ | (40x60) | မြေ,∠ကွက် | 3950L |
| ၈။သုဝဏ္ဏ၊VIP-III | (60x80) | မြေ | 3900L |

- 09 5040160, 09 5173690, 09 5185534

" ရွှေမြည်အိမ်အကျိုးဆောင် "

| | | | |
|---|---|---|---|
| TimeCity Condo | (1300sqft) 1MBR,1BR | 1-sqft-2.2 | သိန်း |
| ဓမ္မပါင်း Condo | (2400sqft) 3MBR | 2950 | သိန်း |
| ရွှေဂုံးတောင်းCondo | (2100sqft)2MBR,1BR | 2400 | သိန်း |
| စမ်းချောင်းကံ့ဆင်းCondo(1100sqft) | ဘုရားview | 2350 | သိန်း |
| သုခမ္ဗ Condo | (2100sqft) 2MBR,2BR | 2200 | သိန်း |
| တန်လမ်းအနီး Condo(1950sqft) | 1MBR,2BR | 2150 | သိန်း |
| စေ၊ ဗိုင် Condo | (2000sqft) 1MBR,2BR | 2100 | သိန်း |
| ရွှေဂုံးတောင်း Condo(1680sqft) | 1MBR,2BR | 2050 | သိန်း |
| Golden oakCondo(1400sqft) | 1MBR,2BR | 1600 | သိန်း |

09 44 44 55 346, 09 444455237, 09 77 00 877 38

MOTHERLAND ဆောက်လုပ်ရေး

အောက်ပါလုပ်ငန်းအမျိုးမျိုးတို့ကို အထူးဝန်ဆောင်မှုပေးနေပါသည်။

- မြန်မာပြည်တစ်ဝှမ်း *PAE* ဖြင့် ဆောက်လုပ်ပေးခြင်း ☎ - 01 399032
- Steel Structure ဖြင့်ဆောက်လုပ်ပေးခြင်း ☎ - 01 399034
- အခန်းအမျိုးမျိုးအလှဆင်ခြင်း *(Decoration)* ☎ - 01 248912
- မြို့ပြရှုံးအမျိုးမျိုးတကာခံခြင်း ☎ - 01 394822


ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

မြန်မာ့မီးရထား

<u>အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း</u>

၁။ မြန်မာ့မီးရထားမှ (၂၀၁၉-၂၀၂၀)ဘဏ္ဍာနှစ် ပထမ(၂)လစာ လိုအပ်သော ဒီဇယ်ဆီ (HSD) ( 1760000-Gals) အား အထူး လိုအပ်ချက် အနေဖြင့် အောက်ပါ နေရာများ အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

တင်ဒါအမှတ် - ၀၁ /မမ/ပတ/ ဒီဇယ်ဆီ (HSD)(CME/CE)/2019-2020

| စဉ် | ပေးပို့ရမည့်နေရာ | အရေအတွက် (ဂါလန်) |
|---|---|---|
| ၁ | ဓနိတော | 1705400 - Gals |
| ၂ | ဟသ်ာတ | 25600 - Gals |
| ၃ | ပခုက္ကူ | 15200 - Gals |
| ၄ | ကလေး | 5500 - Gals |
| ၅ | စစ်တွေ | 700 - Gals |
| ၆ | ကျောက်တော် | 7600 - Gals |
| | စုစုပေါင်း | 1760000 - Gals |

တင်ဒါပိတ်မည့် နေ့/အချိန် - ( ၄ . ၁၀ .၂၀၁၉ ) (သောကြာ နေ့) (၁၄:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်(၁၆.၉.၂၀၁၉) ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင် ကြောင်း နှင့် အသေးစိတ် သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-294352,291988, 291994


Certificate TH09/3125

ဦးသာရင် ၏ လေငန်းဆေးပြား

လေဖြတ်၊ လေငန်းရောဂါ ကာကွယ်ကုသရန်နှင့် လေရောဂါများအတွက်သောက်သုံးနိုင်ပါသည်။

Certificate TH06/3966

ISO 9001:2015 နှင့် GMP လက်မှတ်ရ ဦးသာရင်ဆေးတိုက်

IT ဂျပန် English ဘာသာ ဘာသာ

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများနှင့် တက္ကသိုလ်တက်ရောက်နေသူများအတွက် IT Engineer တစ်ယောက်အဖြစ် ရပ်တည်နိုင်ရန် ပြုစုပျိုးထောင်ပေးနေသည်

Only One School in Myanmar

METRO IT & Japanese Language Centre

IT Course Seminar ( ဘာသာရပ်ဆိုင်ရာ ရှင်းလင်းပွဲ )

22 September 2019 ( Sunday )

1:00 pm ~ 3:00 pm

Metro IT & Japanese Language Centre ( Yangon )





December Intake

- System Creator Course (2years)
- Web Engineer Course (2years)

Room No(A,B,C,D), 3rd Floor, Kyaw Business Tower Condo, Pansodan Road ( middle block ), Kyauktada Township, Yangon. Phone No : 01-372691, Email: mminfo@metro-myanmar.com Facebook: www.facebook.com/metrogroupmyanmar Website: www.metro-myanmar.com/mic

09-262007800 09-262007900

IKBZ Insurance

IKBZ LIFE

လေးစားတန်ဖိုးထားရပါသော လူကြီးမင်းများခင်ဗျား

၁။ အပြည်ပြည်ဆိုင်ရာကမ္ဘောဇအာမခံကုမ္ပဏီ (IKBZ Insurance Co., Ltd.) သည် လူကြီးမင်းတို့အတွက် အာမခံဝန်ဆောင်မှု အမျိုးမျိုးကို ဆောင်ရွက်ပေးလျက်ရှိရာမှ ယခုအခါတွင် မြန်မာ့အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြောင်းလဲတိုးတက်လာသော မူဝါဒများနှင့်အညီ ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများဖြင့် ထိရောက်စွာဆောင်ရွက်ပေးနိုင်ရန်အတွက် IKBZ Insurance Co., Ltd နှင့် IKBZ Life Insurance Co., Ltd တို့ကိုခွဲခြား၍ အထွေထွေအာမခံကဏ္ဍနှင့် အသက်အာမခံကဏ္ဍ သီးခြား ခွဲခြားစီမံ၍ ဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာအသိပေးအပ်ပါသည်။

၂။ အသစ်ဖွဲ့စည်းလိုက်သည့် IKBZ Life Insurance Co., Ltd ၏ အသက်အာမခံဝန်ဆောင်မှုများကို ၂၀၁၉ ခုနှစ် စက်တင်ဘာလ (၁၆)ရက်နေ့မှ စတင်၍ အောက်ပါအာမခံအမျိုးအစားများအား ဆောင်ရွက်ပေးလျက်ရှိပါသည်။

(က) လုံခြုံမှုကာလတို အသက်အာမခံ (Short Saver)
(ခ) ပညာရေးအသက်အာမခံ/ ပညာရွှေအိုး (Education Saver/ Pyin Nyar Shwe Oh)
(ဂ) အုပ်စုလိုက်အသက်အာမခံ (Group Life)
(ဃ) အားကစားသမားအသက်အာမခံ (Sportsman Life)
(င) မြွေကိုက်ခံရမှုအာမခံ (Snake Bite)
(စ) တောင်သူလယ်သမားအသက်အာမခံ (Farmers Life)

၃။ အခြားအထွေထွေအာမခံဝန်ဆောင်မှုများဖြစ်သော ပြည့်စုံမော်တော်ယာဉ်အာမခံ (Motor Comprehensive)၊ မီးနှင့်ထိခိုက်ပျက်စီးမှုအာမခံ (Fire & Perils)၊ ခရီးသွားအာမခံ (Travel)၊ ကျန်းမာရေးအာမခံနှင့် ကိုယ်အင်္ဂါထိခိုက်မှုအာမခံ (Personal Accident) အစရှိသည့် လုပ်ငန်းအစုစုတို့ကို IKBZ Insurance Co., Ltd မှ ယခင်အတိုင်း ဆက်လက်ဝန်ဆောင်မှုပေးသွားမည် ဖြစ်ပါသည်။

၄။ IKBZ Insurance Co., Ltd မှ ယခင်ရရှိထားသော အသက်အာမခံပေါ်လစီများကိုင်ဆောင်ထားသည့် လူကြီးမင်းများထံသို့ အသက်အာမခံဆိုင်ရာ အချက်အလက်များကို အသေးစိတ်ရှင်းလင်းစွာ ပေးပို့သွားမည်ဖြစ်ပြီး ထပ်မံသိရှိလိုသည်များရှိပါက အောက်ပါအတိုင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်းနှင့် အောက်ပါဖုန်းနံပါတ်များသို့လည်း ဆက်သွယ်နိုင်ပါကြောင်း လေးစားစွာ အသိပေးအပ်ပါသည်။

| | | |
|---|---|---|
| IKBZ Insurance Co., Ltd | Hot Line: | 01 2307000 |
| IKBZ Life Insurance Co., Ltd | Hot Line: | 09 95 44 777 88, 09 95 44 777 99 |
| IKBZ Life Insurance Co., Ltd | Website: | www.ikbzlife.com |

၅။ IKBZ Insurance Co., Ltd နှင့် IKBZ Life Insurance Co., Ltd တို့အနေဖြင့် လူကြီးမင်းတို့၏ ယုံကြည်အားထားမှုအပေါ် ယုံကြည်မှုအား လေးနက်စွာတန်ဖိုးထားပါကြောင်းနှင့် လူကြီးမင်းတို့၏ အသက်နှင့်ပိုင်ဆိုင်မှုတို့ကို အာမခံကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ပြည်သူအပေါင်း၏ ဘဝလုံခြုံမှုအတွက်အကောင်းဆုံးတန်ဖိုးကို အကောင်းဆုံးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ယုံကြည်အားထားရသော IKBZ အာမခံမိသားစု

IKBZ Insurance ☎ 01 2307000 IKBZ Life ☎ 09 95 44 777 88, 09 95 44 777 99

## တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ
## အင်ဂျင်နီယာသင်တန်းသားများ
## အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) **၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့်ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၄၀ ထက် မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ၊ သို့မဟုတ် ဝိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၉-၉-၂၀၁၉** ရက်နေ့မှ စတင်၍ **၂၃-၁၁-၂၀၁၉** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း တိုင်းစစ်ဌာနချုပ်များတွင် အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ**။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ အရည်အချင်းစစ်စာမေးပွဲကို မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်များ၌ **၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၆။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်မြင်သူများကို ဟိုပုံးမြို့(တောင်ကြီးခရိုင်)တွင်လူတွေ့စစ်ဆေးမည်။ လူတွေ့ အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။ အရည်အချင်းစစ် စာမေးပွဲအောင်စာရင်းနှင့်သတင်းပို့ရမည့်ရက်များကို မိမိလျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်များတွင် **၂၇-၁၂-၂၀၁၉** မှ **၂၈-၁၂-၂၀၁၉** ရက်နေ့များအတွင်း မေးမြန်းနိုင်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် **ပညာသည် အကြပ်ကြီး** အဖြစ်ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက် တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

**ဦးဣန္ဒာစက္က**
**သိက္ခာတော်(၂၃)ဝါ၊ သက်တော်(၄၃)နှစ်**
**ပဓာန နာယကဆရာတော်၊ ဓမ္မပူဇာသဒ္ဓမ္မရုံသီရိပ်သာ**
**ဥသာမြို့သစ်၊ ပဲခူးတိုင်းဒေသကြီး**
**သာသနဓဇဓမ္မာစရိယ၊ ဥပတောဝိဘင်္ဂရေ**

ပဲခူးတိုင်းဒေသကြီး၊ ဥသာမြို့သစ်၊ ရပ်ကွက်ကြီး(၉)ရှိ၊ ဓမ္မပူဇာသဒ္ဓမ္မရုံသီရိပ်သာ၊ ပဓာနနာယက ဆရာတော်သည် (၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက်) ၁၅-၉-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၀၀း၁၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်) ၁၉-၉-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် အန္တိမအဂ္ဂိစျာပန အခမ်းအနားကို ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ/ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူ တပည့်၊ ဒါယကာ/ဒါယိကာမများ

## ဦးကျော်ဘုန်းမြင့်

**(Victor Kyaw Phyo)**
**အသက်(၇၅)နှစ်**

စီးပွားရေးတက္ကသိုလ် ၁၉၆၉ ကျောင်းဆင်း ဒေါ်ထားချို၏ခင်ပွန်း ဦးကျော်ဘုန်းမြင့်သည် ၁၄-၉-၂၀၁၉ ရက် နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၉-၂၀၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပါမည်။ စီးပွားရေးတက္ကသိုလ်(၆၉) ကျောင်းဆင်းသူငယ်ချင်းများ လိုက်ပါပို့ဆောင်ကြပါရန် နိုးဆော်အသိပေးအကြောင်းကြားအပ် ပါသည်။

၁၉၆၉ စီးပွားရေးတက္ကသိုလ်
ကျောင်းဆင်းသူငယ်ချင်းများ

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးကျော်ဘုန်းမြင့် (Victor Kyaw Phyo)**
**B.E (Mech) 64' Intake RIT**
**အသက်(၇၅)နှစ်**

သူငယ်ချင်း ဦးကျော်ဘုန်းမြင့် (ရန်ကုန်စက်မှုတက္ကသိုလ် ၁၉၆၄-၁၉၆၅ ပထမနှစ် ကျောင်းသားကျောင်းသူဟောင်းများအဖွဲ့ဝင်)သည် ၁၄-၉-၂၀၁၉ ရက် နံနက် ၇ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်စက်မှုတက္ကသိုလ်**
**၁၉၆၄-၁၉၆၅ ပထမနှစ်ကျောင်းသားကျောင်းသူဟောင်း သူငယ်ချင်းများ**

## သစ်တော

## သစ်ပင်

## ဒို့ချစ်ခင်

## အစဉ်

## စိုက်ပျိုး

## အလှတိုး

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ကျောင်း၊ ရဟန်း၊ ပိဋကတ်တိုက်အလှူရှင် ဒါယိကာမကြီး**
**ဒေါ်နီ အသက် (၇၆) နှစ်**

ကျုံမငေးမြို့ ၊ သီရိမင်္ဂလာလမ်းအမှတ်(၁၃/ဂ) နေ ဒေါ်နီ သမဝါယမဦးစီးဌာန(ငြိမ်း) သည် ၁၄. ၉. ၁၉ (စနေနေ့)၊ ည(၆း၃၀) တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲ ရပါသည်။

ကျုံမငေးအသင်း (ရန်ကုန်)
အလုပ်အမှုဆောင်

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးကျော်ဘုန်းမြင့်(Victor Kyaw Phyo)

**B.E (Mechaniacal) 1971 Batch**
**အုပ်ချုပ်မှုဒါရိုက်တာ (Myanmar Atlantic Co.,Ltd)**
**စိန်ပေါလ်ကျောင်းသားဟောင်း**
**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဦးထွန်းလင်းခြံလမ်း၊ သပြေညို၊ တိုက်(၂)နေ ဦးကျော်ဘုန်းမြင့် အုပ်ချုပ်မှုဒါရိုက်တာ (Myanmar Atlantic Co., Ltd) အသက်(၇၅)နှစ်သည် ၁၄-၉-၂၀၁၉ (စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာ အတ္တလန်တစ် ကုမ္ပဏီလီမိတက်**
**ရန်ကုန်ရုံးချုပ် ဝန်ထမ်းမိသားစုများ**
**မြိတ်ရုံးခွဲ ဝန်ထမ်းမိသားစုများ**
**ပုလဲတံခွန်ထုတ်လုပ်ရေးစခန်း ဝန်ထမ်းမိသားစုများ**

# ဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးလဖိုင်ခွန်ဆာ၏ညီ၊ ဒေါ်မေစန္ဒာကျော်(ခ)ဝလာဂျာအောန်၏ခင်ပွန်း၊ မောင်ဇော်ဆိုင်းဒူ၊ မနန်ရှယီတို့၏ဖခင် ဦးလဖိုင်ဇော်ယော်သည် ၁၄-၉-၂၀၁၉ (စနေနေ့) နံနက် ၄း၅၀ နာရီတွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အမှတ်(S-212)၊ ရွှေသပြေလမ်း၊ သပြေကုန်းရပ်ကွက်နေအိမ်၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဝန်ထမ်းများ**
**မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# ခရစ်တော်၌ အိပ်ပျော်ခြင်း

## ဦးလဖိုင်ဇော်ယော်

## အသက် (၄၅) နှစ်

မြစ်ကြီးနားမြို့ မြေမြင့်ရပ်ကွက်၊ အမှတ်(၈၂)နေ (ဒူဝါလဖိုင်ဇော်လ-ဒူဂျန်ဝလာနန်ထု)တို့၏ သားထွေး၊ ဒေါ်နန်မိုင် (ရန်ကုန်)၊ ဒေါ်နန်ဘန် (ဗန်းမော်)၊ ဦးလဖိုင်ခွန်ဆာ (ရန်ကုန်)၊ ဒေါ်နန်ဂရောင် (မြစ်ကြီးနား)၊ ဒေါ်နန်ရှန် (မြစ်ကြီးနား)၊ (ဦးဇော်ဆမ်)၊ ဦးအောင်ရာတန် (ရန်ကုန်)၊ ဒေါ်နန်ပရီ (ရန်ကုန်)တို့၏ ညီ/မောင်၊ ဒေါ်မေစန္ဒာကျော် (ခ) ဝလာဂျာအောန်၏ ခင်ပွန်း၊ မောင်ဇော်ဆိုင်းဒူ၊ မနန်ရှယီတို့၏ဖခင်သည် ၁၄-၉-၂၀၁၉ (စနေနေ့) မြန်မာစံတော်ချိန် နံနက် ၄း၅၀ နာရီတွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အမှတ်(S-212)၊ ရွှေသပြေလမ်း၊ သပြေကုန်းရပ်ကွက်နေအိမ်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၇-၉-၂၀၁၉ (အင်္ဂါနေ့)တွင် မြစ်ကြီးနားမြို့ ဂျော်ဘွမ် (နောင်နန်း) ခရစ်ယာန် သင်္ချိုင်း၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## သထုံမြို့နယ်အသင်း(ရန်ကုန်)

**ဘုရား၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း ဒါယကာကြီး**
**ဦးကျော်ညွှန့် (ရေနံချောင်း)**
**အသက်(၉၈)နှစ်**
**အရာခံဗိုလ်(ငြိမ်း) GE၊**
**(စီမံကိန်း အင်/ယာ၊ မလွန်စက်မှုလုပ်ငန်းဆောင်ရွက်မှုကော်ပိုရေးရှင်း)**
**၁၃၀၀ ပြည့် ကျောင်းသားခေါင်းဆောင် (သခင်ကျော်ညွှန့်)**

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ်၊ ကြီးပွားရေး(မြောက်)ပြည်ထောင်စုရိပ်မွန်၊ ပန်းမယ်ဇလီလမ်း၊ အမှတ်(၁၀)နေ (ဦးဘသောင်း-ဒေါ်မြ)တို့၏ သား၊ (ဒေါ်သန်းစိန်)၊ ဒေါ်စန်းစန်းဝေ(လ/ထ မန်နေဂျာ-ငြိမ်း၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ ကမ္ဘာ့ရတနာဘဏ်)တို့၏ ခင်ပွန်းသည် ၁၄-၉-၂၀၁၉ (စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၉-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

## ဒေါ်သန်းနု

**အသက်(၉၃)နှစ်**

ရန်ကုန်မြို့ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ ကမာကြည်လမ်း၊ တိုက်(၁၆၂)၊ အခန်း(၇)နေ (ဦးဘသင်-ဒေါ်စိန်)တို့၏ သမီး၊ ဦးမောင်ဝင်း(MPPE-ငြိမ်း)-ဒေါ်ခင်အေးတင့် (MPPE-ငြိမ်း)တို့၏မိခင်၊ ဒေါ်ခင်အေးမြင့်၏အဒေါ်၊ မောင်ရဲအောင်(KAJEMA Construction Co., L td Singapore)-ဒေါ်မေလီဝေါင်း (ကထိက ဘောဂဗေဒဌာန ပင်လုံမြို့ ပင်လုံတက္ကသိုလ်)တို့၏ အဘွား၊ မစုရဲလင်းကျော့၊ မောင်အောင်မြင့်မြတ်လင်းတို့၏ ဘွားဘွားသည် ၁၅-၉-၂၀၁၉ ရက် နံနက် ၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၉-၂၀၁၉ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၁-၉-၂၀၁၉ ရက် နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံ အလှူဒါယိကာမကြီး**
**ဒေါ်ထွားစိန် (ညောင်ကျိုး)**
**အသက်(၈၉)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ "ညောင်ကျိုးဒေသအသင်း"၏ ဒု-ဥက္ကဋ္ဌ ရန်ကုန်မြို့ လှိုင်မြို့နယ်နေ ဦးအေးလွင်-ဒေါ်လဲ့လဲ့ခိုင်၊ အသင်းဝင်များဖြစ်ကြသော ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်နေ ဒေါ်ခင်ချို၊ (ဦးဇော်လွင်)-ဒေါ်သိန်းသိန်းတို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်ထွားစိန် သည် ၁၄-၉-၂၀၁၉ (စနေနေ့) နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်၊ သာမုအရှေ့ရပ်ကွက်၊ နိဗ္ဗာန်လမ်း၊ တိုက်အမှတ်(၄)၊ သုံးလွှာ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ညောင်ကျိုးဒေသအသင်းသူ/အသင်းသားများအနေဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညောင်ကျိုးဒေသအသင်း**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးအေးကို (ကံမမြို့)**
**ကုန်သွယ်ရေးမန်နေဂျာ(ငြိမ်း)**
**အသက်(၈၂)နှစ်**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းနေ ဒုတိယဗိုလ်မှူးကြီးအောင်မိုးမြင့် (အမှတ်-၂၊ တပ်မတော်ဆေးရုံ၊ ခုတင်-၇၀၀)-ဒေါ်နန္ဒာတင်စမ်း တို့၏ ဖခင် သည် ၁၁-၉-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၈း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တပ်မတော်ဆေးတက္ကသိုလ် အမှတ်စဉ်(၁)**
**ကျောင်းဆင်းအရာရှိများနှင့် မိသားစုဝင်များ**

# ဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးလဖိုင်ခွန်ဆာ၏ညီ၊ ဒေါ်မေစန္ဒာကျော်(ခ)ဝလာဂျာအောန်၏ ခင်ပွန်း၊ မောင်ဇော်ဆိုင်းဒူ၊ မနန်ရှယီတို့၏ဖခင် ဦးလဖိုင်ဇော်ယော်သည် ၁၄-၉-၂၀၁၉ (စနေနေ့) နံနက် ၄း၅၀ နာရီတွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အမှတ်(S-212)၊ ရွှေသပြေလမ်း၊ သပြေကုန်းရပ်ကွက် နေအိမ်၌ ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာ့သူရကျောက်မျက်ရတနာကုမ္ပဏီ**

# ဦးကျော်ဘုန်းမြင့်(Victor Kyaw Phyo)
## B.E (Mechanical) 1971 Batch
## အုပ်ချုပ်မှုဒါရိုက်တာ (Myanmar Atlantic Co.,Ltd)
## စိန်ပေါလ်ကျောင်းသားဟောင်း
## အသက်(၇၅)နှစ်

ရန်ကုန်မြို့ ကမာရွတ်မြို့နယ်၊ ဦးထွန်းလင်းခြံလမ်း၊ သပြေညို တိုက်(၂)နေ (ဦးကျော်ဖြိုး-ဒေါ်အေးကြည်)တို့၏သား၊ [ဦးဝန် (မင်းသုဝဏ်)-ဒေါ်ကြည်ကြည်]တို့၏သားသမက်၊ ဒေါ်ထားချို၏ ခင်ပွန်း၊ (ဒေါ်ခင်ထားကြည်-ဦးအေးချို)တို့၏ မောင်၊ (ဒေါ်ခင်သင်းကြည်)၏ အစ်ကို၊ ဦးဉာဏ်စိုး-ဒေါ်တင်မမ၊ ဦးထင်ကျော်-ဒေါ်စုစုလွင်တို့၏ ညီ/မောင်၊ ဒေါက်တာမင်းဝန်(FDA)-ဒေါက်တာမင်းမင်းမြင့်သူ(LEO Health Care)၊ ဦးသုဝဏ်-ဒေါ်သီရိလင်းထွဋ်၊ ဒေါ်အေးနှင်းဝဏ်-ဦးရှိန်းလွင်တို့၏ ဖခင်၊ မောင်ထက်အာကာမင်းဝဏ်၊ မောင်ခန့်ဝေယံမင်းဝဏ်၊ မောင်သုလွင်၊ မချိုလွင်၊ မောင်သုတဝဏ်တို့၏ အဘိုးသည် ၁၄-၉-၂၀၁၉ရက် နံနက် ၇နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၁၆-၉-၂၀၁၉ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။

(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၀-၉-၂၀၁၉ (သောကြာနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်သန်းရီ
### အသက် (၇၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်နေ (ဦးမောင်မောင်-ဒေါ်ချို)တို့၏ သမီးကြီး၊ ရန်ကုန်မြို့ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်းမကြီး၊ အမှတ် (၂၅၄)နေ (ဦးလှချစ်)၏ဇနီး၊ ဦးကြည်စိုး-ဒေါ်အေးအေးမာ၊ ဦးစောထွဏ်းအောင်-ဒေါ်တင်တင်ချစ်၊ ဦးဇော်မျိုးကျော် (United Wood Industries Co., Ltd)-ဒေါ်စန်းစန်းဝေ၊ မထက်ထက်ဖြိုး (Memories Group)တို့၏ မွေးသမိခင်၊ မြေးခြောက်ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၁၅-၉-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၂၀ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၉-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ ၉-မိုင်၊ အေဝမ်းလမ်း၊ အမှတ် ၁၄၈/က-၂ ဦးဇော်မျိုးကျော်-ဒေါ်စန်းစန်းဝေတို့၏ နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၉-၂၀၁၉ (စနေနေ့) နံနက် ၈ နာရီမှ ၁၀ နာရီအထိ ဦးဇော်မျိုးကျော်-ဒေါ်စန်းစန်းဝေတို့၏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးမြင့်သိန်း
### အသက်(၆၅)နှစ်

ရန်ကုန်မြို့ တောင်ဒဂုံမြို့နယ်၊ (၂၁)ရပ်ကွက်၊ ရန်အောင်လမ်း၊ အမှတ် (၁၁၃)နေ ဒေါ်ငွေငွေမြင့်၏ ခင်ပွန်း၊ ကိုဇော်မင်းထက်-မသက်မွန်ဦး (ထိပ်ထားစားသောက်ကုန်လုပ်ငန်း)၊ ကိုကျော်စိုးပိုင်-မဇင်ဇင်လတ်တို့၏ ဖခင်ကြီး၊ မောင်ဖွဲ့ဆက်ပိုင်၊ မောင်ဘုန်းမြတ်မင်းသက္ကာ၊ မပိုးချစ်အိမ်တို့၏ ဘိုးဘိုးသည် ၁၅-၉-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၉-၂၀၁၉ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ကျိုက်စုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးကျော်သန်း (မအူပင်)
ကျော်၊ စိန်၊ ဝင်း စက်မှုလက်မှု

### အသက်(၈၂)နှစ်

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ မုန့်/မြောက်ရပ်ကွက်၊ ရန်ရှင်းလမ်း၊ အမှတ်(၁၅)နေ ဒေါ်ခင်ရီ၏ ခင်ပွန်း၊ ဦးမင်းသူ-ဒေါ်ခင်သန်းဝင်း(စံထားဝေကုမ္ပဏီလီမိတက်)၊ ဦးဝင်းကျော်-ဒေါ်တင်တင်ဝင်း (မြန်မာ့အာမခံလုပ်ငန်း)၊ ဦးလှိုင်ဘွား-ဒေါ်မင်းမင်းဝင်း၊ ဦးတင်မိုးဇော်-ဒေါ်တင်နွယ်ဝင်းတို့၏ ချစ်လှစွာသောဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၁၄-၉-၂၀၁၉ (စနေနေ့) ညနေ ၄း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၉-၂၀၁၉ (တနင်္လာနေ့) ညနေ ၃ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး

## ဒေါ်စိန်ဖြူ
### အသက် (၉၁)နှစ်
စစ်တွေ/မောင်တော

စစ်တွေမြို့နေ (ဦးမောင်နီ-ဒေါ်ရွှေခိုင်)တို့၏ သမီး၊ (ဦးနန်းလုံးအောင်-ဒေါ်မမဖြူ)တို့၏ သမီးချွေးမ၊ အမှတ် (၄၀၃)၊ ဇာနည် (၁၀)လမ်း၊ အထက် (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ [ဦးမောင်ညွှန့် (လဝကမှူး)]၏ ချစ်လှစွာသောဇနီး၊ ဒေါ်ကြည်ကြည်၊ ဦးကျော်သန်း၊ ဒေါ်လှလှကြည်၊ ဦးလှဝင်းတို့၏ ချစ်လှစွာသော ကျေးဇူးရှင်မိခင်ကြီး၊ (ဒေါ်စိန်မြဦး)၏ ညီမ၊ ဦးဖိုးမြ၏ အစ်မသည် ၁၄-၉-၂၀၁၉ (စနေနေ့) နံနက် ၈း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၉-၂၀၁၉ (တနင်္လာနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၉-၂၀၁၉ (သောကြာနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ရဟန်းဒါယိကာမကြီး

## ဒေါ်ခင်ညွန့်(ခ)ဒေါ်ခင်နှင်းမြင့်
### အသက် (၈၂)နှစ်
စာရေးဆရာမ ခင်မမ (ပညာရေး)

မူလတန်းပြဆရာမ(ငြိမ်း) (အမက-၁၀၊ တ/ဥက္ကလာ)

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၂)ရပ်ကွက်၊ ကျေးတမာလမ်း၊ အမှတ် (၁၀၉)နေ (ဦးဘိုးသွင်-ဒေါ်သန်းမြိုင်)တို့၏ သမီး၊ [ဦးတင်ဝင်း (စာရေးဆရာတည်ကြည်) (အရှင်နေမိန္ဒြဓမ္မဝိဇ္ဇာ)]၏ဇနီး ဦးမင်းရဲထွန်း-ဒေါ်သက်သက်ငွေ၊ ဦးဘုန်းသက်ပိုင်တို့၏ မွေးသမိခင်၊ မောင်သက်ထူးဝေ၊ မပိုင်းစက်စက်မင်းတို့၏ အဘွားသည် ၁၅-၉-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၆း၄၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၉-၂၀၁၉ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်မြ
### အသက် (၈၇)နှစ်
ကွမ်းခြံကုန်း

ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်နေ (ဦးဖေမြင့်)၏ ဇနီး၊ (ဦးကျော်ဆွေဦး)-ဒေါ်လဲ့လဲ့ဦး၊ ဦးမိုးကျော်-ဒေါ်မေမေသန်း၊ ဦးဇော်မိုးမြင့်၊ ရန်ကုန်မြို့နေ ဦးမြင့်စိုး-ဒေါ်ခင်မမလှိုင် (ထ-၂၊ လှိုင်)၊ ဦးအောင်မင်းမင်း (အမှတ်-၂ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ ကွမ်းခြံကုန်းမြို့နယ်)၏မိခင်သည် ၁၅-၉-၂၀၁၉ ရက် နံနက် ၁၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ၊ ပိဋကတ်တိုက်အလှူရှင် ဒါယိကာမကြီး

## ဒေါ်နီ (ကျုံမငေးမြို့)
### အသက်(၇၆)နှစ်

ကျုံမငေးမြို့ သီရိမင်္ဂလာလမ်း၊ အမှတ်(၁၃/ဂ)နေ (ဦးထိုင်မစင်း-ဒေါ်မြကြည်)တို့၏သမီး၊ ဦးအောင်ရှင်-ဒေါ်အေးချိုတို့၏ ညီမ၊ ဦးခင်မောင်ညို-ဒေါ်သင်းသင်းရှိန်၊ ဦးခင်မောင်စိုး-ဒေါ်ညွန့်ကြည်၊ ဦးခင်မောင်မြင့်၊ ဦးခင်မောင်ရီ-ဒေါ်ချိုဇင်သန်းတို့၏ အစ်မ၊ တူ/တူမ ခုနစ်ယောက်တို့၏အဒေါ် ဒေါ်နီ (သမဝါယမဦးစီးဌာန-ငြိမ်း)သည် ၁၄-၉-၂၀၁၉ (စနေနေ့) ည ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၉-၂၀၁၉ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ကျုံမငေးတရုတ်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဦးအောင်ရဲထွဋ် (၈၃) နှစ်
ကုန်သွယ်ရေး-၁၅

Robert Oung Sein (သရဲ)

Methodist ကျောင်းသားဟောင်း (1955)

(ဦးအောင်စိန်-ဒေါ်သိန်း)တို့၏သားကြီး၊ (ဦးခင်ဖေ-ဒေါ်မမကြီး)တို့၏သားသမက်၊ (ဒေါ်စုစုမြင့်)၏ခင်ပွန်း၊ ဦးချစ်လင်းထွဋ်-ဒေါ်အေးအေးသန့်၊ ဦးထွေးလင်းထွဋ်-ဒေါ်မိုးသီတာငြိမ်း၊ ဦးဇော်မျိုးအောင်-ဒေါ်သက်စုထွဋ်တို့၏ဖခင်၊ မရတီဦး၊ မချမ်းမြေ့ငြိမ်း၊ မောင်ဟိန်းအောင်ဇော်၊ မသဒ္ဓါထွဋ်အောင်တို့၏အဘိုးသည် ၁၃-၉-၂၀၁၉ (သောကြာနေ့) နံနက် ၁၀ နာရီတွင် မြောက်ဒဂုံမြို့နယ်၊ (၄၁)ရပ်ကွက်၊ ပဒေသရာဇာလမ်း၊ အမှတ်(၂၁၂)နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၉-၂၀၁၉ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူ အားရည်စူး၍ ၁၉-၉-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်ရွှေ
### အသက်(၇၆)နှစ်
သန်လျင်မြို့ (ဗိုလ်ချုပ်ရွာ)

ဦးစီးအရာရှိ(ငြိမ်း)၊ ပြည်တွင်းအခွန်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ကျေးရွာ၊ မန်ကျည်းတန်းပိုင်း၊ အမှတ်(၄/၁၆)နေ (ဦးလှမောင်-ဒေါ်တင်နု)တို့၏ သမီးကြီး၊ ဒေါ်စန်းစန်းမေ(လ/ထမန်-ငြိမ်း၊ မစဘ-သန်လျင်)၊ ဒေါ်သန်းသန်းအေး (ဦး/ရှိ-ငြိမ်း၊ ပတခ)၊ ဦးအုန်းသွင်-ဒေါ်ခင်နှင်းလွင်၊ ဦးမြင့်လွင်-ဒေါ်စန်းစန်းရီ တို့၏ အစ်မကြီး၊ မစုမင်းသက်၊ မထက်စုဝင်း၊ ဗိုလ်ကြီးကျော်ဇေယျာ၊ မအိခင်ခင်ဆု (လ/ထ မန်နေဂျာ WOORI BANK)၊ မောင်ပြည်သိမ်းထွန်း (Assistant Techincal Eager Company)တို့၏ ကြီးကြီး ဒေါ်ခင်ရွှေ(ဦး/ရှိ-ငြိမ်း၊ ပတခ)သည် ၁၄-၉-၂၀၁၉ ရက် ညနေ ၅း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၉-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ဗိုလ်ချုပ်ကျေးရွာသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်လှမေ
### အသက်(၇၄)နှစ်

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အမှတ်(၄)တည်ဆောက်ရေးမှ ညွှန်ကြားရေးမှူး ဦးအောင်နိုင်ထွန်းနှင့် ဇနီး ဒေါ်ခင်ခင်ကျော်တို့၏မိခင်ကြီး ဒေါ်လှမေ အသက်(၇၄)နှစ်သည် ၁၄-၉-၂၀၁၉ ရက် ညနေ ၅း၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**

---

## အာနိစ္စ

ပေါင်းတည်မြို့နယ်အသင်း(ရန်ကုန်)

## ဦးမြင့်ရွှေ (ရာ-၁၆၂၀)
အထက ပေါင်းတည်/တောင်ငူ

### အသက် (၇၆)နှစ်

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်၊ ရွှေဂုဏ်သူအိမ်ရာ၊ တိုက်(A)၊ အခန်း (၉၀၉)နေ ဒေါ်တင်တင်ထွန်း (စီမံဌာနမှူး-ငြိမ်း၊ ပညာရေးကောလိပ်၊ တောင်ငူ)၏ ခင်ပွန်းသည် ၁၄-၉-၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မင်္ဂလာဒုံ တပ်မတော် ဆေးတက္ကသိုလ်သို့ လှူဒါန်းပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့

---

## ဒေါ်ခင်မမ
### အသက်(၇၂)နှစ်
စာရင်းစစ်မှူး(ငြိမ်း)၊

စာရင်းစစ်ချုပ်ရုံး

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၀)ရပ်ကွက်၊ ဇီဇဝါလမ်း၊ အမှတ်(၁၅၈)နေ (ဦးရွှင်-ဒေါ် သန်းသန်း)တို့၏ သမီး၊ (ဦးသောင်းလှိုင်-ဒေါ်မဋ္ဌူ)တို့၏ ညီမ၊ ဒေါ်ခင်မေစု၊ ဦးခင်မောင်တင့်၊ ဦးခင်မောင်ထူး၊ ဦးခင်မောင်စိုးဝင်း-ဒေါ်ခင်မေယု၊ ဦးခင်မောင်ထွေး-ဒေါ်မြမြဝင်းတို့၏အစ်မ ဒေါ်ခင်မမသည် ၁၄-၉-၂၀၁၉ ရက် နံနက် ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၀-၉-၂၀၁၉ (သောကြာနေ့)တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

**သင့်သွေးဖြင့် အသက် ကယ်ပါ**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်လှမေ
### အသက်(၇၄)နှစ်

ရန်ကုန်မြို့ သာကေတမြို့နယ်၊ ထူပါရုံ(၂၁)လမ်း၊ အမှတ်(၅၇)၊ အရှေ့နေ (ဦးဘသိန်း) ရမ်းဗြဲသား၏ ဇနီး၊ ဦးရင်ထွန်းဦး-ဒေါ်နီလာသိန်း (သရဖူအိတ်ချုပ်လုပ်ငန်း)၊ ဦးမောင်မောင်သိန်း-ဒေါ်သိန်းအေး၊ ဦးမောင်သန်းရွှေ-ဒေါ်လှမြတ်သိန်း (စစ်တွေဇမ္ဗူဆွေနာရီဆိုင်)၊ ဦးကျော်နု-ဒေါ်မြတ်ခိုင်သူ၊ ဦးအောင်နိုင်ထွန်း(ညွှန်ကြားရေးမှူး)-ဒေါ်ခင်ခင်ကျော်တို့၏ မိခင်၊ မြေးရှစ်ယောက်တို့၏ အဘောင်ရှင်သည် ၁၄-၉-၂၀၁၉ ရက် ညနေ ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၉-၂၀၁၉ (တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၉-၂၀၁၉ (သောကြာနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်နုနုခင် (Pamela Myo Kin)
### အသက်(၇၂)နှစ်
(Myanmar Global Law Firm)

(ဆာမောင်ခင်-လေဒီခင်)တို့၏ မြေး၊ [ဦးမျိုးခင် (Barrister-at-Law)-ဒေါ်ခင်မျိုးမြင့် (Kathrine Barber)]တို့၏ သမီး၊ (ဦးဖိုးဆယ်-ဒေါ်ဒေါ်ပိုက်)တို့၏ သမီးချွေးမ၊ (ဦးအောင်နိုင်မိုး)၏ ချစ်လှစွာသောဇနီး၊ ဒေါ်ခင်နှံ့သာအောင် (MITV-Myanmar Internation TV)၊ ဒေါ်မေဖြိုးခင် (Myanmar Global Law Firm)တို့၏ ချစ်လှစွာသောမိခင်၊ ဦးပီတာခင်(USA)၊ [ဦးမောင်မောင်ခင် (ခရိုင်ဥပဒေ-အရာရှိ)]-ဒေါ်ခင်လေးမြင့်၊ ဦးတင်မောင်ခင် (New York)-ဒေါ်ဝင်ဒီခင်(New York)၊ [ဦးတင်အောင်ခင်(USA)]-Elizabeth Kin(USA)တို့၏ ညီမ၊ ဦးအောင်မျိုးခင် (USA)၊ ဦးကြည်မြင့်-ဒေါ်နီလာမျိုးခင် တို့၏ အစ်မ၊ တူ/တူမ ကိုးယောက်တို့၏ ချစ်လှစွာသောအဒေါ် ဒေါ်နုနုခင် သည် ၁၃-၉-၂၀၁၉ ရက် နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၉-၂၀၁၉ (အင်္ဂါနေ့) ညနေ ၃း၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၉-၉-၂၀၁၉ (ကြာသပတေးနေ့) နံနက်တွင် အမှတ်(၆၅)၊ အောင်ချမ်းသာလမ်း၊ ဆ/ခ ရပ်ကွက်၊ သဃ်န်းကျွန်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဦးအောင်ကြီးသိန်း (@) Douglas. A. Monteiro
C/E CDC No-28854

### အသက်(၆၆)နှစ်

ရန်ကုန်မြို့ (၄၆)လမ်း၊ ၁၆၃/၁၆၅၊ ခြောက်လွှာနေ (ဦးငွေသိန်း-ဒေါ်ရသီ)တို့၏ သားကြီး၊ (ဦးဖိုးဆောင်း-ဒေါ်လွယ်)တို့၏ သားသမက်၊ ဦးအောင်မြတ်-ဒေါ်ခင်ငွေသိန်း (Star Kid မူကြို ၈၈ လမ်း)၊ ဦးအောင်ကျော်သိန်း-ဒေါ်ခင်ခင်ထွေး၊ Sr.ဒေါ်ရသီ (စိန့်ဂျိုးဇက်သီလရှင်ဂိုဏ်း)၊ ဒေါ်နီလာသိန်း(ကနေဒါ)၊ ဦးအေးနိုင်-ဒေါ်သီတာသိန်း(US)၊ ဦးအောင်မြင့်သိန်း-ဒေါ်ဝင်းမာတို့၏ အစ်ကိုကြီး၊ ဦးမင်းဇော်ဇော်ဟိန်း-ဒေါ်ချယ်ရီနုနုဇော်၊ ဦးနေမျိုးအောင်(1/E Cignus Marine Co.,Ltd.)-ဒေါ်မြဖြူပြာ၊ ဦးဘုန်းပြည့်ကျော် (2/O Cignus Marine Co.,Ltd.)-ဒေါ်စုစုလှိုင်တို့၏ဖခင်၊ မောင်ထက်အောင်လွင်၊ မောင်ကွန်းဇော်ဟိန်း၊ မောင်ဟိဏ်းထွဋ်ဇော်၊ မဂျေူးဖြူပြာတို့၏အဘိုး၊ ဒေါ်ဝင်းမြင့်(အထက-၅၊ ဗိုလ်တထောင်-ငြိမ်း)၏ခင်ပွန်း ဦးအောင်ကြီးသိန်းသည် ၁၄-၉-၂၀၁၉ (စနေနေ့) ညနေ ၅း၅၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၆-၉-၂၀၁၉ (တနင်္လာနေ့) နံနက် ၁၁နာရီတွင် စိန့်အန်ထော်နီဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၉-၂၀၁၉ (သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ကြေးမုံ ယနေ့ ဖတ်စရာ

ဖေ့စ်ဘွတ်
ဘယ်လိုသုံးမလဲ
ဆောင်းပါး စာမျက်နှာ » ၁၀

မြန်မာအင်တာနေရှင်နယ်
စီးရီး ၂၀၁၉
ကြက်တောင်ရိုက်ပြိုင်ပွဲ
ဗိုလ်လုပွဲနှင့်
ဆုပေးပွဲများကျင်းပ
စာမျက်နှာ » ၁၁

ဆော်ဒီရေနံချက်စက်ရုံ
နှစ်ရုံ တိုက်ခိုက်ခံရမှု
အီရန်အား
အမေရိကန် ပြစ်တင်
စာမျက်နှာ » ၁၂

အလွမ်း
ဆောင်းပါး စာမျက်နှာ » ၁၅

# ရွှေကျင်မီးမျှောပူဇော်ပွဲအား ရိုးရာအစဉ်အလာမပျက် ကျင်းပမည်

**ရွှေကျင် စက်တင်ဘာ ၁၅**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့သီတင်းကျွတ်မီးမျှောပူဇော်ပွဲကို မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ် သီတင်းကျွတ်လဆန်း ၈ ရက် (အောက်တိုဘာ ၆ ရက်)မှ သီတင်းကျွတ်လပြည့်ကျော် ၂ ရက် (အောက်တိုဘာ ၁၅ ရက်)အထိ ကုန်းပွဲ၊ ရေပွဲများဖြင့် ရိုးရာအစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာကျင်းပရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ကုန်းဘောင်ခေတ်နှောင်းပိုင်းမှစ၍ ကျင်းပလာခဲ့သော ရွှေကျင်မီးမျှောပူဇော်ပွဲသည် မြတ်စွာဘုရားအားအမှူးထား၍ တောင်သမုဒ္ဒရာ၌ကြွေးပြာသာဒ်ဖြင့် စံမြန်းနေသည့် ရှင်ဥပဂုတ္တမထေရ်မြတ်အားရည်စူးကာ ရွှေကျင်ချောင်းအတွင်း၌ ဆီမီးရောင်စုံမီးကြာခွက်များ ရေမျှောပူဇော်သည့်ပွဲတော်တစ်ခုဖြစ်ပြီး နှစ်စဉ်သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့ရောက်တိုင်း ကျင်းပလာခဲ့သည်မှာ ယခုနှစ်တွင် (၁၆၈) ကြိမ်မြောက်တိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

ရွှေကျင်သီတင်းကျွတ်မီးမျှောပူဇော်ပွဲကို နှစ်စဉ် သီတင်းကျွတ်လဆန်း ၈ ရက်နေ့ သတ်မှတ်ထားသည့်မင်္ဂလာအချိန်မှစတင်ကာ သီတင်းကျွတ်လဆန်း ၁၂ ရက်တွင် ရွှေကျင်မြို့ လေးထပ်ကျောင်းဓမ္မာရုံကြီး၌ ရှင်ဥပဂုတ္တမထေရ်မြတ်ကို အမှူးထား၍ သံဃာတော်များကို ရွှေကျင်မြို့သူမြို့သားများက နေ့ဆွမ်းဆက်ကပ်ပူဇော်ပြီး နောက်တစ်ရက်တွင် ရွှေကျင်မြို့အတွင်း၌ ရဟန္တာအရှင်မြတ်ကြီးအား လှည့်လည်အပူဇော်ခံမည် ဖြစ်သည်။

**စာမျက်နှာ ၁၁ ကော်လံ ၄ သို့ ❖**



ယမန်နှစ်က ရွှေကျင်မီးမျှောပူဇော်ပွဲ ကျင်းပနေမှုမြင်ကွင်း။

## ရှမ်းယူနိုက်တက်အသင်း ရှုံးပွဲမရှိစံချိန်ဖြင့် အမှတ်ပေးချန်ပီယံဆုဆွတ်ခူး



**တောင်ကြီး စက်တင်ဘာ ၁၅**

၂၀၁၉ ဘောလုံးရာသီ MNL အမှတ်ပေးပြိုင်ပွဲ နောက်ဆုံးရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ် (၂၂) ကို ယနေ့ညနေပိုင်းက ကျင်းပရာ ရှမ်းယူနိုက်တက်အသင်း ချန်ပီယံဆု ဆွတ်ခူးခဲ့သည်။

**တစ်ချိန်တည်း ယှဉ်ပြိုင်**

ချန်ပီယံဆုအပြင် တန်းဆင်းဇုန်အတွက်ပါ အဆုံးအဖြတ်ပွဲများ ပါဝင်နေသောကြောင့် မြန်မာနေရှင်နယ်လိဂ် ကော်မတီသည် ခြောက်ပွဲစလုံးကို တစ်ချိန်တည်း ယှဉ်ပြိုင်ကစားစေခဲ့သည်။

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့ »»**

## တိုင်းဒေသကြီးနှင့်ပြည်နယ် (U-17) အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်အား မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက် ထုတ်လွှင့်မည်

**နေပြည်တော် စက်တင်ဘာ ၁၅**

၂၀၁၉ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် (U-17)အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ စက်တင်ဘာ ၁၆ ရက် ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

အဆိုပါ ဘောလုံးပွဲစဉ်ကို မွန်းလွဲ ၂ နာရီ ၄၅ မိနစ်မှစတင်၍ မြန်မာ့ရုပ်မြင်သံကြား (MRTV) နှင့် MRTV Sports Channel တို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

ဂုဏ်ရည်ဆေးတိုက်

ဂုဏ်ရည် ® အမှတ်တံဆိပ်

ကြော်ငြာခွင့်ပြုချက်အမှတ်- တဆဆက (တနယ်ဇင်း) ၀၄၄/၀၇၁၃

ဂရင်ဂျီနာ၊ အတွင်းအပြင်လိပ်ခေါင်းရောဂါ၊ ဆီးချို၊ သွေးချိုကျဆေး၊ ဆီးကျိတ်ရောဂါ၊
အဆစ်ရောင်ကိုက်လေးဖက်နာ၊ အဆီကျဆေး၊ သွေးတိုးရောဂါ၊ ချောင်းဆိုးရင်ကျပ်၊
အသည်းရောဂါ၊ အရိုးအကြောရောဂါ၊ ဆီးရောဂါ၊ အဖျားရောဂါ၊
အကျိတ်ရောဂါအတွက် အစွမ်းထက်ဆေးများကို ပင်ရင်းလိပ်စာနှင့်
အမြို့မြို့ဆေးဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။

ဈ(၂)၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မှ အထက်ပါရောဂါများအတွက်
အစွမ်းထက်တိုင်းရင်းဆေးများရရှိနိုင်ပါသည်။

အချိန်-နံနက်(၁၀း၀၀)နာရီမှ ညနေ(၅း၀၀)နာရီအထိ (တနင်္ဂနွေနေ့ပိတ်သည်။)
ဖုန်း-၀၉ ၇၇၇၇၇ ၃၃၁၄၊ ၀၉ ၇၇၇၇၇ ၃၃၁၅၊ ၀၁ ၆၄၁၅၀၁၊ ၀၉ ၉၇၀၀၅၀၀၅၀

